www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


အတွင်းစာသားခွင့်ပြုချက် - ၁၅၂၀/၀၃ (၁၂)

မျက်နှာဖုံးခွင့်ပြုချက် - ၁၄၀/၀၄ (၂)

ထုတ်ဝေသူ - ဒေါ်နီနီတာမိုင်
(ချိုတေးသံစာပေ)
ပုလဲမြို့-၃၊ ရွှေနံ့သာတောရွာ။

အတွင်းနှင့်အဖုံးပုံနှိပ် - တာလာဝုံပုံနှိပ်တိုက်
ဦးဇော်မြင့်ဝင်း
၁၈၄ (ဘီ)၊ ၃၁ လမ်း။

မျက်နှာဖုံးပန်းချီ - ဇေတ်ပုန်းဆိုး

မျက်နှာဖုံးဒီဇိုင်း - ကျော်ဇေ (Hepta)

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်
ဧပြီလ၊ (၂၀၀၄)။

အုပ်ရေ - ၅၀၀ အုပ်


www.burmeseclassic.com

www.burmeseclassic.com

## ကြိုတင်ပြောကြားချက်

* ပို့စ်မော်ဒန်နှင့် ပတ်သက်၍ ကဏ္ဍနှစ်ခု ခွဲ၍ ရေးသားရန် ရည်ရွယ်ထားပါသည်။
* အပိုင်း (က) တွင် ကျွန်တော်နားလည်၊ ကျွန်တော်ခံယူသော ပို့စ်မော်ဒန်သဘောကို ရေးပါမည်။
* အပိုင်း (ခ) တွင် ကျွန်တော်တို့ဆီမှ ပို့စ်မော်ဒန်သဘောကို ဆောင်သော ဝတ္ထုများအကြောင်း ရေးပါမည်။ ယင်းဝတ္ထုတို့၏ အတွေးအခေါ် ဆုံချက်၊ သုံးသောနည်းဗျူဟာများ၊ မော်ဒန်၊ ပို့စ်မော်ဒန်တူညီချက်၊ ကွာခြားချက်တို့ကို ရေးပါမည်။
* လက်ခံခြင်း/လက်မခံခြင်း၊ သဘောတူခြင်း/သဘောမတူခြင်း ကိစ္စများထက် ပို၍ အရေးကြီးသည်ဟုထင်သော အယူအဆ လွတ်လပ်မှုဆီသို့သာ ကျွန်တော် ဦးတည်ပါသည်။
* ရန်သူကိုပြောရန် စကားတစ်ခွန်း၊ မိတ်ဆွေကို ပြောရန် စကားတစ်ခွန်းဟူ၍ ကျွန်တော့်ဆီမှာ စကားနှစ်ခွန်း မရှိပါ။ ကျွန်တော် စကားတစ်ခွန်းကိုသာ အစဉ် ပြောပါသည်။ ထိုစကားသည်လည်း ရိုးသားမှုဖြင့် ပြောသောစကား ဖြစ်ပါသည်။

မင်းခိုက်စိုးစန်

www.burmeseclassic.com

www.burmeseclassic.com

မင်းခိုက်စိုးစန်

# သမုဒ္ဒရာအကြောင်းဖတ်စာ

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

အခွံသဘောတို့ ဆောင်သောလောက နှင့် အနှစ်သဘောတို့ ဆောင်သောလောက ဟူ၍ လောကနှစ်ရပ် ရှိသည်ဟု ကျွန်တော်တို့ ယုံကြည်သည်။

အခွံတို့မည်သည် တစ်ခုလုံး ဆက်စပ်နေ၏။ ပုံသဏ္ဌာန်စနစ် တကျ ပေါ်နေ၏။ အရောင်အသွေးကို အတိအကျ သတ်မှတ်၍ ရ၏။ အချပ်ပြောရလျှင် စကားလုံးသတ်မှတ်ချက်တို့ဖြင့် ဆုံးဖြတ် ချက် ချရေးပြ၍ ရ၏။

အနှစ်တို့မည်သည် ဘယ်သို့ဘယ်ပုံ ဆက်စပ်နေပါသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



အတိအကျ ပြောပြ၍ မရသောအရာ ဖြစ်၏။ ပုံသဏ္ဌာန်ကိုလည်း အတိအကျ ဖော်ပြ၍ မရ။ အရောင်အသွေးကိုလည်း အတိအကျ ညွှန်း၍ မရ။ အချုပ်ပြောရလျှင် စကားလုံး သတ်မှတ်ချက်တို့ဖြင့် ဆုံးဖြတ်ချက် ချရေးပြ၍ မရသောအရာ ဖြစ်၏။ သို့သော်. . . အနှစ် ဆိုသော အရာရှိသည်မှာကား သေချာ၏။

ထို့ပြင်. . . အခွံလောကကသည်လည်း သူ့ အရှိတရား (Reality) နှင့်သူ

အနှစ်လောကသည်လည်း သူ့ အရှိတရား(Reality) နှင့်သူ. .

နှစ်ခုစလုံးကို ငြင်းမရအောင် အတိအကျ ရပ်တည်နေကြသည်မှာ သေချာပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁)

## အခွံလောတ

၁း၁။ အခွံလောတတွင် အသိ/သိမှုနှင့် ယင်း အသိ/ သိမှုကို ခံယူသော၊ ဝေဖန်သော၊ မှမ်းမံသော၊ ဆင်ခြင်သော၊ ထုတ်ဖော်သော 'အစွမ်းသတ္တိ' သဘောတို့၏ ဆက်စပ်မှုသဘောသည် လွန်စွာ အစီအစဉ်တကျ ရှိ၏။

ဥပမာ. . . ကုလားထိုင်တစ်လုံးကို မြင်လိုက်သည်ဆိုလျှင် 'ကုလား ထိုင်' ဟူသော အမှတ်သညာက ဧရာ့ဆော်သည့် 'အသိ' ဖြစ်လာ၏။ ယင်း 'အသိ'ကို ခံယူလိုက်သည်၊ နောက်. . . ဆင်ခြင်မှု၊ ဝေဖန်မှုသဘော



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာသည်။ "ဒီကုလားထိုင်ကလည်း ညစ်ပတ်နေတာပဲ"၊ "ဒီကုလားထိုင်ကလည်း အချိုးအစား မကျလိုက်တာ" စသဖြင့်. . . သည့်နောက် ဘာ့ကြောင့် ညစ်ပတ်ရသလဲ. . .။ ပိုင်ရှင်က မဆေးကြောသောကြောင့်။ ဘာ့ကြောင့် အချိုးအစား မကျရသလဲ. . .၊ လက်သမား ညံ့သောကြောင့်. . . စသည့် အသိ/သိမှုကို ခံယူခြင်း ဖြစ်စဉ်များအစီအစဉ်တကျ ဖြစ်ပေါ်လာသည်။

၁း၂။ ထို့ကြောင့် ထို အသိ/သိမှုကို ထုတ်ဖော်သောအခါတွင်လည်း အပြောစကား၊ အရေးဝါကျစသားတို့၏ ကိုယ်ထည်သည် ထို 'အစီအစဉ်ကျမှုသဘော' ဖြစ်နေရတော့၏။ အထက်က ဥပမာကိုပင် ပြန်ညွှန်းပါမည်။

ထိုကုလားထိုင်ကို မြင်ရသောအသိကို စာရေးဆရာတစ်ယောက်က ချရေးမည် ဆိုပါစို့။

("ဒီကုလားထိုင် ညစ်ပတ်နေတာ ပိုင်ရှင်က ဆေးမထားလို့ ဖြစ်မယ်")



www.burmeseclassic.com



း၃။ ထိုသို့ 'အစီအစဉ်ကျမှု' ၏ ဂုဏ်ရည်ကိုထိန်းသိမ်း လိုသူတို့က ယင်းသိမှုကို ထုတ်ဖော်ပြသရာတွင် အမြဲလိုလို ဆက်လက် အစီအစဉ်ကျနေစေခြင်းငှာ ရည်ရွယ်၍ စည်း၊ စနစ်များ၊ အလင်္ကာ၊ ဂုဏ်ဟူသော အင်္ဂါဖြတ်ချက်များထား၍ လည်းကောင်း၊ သဒ္ဒါစည်းကမ်း အထားအသိုများကို ဆုံးဖြတ်သတ်မှတ်ခြင်းဖြင့်လည်း ကောင်း၊ အနုပညာပစ္စည်းတို့၏ ပုံသဏ္ဌာန်နှင့် အတွင်းသရုပ် (Form & Content) မည်သို့မည်ပုံ စသဖြင့် ခွဲခြမ်းစိပ်ဖြာ အမည်ပေး ပြဋ္ဌာန်း ဥပဒေသထုတ်ခြင်းဖြင့် လည်းကောင်း၊ အသိ/သိမှု၏ စီးဆင်းရာ လမ်းကြောင်းနှင့်သဘော၊ သဘာဝကို ထိန်းကျောင်းကိုင်တွယ်ခြင်းဖြင့် လည်းကောင်း၊ အနုပညာပစ္စည်းမှ နေ၍ ခံစားသူဆီသို့ ကူးလူးသွားသည်။

ဥပမာအားဖြင့် ဘာ'အသိ'တွေကို အနုပညာပစ္စည်းက ပေးနေသလဲ? ဘယ်သူတွေအတွက် ပေးသလဲ? ဘယ်လို ပေးသလဲ? ဘယ်'အသိ'တွေကိုသာ ပေးသင့်တယ်။ ဘယ် 'အသိ'တွေကိုတော့ မပေးသင့်ဘူး. . . စသဖြင့် အသေအချာ ကိုက်ထိုးဆုံးဖြတ်နိုင်ရန် ကြိုးပမ်းခဲ့ကြ၏။ ဆုံးလည်း ဆုံးဖြတ်ခဲ့ကြ၏။

း၄။ ထိုသို့ ဆုံးဖြတ်ရာတွင် လက်သမားဆန်သော၊ စာတ်ခွဲခန်းဆန်သော အတိုင်းအတာများကိုပင် အသုံးပြုလ ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အနုပညာပစ္စည်း၏ သွင်ပြင်က ဘာလဲ? အနုပညာရှင်သည် သူ့စိတ်ပုံသွင်ကို ထိုအနုပညာပစ္စည်းတွင် ထင်ဟပ်စေနိုင်စွမ်း ရှိရဲ့လား? ထင်ဟပ်သည်ဆိုပါလျှင်လည်းအများ သိသာအောင် ပေါ်လွင်သောရုပ် ဖြစ်သည်အထိ ဖန်တီးနိုင်ရဲ့လား? ယင်း ပုံရိပ်ရဲ့ အမှန်တရားက ဘာလဲ? ဘယ်လောက်အထိမှန်သလဲ? ဘယ်သူတွေ အတွက် မှန်သလဲ? ဘယ်သူ့ဘက်က ရပ်တည်သလဲ?

ဥပမာ ပေးရမည် ဆိုပါက. . .

အနုပညာရှင်တစ်ယောက်က နွားတစ်ကောင်ကို ခံစား၍ အနုပညာ ပစ္စည်းတစ်ခု ဖန်းတီးသည် ဆိုပါစို့. . .။

သူရေးသော စာ၊ သူဆွဲသော ပန်းချီ၊ သူထုသော ပန်းပုသည် နွားနှင့် တူခဲ့လား? တူရင်လည်း ဘယ်လောက်အထိ တူသလဲ? ဘယ်အချက်တွေကြောင့်လဲ? ဘယ်သူတွေအတွက် ဖန်တီးထား တာလဲ? သားသတ်သမားတွေအတွက်လား? လယ်သမားအတွက် လား? မြေရှင်အတွက်လား? စသဖြင့်. . . .။

သို့ကြောင့်ပင် လက်သမားဆန်ဆန်၊ ဓာတ်ခွဲခန်းဆန်ဆန် သုံးသပ် သည်ဟု အထက်က ဆိုခဲ့ခြင်းဖြစ်ပါသည်။

ဘ။ ဤသို့ဖြင့်ပင်. . . ကြာလာသောအခါ ကျင့်သားရသွားပြီး

စိတ်ပုံသွင်သည် သိဝရီများ၊ စည်းဘောင်များ၊ အနုပညာ ရှေး



www.burmeseclassic.com

www.burmeseclassic.com



ထုံးအစဉ်အလာများ လက်အောက်သို့ (မသိမသာသော်လည်း ကောင်း၊ သိသိသာသာသော်လည်းကောင်း) ကျရောက်နေရတော့၏။

ထိုသို့ 'ကျရောက်သွားမှပင်. . . အထက်ပါစည်းမျဉ်းများ၊ သိဝရိများကို ရှန်းရင်းကန်ရင်း ဝင်တိုးမိလိုက်၊ ချဲ့ကြည့်လိုက်၊ ပြင် ဆင်လိုက်၊ စည်းဘောင်ကလည်း နောက်မှ လိုက်ချုပ်လိုက်. . . ဖြင့် အစီအစဉ်ကျ အနုပညာသမိုင်းစဉ်ဆက် ပုံစံ ပေါ် ပေါက်လာရတော့ သည်။

၁း၆။ သမိုင်းအစဉ်အဆက် အနုပညာရှင်၏ အလိုကို လိုက်၍ တဖြည်းဖြည်း ချဲ့ပေး၊ ပြင်ဆင်ပေးလာသော စည်းဘောင်များ သည်. . .

မည်မျှထိ ကျယ်အောင် ချဲ့ပေးနိုင်မည်နည်း???

(အလိုရှိခိုက်) မည်မျှမြန်မြန်ချဲ့ပေးနိုင်မည်နည်း???

၁း၇။ ။ ချွင်းချက်

အစဉ်အလာ၏ အစီအစဉ်ကျနမှုသဘောနှင့် ကျင့်သားရ အသားကျကာ ခွဲမနိုင် ခွာမရ ဖြစ်နေသူများကမူ သည်ကိစ္စကို သိပ် စဉ်းစားကြလိမ့်မည် မဟုတ်ပေ။

"အခုလည်း ကိုယ်ဖန်တီးချင်တဲ့ အနုပညာကို ကိုယ်နှစ်သက် သလို ဖန်တီးခွင့်ရှိနေတာပဲ၊ ငါတို့လည်း စည်းတွေဘောင်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ထည့်မစဉ်းစားဘဲ အနုပညာစိတ်၊ ခံစားမှုသက်သက်နဲ့ ဖန်းတီးတာပဲ"

ဟု သူတို့ ပြောလေ့ပြောထ ရှိကြသည်။ ပြောလည်း ပြောကြလိမ့်ဦးမည်။ သို့သော် သူတို့ဖန်တီးသည့် အနုပညာပစ္စည်းများကို ကြည့်လိုက်လျှင်မူ ဘောင်ကိုမကျော်ဖြစ်သည့် အရာများသာ တွေ့ရသည်။ အစဉ်အလာကို အနည်းငယ် တိုးချဲ့ထွင်ထားသည့် အရာများလောက်မျှကိုလည်း တစ်ခါတစ်ရံ တွေ့ရသည်။

သူတို့ဘာသာ လွတ်လွတ်လပ်လပ် ဖန်တီးခြင်းဖြစ်ကောင်း ဖြစ်မည်။သို့သော် သူတို့၏ အာရုံခံစားမှုသည် ဘောင်၏ ကန့်သတ်မှုနှင့် ပူးဝင်အသားကျနေကြပြီ။ သူတို့ဘာသာသူတို့ မသိလိုက်ဘဲ ဘောင်၏ ဖိးပိုးမှုကို ခံနေရပြီ။ ထိုအလေးချိန်ကို တစ်သက်လုံး ထမ်းထားရဖန်များသောအခါ လေးသည်ဟုပင် မထင်တော့။ အနည်းငယ်မျှ ထိုအလေးချိန် ပေါ့သွားလျှင်ပင် လွတ်လပ်လှပြီဟု အောက်မေ့မည်။

ကျွန်တော်တို့ကတော့ 'အနည်းငယ်မျှ' ဟူသော ပမာဏကို ထည့် မစဉ်းစား။ နယ်ကုန်တွန်း၍ စဉ်းစားကြည့်ကြပါမည်။

ဘေး။ ထပ်၍ ပြောပါဦးမည်၊ ထိုစည်းဘောင်များသည်. . .

မည်မျှထိကျယ်အောင် ချဲ့ပေးနိုင်မည်နည်း???



www.burmeseclassic.com

www.burmeseclassic.com



(အလိုရှိခိုက်) မည်မျှထိ မြန်မြန်ချဲ့ပေးနိုင်မည်နည်း???

ဘာကြောင့် 'မည်မျှထိ မြန်မြန်' ဟု ကျွန်တော်တို့ ပြောနေရသနည်း။

လောကသည် တစ်ဟုန်ထိုး ပြောင်းလဲနေ၏။

ထိုသို့ ပြောင်းလဲနေသည်နှင့်အမျှ လိုက်ဖြစ်ပျက်နေသော လောက၏ အနှစ်သာရကို အချိန်မီ သိလိုက်နိုင်ပါရဲ့လား???

၁၉။ တစ်ဟုန်ထိုး ပြောင်းလဲနေသည့် လောကထဲမှ 'ခဏ'၊ 'ခဏ'၊ ...သုံးဟူသော 'ပစ္စုပ္ပန်ခဏငယ်' တိုင်းကို အနုပညာရှင်တို့က စောင့်ကြည့်သည်။ မှတ်တမ်းတင်သည်။ ယင်း၏ အဖြစ်အပျက် အကောင်းအဆိုးသဘောကို ထုတ်ဖော်ပြသကြသည်။ သက်သေပြသည်။ ငြင်းခုန်သည်။ စွတ်စွဲသည်။

ထို 'ခဏငယ်' သည် ဘာလဲ???

အတိတ်. . . အတိတ်ဆိုသည်မှာ သိကောင်းသိခဲ့မည် ဖြစ်သော (သို့တည်းမဟုတ်) သိသလိုလို ဘာလိုလို ဖြစ်ခဲ့သော အရာ. . .။

အနာဂတ်. . . အနာဂတ်ဆိုသည်မှာ အဆုံးအစမဲ့ မသေချာသော အရာ။



www.burmeseclassic.com

www.burmeseclassic.com



ခဏာငယ်ဆိုသည်မှာ ထိုအတိတ်နှင့် အနာဂတ်ကို ဆက်သွယ်ပေးသော ကြိုးမျှင်ကလေး ဖြစ်ပေသည်။

ထို 'ခဏငယ်' 'ခဏငယ်' တိုင်းသည် ဝါကျတစ်ခုတွင် ပါဝင်သော စကားလုံး တစ်လုံးချင်းနှင့် တူ၏။ ယင်း စကားလုံး ခဏငယ်များဖြင့် သီဖွဲ့ထားသော ဝါကျသည်ကား အစဉ်အဆက် ဖြစ်ခြင်းသဘောပင် ဖြစ်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

(၂)

## အနှစ်လောက

၂၁။ အနှစ်လောကသည်ကား ပို၍ ကြီးမားကျယ်ပြန့်၏။ ပုံသဏ္ဌာန်အသွင်အပြင်များ၊ စကားလုံး ဝေါဟာရတို့၏ အဆင့်ဆင့်အထပ်ထပ် ဖွဲ့စည်းပုံများကို လုံးဝငြင်းဆိုပယ်ဖျောက်ထား၏။

လောကပရမတ္တတရားသည်သာ. . . အရာအားလုံး၌ ရှိ၏။ ထိုင်းသည်သာလျှင် ပထမဦးဆုံး အဓိကအကျဆုံး ပုံဖော်ပစ္စည်းဖြစ်၏။

- မည်သည့်နေရာတွင် လောကပရမတ္တတရားသည် ရုပ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သနည်း။

ယင်းသည် စိတ်ပုံထဲတွင် ရုပ်လုံးပေါ်သည်။ မည်သို့အားဖြင့် ပေါ်သနည်း???

စိတ်ပုံသွင်၏ ကိုယ်ပိုင်အစွမ်းသတ္တိအား၊ အကျိုးသက်ရောက်အားဖြင့် ရုပ်လုံးပေါ်သည်။

အဘယ်ကြောင့်နည်း။

"အာရုံခံစားမှု" သည် "သိမှု" ထက်ပို၍ အရင်းခံကျသောကြောင့် ဖြစ်သည်။

၂၂။ ဥပမာ. . . အရာဝတ္ထုတစ်ခု၏ သဘောကို သိသည်ဆိုပါစို့။

မည်သို့ သိသနည်း။

ကြည့်မြင်ပြီးမှ အတွေ့အကြုံအားဖြင့် ဆင်ခြင်ကြည့်၍ သိခြင်းဖြစ်သည်။

"ကြည့်ခြင်းက အရင်လာသည်။

"ကြည့်ခြင်း" ပြီးမှ "မြင်သည်" ဟူသော သဘောဖြစ်သည်။

"မြင်" ပြီးမှ "သိ" ခြင်းကိစ္စ ဆက်သည်။

၂၃။ ဤသည်ကို ဖော်ထုတ်ပြသမည်ဆိုလျှင် စကားလုံးများကို အသုံးပြုရသည်။ သည်နေရာတွင် စကားလုံးများအကြောင်း ပြောရပေတော့မည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးများသည် အားမကောင်းကြပါ။

တခြားကိစ္စများနှင့် မရောထွေးလိုပါ။ စကားလုံးများသည် ရုပ်ပစ္စည်းဖြစ်၏။ ထို အရာများကို လူက ဖန်တီးထား၏။ ယင်း ဖန်တီးချက်များကို အရာဝတ္ထုများ၊ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ဆောင်ရွက်မှုများ. . . စသည်တို့နှင့်တွဲ၍ နေရာချထားရ၏။ အနှစ်သာရက သပ်သပ်၊ ရုပ်စကားလုံးများက သပ်သပ်။ ယင်းတို့နှစ်မျိုးကို တွဲ၍နေရာချခြင်းကိုပင် စကားလုံးများကပေးသော အဓိပ္ပာယ်အဖြစ်နားလည်ရ၏။ လူကပင်လျှင် ယင်းတို့ကို တွဲ၍မှတ်မိအောင် လုပ်ထားရ၏။ အထပ်ထပ် တွေ့ကြုံမှတ်သားထားရ၏။

နောက်တစ်ဖန် လူက ထိုစကားလုံးတို့ကို မြင်သည်ဆိုပါစို့။ ထိုစကားလုံးနှင့်တွဲ၍ နေရာချထားသော ပစ္စည်း၊ သတ်မှတ်ချက်တို့ကို ပြန်ရှာထုတ်ပေး၏။ ထို ထုတ်ပေးသည့် အဖြေကို လူကပင် တွေးကြံ၏။ နောက်ဆုံးလူကပင် သူ့အတွေ့အကြုံ၊ မှတ်မိစိတ်၊ အတွေးအကြံတို့ဖြင့် စီရင်ထားသော အဓိပ္ပာယ်ယောင်ကို ထုတ်ပြန်ကြေညာလေသည်။

မှတ်သားစိတ်ထဲတွင် ထိုစကားလုံးနှင့်တွဲ၍ နေရာချထားသော ပစ္စည်း၊ သတ်မှတ်ချက် မရှိပါလျှင်မူ ထိုစကားလုံးကို မြင်သော်လည်း မြင်ကာမတ္တသာဖြစ်နေပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



၂၄။ ထိုသို့ဆိုလျှင် လောကပရမတ္တသဘောကို မည်သို့သိနိုင်မည်နည်း???

တစ်နည်းသာ ရှိသည်။

စိတ်ပုံသွင်ကို ထွင်းဖောက်၍ တိုက်ရိုက်သိနိုင်သည့်နည်းပင်။

စိတ်၏ အဖြစ်၊ အပျက်၊ အကူး၊ အပြောင်းတို့ဖြင့် ဖွဲ့စည်းသော စိတ်ပုံရိပ်၏ နောက်တွင် (လွယ်လွယ်ပြောရလျှင်) စိတ်၏နောက်တွင် ဘာအဖုံးအကာမှ မရှိ။

ထို့ကြောင့် စိတ်၏ အာရုံကို ထွင်း၍မြင်လျှင် ပရမတ္တကို မြင်ပြီဖြစ်သည်။

၂၅။ ဤ အနှစ်လောကတွင် ဘာသာစကား၏ တာဝန်သည် အထက်ကပြောခဲ့သည့် စိတ်ပုံသွင်ကို အထောက်အကူ ပြုရန်မျှသာ အသုံးဝင်တော့သည်။

"ခဏငယ်" တိုင်းတွင် ပေါ်လာသော စိတ်ပုံသွင်တို့ကို ပစ္စုပ္ပန်အချိန်၊ ပစ္စုပ္ပန်နေရာတွင် နေရာ ချထားပေးမည်။

ဤသို့အားဖြင့် ပရမတ္တ၏ ခဏသဘောကို ဖော်ပြနိုင်ရန် ဖြစ်သည်။

၂၆။ ထိုသို့ဆိုလျှင် ချရေးထားသော စကားလုံး၊ အက္ခရာ၊ ဘာသာစကား တွန့်တွန့်ကောက်ကောက်၊ ကွေးကွေးဖြောင့်ဖြောင့်များသည်ရော

ငါတို့မှ

www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ???

ယင်းတို့သည် ရုပ်ဖြစ်သည်။ နောက်တစ်ဆင့်တက်လျှင် စိတ်ပုံသွင်တို့ကို မြုပ်နှံထားသည့် သယံဇာတတွင်း၏ အမှတ်အသားများ ဖြစ်ကြသည်။

ယင်း ဘာသာစကား၊ စကားလုံးများက ထိုစိတ်ပုံသွင်များ ဘယ်ကလာသည်ဘာကြောင့်လာသည်ကို ရှင်းပြနိုင်မည် မဟုတ်။ ဘာအဓိပ္ပာယ်လဲဟုမေးလျှင်လည်း သူတို့ခမျာ ဝေဝေဝါးဝါးသာ ဖြစ်နေရှာပေလိမ့်မည်။

၂၇။ ဤအနှစ်လောကသည် ဒေါင်လိုက်သဘောကို မဆောင်၊ အလျားလိုက်သဘောကိုသာ ဆောင်၏။အဘယ်ကြောင့်ဆိုသော အာရုံခံစားမှုတို့၏ အစုအဝေးသည် အလျားလိုက် လွှမ်းခြုံပြန့်ကျယ်သော သဘော၊ အပြားသဘောဖြစ်နေသောကြောင့် ေ။

ဤလောက၏ ပစ္စုပ္ပန်နေရာတွင် စာရေးသူဟူ၍ မရှိ၊ ထိုစာကို ဘာသာပြန်ပြသူဟူ၍ မရှိ၊ အကဲဖြတ်အမှတ်ပေးသူ မရှိ၊ ဘာမှ မရှိ. . .။

ထိုသို့ဆိုလျှင် စာဖတ်သူထံသို့ ဘာတွေရောက်သွားသနည်း။

မည်သို့မည်ပုံ ရောက်သွားသနည်း???

စိတ်ပုံသွင်သည် အရောင်အဆင်းအမျိုးမျိုး၊ ကိုယ်ထည်အမျိုး



www.burmeseclassic.com

www.burmeseclassic.com



မျိုး၊ အဆင်အမျိုးမျိုး၊ အသွင်သဏ္ဌာန်အမျိုးမျိုးတို့ စုဖွဲ့ထားသည့် ခဏအစုအဝေးအဖြစ် စာဖတ်သူထံ ရောက်သွားလေသည်။

၂၈။ မည်သည့်ကိစ္စ၊ မည်သည့်ခံစားမှုသဘောတွင်မဆို စိတ်ပုံသွင်သာလျှင်အဓိကအချုပ် ဖြစ်သည်။ ယင်းသည်သာလျှင် ရှေးဦးအကျဆုံး ဖြစ်ပေါ်သောအရာဖြစ်သည်ဟု ကျွန်တော်တို့ ယုံကြည်၏။

ထို ယုံကြည်မှုအယူအဆ၏ ပင်ကိုအတွင်းသဘောသည် ညွှတ်ပျောင်းလွန်းသောကြောင့် ဥပဒေသများ၊ အမျိုးအမည် ခွဲခြားမှု၊ စည်း၊ နည်းစနစ်များ ဘာတစ်ခုမှ မရှိသော သဘောသဖွယ် ဖြစ်နေပေလိမ့်မည်။ ကိစ္စ မရှိပါ။

ကျွန်တော်တို့ နားလည်ခံယူထားသည်မှာ. . . .

လက်ရှိ ယခု "ခဏတာ" သည် ပြန်၍ ပြန်၍ အသစ် ဖြစ်ဖြစ်လာသည်။

"ခဏ" သည် သေဆုံးသည်။ နောက်. . . "ခဏသစ်" ပြန်၍ မွေးဖွားသည်။

ထပ်၍ပြောပါဦးမည်။

"ခဏ" သည် အသစ်အသစ် ပြန်၍ ဖြစ်သည်။

၂၉။ စိတ်ပုံရိပ်သာလျှင် တစ်ခုတည်းသော အခြေခံဖြစ်၏။

အမျိုးမျိုး ထွေပြားနေခြင်းကလည်း စိတ်ပုံသွင်များသာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

ထို့ကြောင့်. . . အချိန်အမျိုးမျိုး၊ အကာန့်အသတ်အမျိုးမျိုး ထွေပြားနေရခြင်းသည် အဆက်အစပ်သဘောကို မဆောင်။

Time & Space ဟူ၍ မရှိ။

ယင်း Time & Space နှစ်ခုစလုံးသည် အဆုံးအစမဲ့သော ပစ္စုပ္ပန်ထဲတွင်သာ ပျော်ဝင်လျက်ရှိကြ၏။ တဖန် ပြန်ကြည့်လျှင်. . . ယင်းပစ္စုပ္ပန်သည်လည်း စိတ်ပုံသွင်၏ ပစ္စုပ္ပန်ပင်ဖြစ်၏။

ထို့ကြောင့် အစဉ်အဆက်သဘောဟူ၍ မရှိ၊ ပဋိပက္ခနှင့် ဆင့်ကဲ ဖြစ်စဉ်ဟူ၍ မရှိ။ စိတ်ပုံသွင်နှင့်စကားလုံးများ (တစ်နည်းအားဖြင့်) အဓိပ္ပာယ်ကိုတင်ဆောင်သော အမှုန်များအချင်းချင်း အစီအစဉ်တကျ မဟုတ်ဘဲ၊ ပူးလိုက်၊ ခွာလိုက်၊ တိုက်လိုက်၊ ထိလိုက် ဖြစ်နေသော သဘောသာ ရှိပေသည်။

၂၁၀။ အာရုံခံစားမှုသည် အရာရာ၌ တည်ရှိ၏။

ယင်း အာရုံခံစားမှုသည် အက်တမ်သဘောတွင် ရှိ၏။

ထို့ကြောင့် တစ်ခုတည်းသော စိတ်ပုံသွင်ထက် ပို၍ ကြီးမားသော ပေါင်းစပ်ဖွဲ့စည်းမှုမျိုး မဖြစ်၊ ဖြစ်မလာနိုင်၊ မရှိနိုင်။

ပစ္စက္ခ ခဏငယ်တည်းဟူသော တစ်ချိန်. . . တစ်ချိန်တိုင်းတွင် စိတ် တစ်ခုသာ ဖြစ်၏။ စိတ်ပုံသွင်အက်တမ် တစ်ခုတည်းသာ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတည်းသော အနေအထား. . .

တစ်ကိုယ်တည်းသော ပုဂ္ဂလိက. . .

၂း၁၁။ ဤလောကသည်လည်း အဟုန်မပြတ် ပြောင်းနေ၏။ ဥပမာပေးရလျှင် ပန်းစကြာ၊ မှန်ပြောင်းလည်သလို ပြောင်းနေ၏။ စက်ဝိုင်းတစ်ပတ်၊ တစ်ပတ် အပြည့်လည်၏။

တစ်ပတ်တိုင်း တစ်ပတ်တိုင်း၌. . .

အရာဝတ္ထုအဟောင်းတို့သည် အသစ် အသစ်သော ပြင်းထန်တောက်ပ သက်ဝင်သော သဏ္ဍာန်များကို မွေးဖွားပေး၏။

(ပန်းစကြာ မှန်ပြောင်းထဲတွင်ရှိသော ရောင်စုံစက္ကူ စသည် နဂိုရှိနေသလောက် ရှိနေမြဲ ဖြစ်သည်။ အသစ် ထပ်မထည့်၊ အထဲမှ ထုတ်လျှော့မပစ်။ သို့သော် ပန်းစကြာမှန်ပြောင်းကို လှည့်လိုက်တိုင်း၊ လှည့်လိုက်တိုင်း ပေါ်လာသည့် ပုံရိပ်များကမူ အသစ်အသစ်များ ဖြစ်ကြ၏)

ဤသို့ဖြင့် အပတ်တိုင်း အပတ်တိုင်းတွင် အဆန်းတကြယ်တို့ကို တွေ့မြင်ရလေသည်။

၂း၁၂။ အသစ်များသည် ပစ္စုပ္ပန်ကို ရောက်လာကြပြီ။ ပစ္စုပန်ဖြစ်၍ နေကြပြီ။ ထို ခဏငယ်အပြီးတွင်ဖြစ်သော အသစ်သည်လည်း ပြီးလျှင် ပစ္စုပန်ခဏငယ်ဘဝသို့ ရောက်လာပေဦးတော့မည်။

ငါတို့မှ

www.burmeseclassic.com

www.burmeseclassic.com



(၃)

ကျွန်တော်တို့သည် ထို အခွံလောကနှင့် အနှစ်လောကတို့ နှစ်ရပ်၏ စစ်ပွဲကြားတွင် ရှင်သန်နေထိုင်နေကြရပါသည်။

* * *

ဆုတ်ဝေတယ် ___

www.burmeseclassic.com

www.burmeseclassic.com

## ၁ (ဣ)

ပို့စ်မော်ဒန်ဝတ္ထုဆိုသည်မှာ ဘာလဲဆိုတဲ့ မေးခွန်းကို အလွယ်ကူဆုံးနဲ့ အပေါ်ယံအကျဆုံး ဖြေရမယ်ဆိုရင် သရုပ်မှန်ဝါဒရဲ့ သဘော၊ မော်ဒန်ဝါဒရဲ့ သဘော၊ ပဥ္စလက် သရုပ်မှန်ဝါဒရဲ့ သဘော စတဲ့ စတဲ့ သဘောတွေကို လွှမ်းခြုံရောနှောထားတဲ့ ဝတ္ထုအမျိုးအစားလို့ပဲ ပြောရပါလိမ့်မယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၁ (ခ)

နောက်ထပ်တစ်ဆင့် တက်ကြည့်မယ်ဆိုရင် ဘာဖြစ်လို့ အဲဒီလို အမြင်တွေ/သဘောတွေ ရောနှောနေရသလဲ? လို့ မေးရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပို့စ်မော်ဒန်ဝတ္ထုတွေရဲ့ "မိမိစိတ်ကို အပြင်မှာ ခွာ၍ကြည့်ခြင်း"ဆိုတဲ့ အမြင်အကြောင်းကို ထည့်ပြောရပါတော့တယ်။

မော်ဒန်ဝတ္ထုတွေမှာ ကိုယ့်စိတ်ရဲ့ အတွင်းပိုင်းထဲ နက်နက်ရှိုင်းရှိုင်း တိုးဝင်တယ်၊ စိတ်ကိုဖမ်းယူတင်ပြတယ်ဆိုတာ ရှေ့မှာ ပြောခဲ့ပြီးပါပြီ။ ပို့စ်မော်ဒန်မှာတော့ ကိုယ့်စိတ်ထဲ ကိုချည်းပဲ ပြန်လှည့်လှိုးဝင်မသွားတော့ဘဲ ကိုယ့်စိတ်ကို တခြားလူ တစ်ယောက်က မြင်ရသလိုမျိုး ပြန်ခွာပြီး ကြည့်တာပါ။

ဆက်ဝေတယ် ———

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ အခင်းအကျင်းတစ်ခုမှာ (၁) လူတစ်ယောက်ရယ်၊ (၂) သူ့ပတ်ဝန်းကျင်ရယ်ဆိုပြီး နှစ်ပိုင်း အမြဲတမ်းရှိပါတယ်။ (သူ့ပတ်ဝန်းကျင်ဆိုတဲ့နေရာမှာ အဲဒီလူနဲ့ ဆက်ဆံ/စကားပြော/ပြုမူနေတဲ့ အခြားသော လူ သို့မဟုတ်၊ သတ္တဝါ သို့မဟုတ်၊ အရာဝတ္ထု အားလုံး ပါတာပေါ့လေ) ဒါကို ဖော်ပြတော့မယ်ဆိုရင် (၁) လူဟာ အရေးပါဦးဆောင်သူနေရာကိုယူထားပါတယ်။ (Subject) (၂) ပတ်ဝန်းကျင်-ဟာ အပြုခံနေရာကို ယူထားပါတယ် (Object) ။

ဥပမာ - ကျွန်တော်ဟာ လက်ဖက်ရည်ဆိုင်မှာ မောင်လှနဲ့ စကားပြောနေတယ်ဆိုရင် ကျွန်တော်ဟာ Subject နေရာကို ယူထားပြီး မောင်လှနဲ့ လက်ဖက်ရည်ဆိုင်ဝန်းကျင် တစ်ရပ်လုံးဟာ Object ဖြစ်နေပါတယ်။

အဲဒီလို ဖြစ်နေတဲ့နေရာမှာ ကျွန်တော်ရဲ့ စိတ်ခံစားမှု၊ ကျွန်တော်ရဲ့ လက် ဖက်ရည်ဆိုင် အခင်းအကျင်းကို မြင်တဲ့အမြင်၊ ကျွန်တော်က မောင်လှအပေါ် မြင်တဲ့အမြင်တွေကိုချည်း တင်ပြသွားမယ်ဆိုရင် တောက်လျှောက် ကျွန်တော်ကချည်းပဲ Subject ဖြစ်နေပါတယ်။ ကျွန်တော်ရဲ့ စိတ်ခံစားချက်တွေကချည်းပဲ ဦးဆောင်လွှမ်းမိုးနေပါမယ်။

အဲဒီလို တင်ပြလာနေရင်းကမှ တစ်ချက်တစ်ချက်မှာ သီးခြား



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပွားတစ်ခု နေရာကနေ ကျွန်တော်ကိုယ်ကို ကျွန်တော် ပြန်ကြည့်လိုက်မယ်ဆိုရင် မင်းခိုက်စိုးစန်ဆိုတဲ့ကောင်ဟာ (အကြည့်ခံပစ္စည်း၊ အပြုခံပစ္စည်း) Object နေရာကို ရောက်သွားပါမယ်။ အဲဒီ ခွာကြည့်လိုက်တဲ့ စိတ်ဟာလည်း ကျွန်တော်တို့ရဲ့စိတ်ပဲဖြစ်တဲ့အတွက် ခဏနေတော့ မူရင်းနေရာကို ပြန်ရောက်သွားပြီး Subject အဖြစ်နဲ့ ပြန်ခံစားပါတော့တယ်။

ဆိုလိုတာက အဲဒီလိုမျိုး ကိုယ့်ကိုကိုယ် Subject အဖြစ်ကနေ ခံစားပြီး ပတ်ဝန်းကျင်ကို ဆက်ဆံရာကရတဲ့ အာရုံ၊ နောက် ဖျပ်ခနဲ 'ကိုယ်' ဆိုတာ မရှိတော့ဘဲ 'ငါ Subject 'ဆိုတာမရှိတော့ဘဲ သီးခြားနေရာက လှမ်းကြည့်လိုက်တဲ့အခါ မင်းခိုက်စိုးစန်ဆိုတဲ့ လူတစ်ယောက်၊ မောင်လှဆိုတဲ့ လူတစ်ယောက်၊ လက်ဖက်ရည်ကရားဆိုတဲ့ ရုပ်ပစ္စည်းတစ်ခု စတဲ့ (ကိုယ်အပါအဝင်) အားလုံးကို တန်းတူရောနှောထားတဲ့ Object တွေအဖြစ် မြင်ရ၊ ခံစားရတဲ့ အာရုံ၊

အဲဒီအာရုံနှစ်ခုကို ရောနှောထားတာပါ။

(ကိုယ်ဟာ 'အပြုခံဘဝ' နဲ့ လောကကြီးထဲ ရောပါမျောလိုက်နေရပါလားဆိုတဲ့ အာရုံနဲ့ လူပီသတဲ့အဖြစ်ကို ဖန်တီးသူ၊ ဦးဆောင်သူအဖြစ်ကို ထူထောင်ချင်တဲ့ လွတ်လပ်စိတ်အာရုံတို့ ရောနေတာလို့ ပြောရင်လည်း ရပါတယ်)

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၁ (င) ထွေပြားသော လောက

အပြင်အပရှိ ရုပ်ကောင်များ သက်ဝင်လှုပ်ရှားနေခြင်း၊ အဖြစ်အပျက်များ သဘောတရား အတွေးအခေါ် အတွေ့အကြုံများ တရစပ် ပေါက်ဖွားနေခြင်းတို့ဖြင့် ပြည့်နှက်လျက်ရှိသော လောကကို "ပကတိလောက"ဟု ကျွန်တော် ခေါ်ဝေါ်သုံးစွဲပါမည်။ ထို ပကတိလောကတွင် အမည်သညာအားဖြင့် မောင်ဘ၊ မောင်လှ၊ မမြ စသဖြင့် ပါဝင်မည်။ ထိုသူတို့၏ အမည်ပညတ်နှင့်တကွ ဖြစ်သော လှုပ်ရှားလုပ်ကိုင်မှုနှင့် အကျိုးရလဒ်များဖြင့် တည်ဆောက်သည့် အတွေးအခေါ် သဘောများ ပါဝင်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမည်ပညတ် သူ(လူ) တို့က အသီးသီးဖော်ဆောင်နေကြသော အမှန်တရားများ ပါဝင်မည်။ ယင်းအချက်အလက်အားလုံး သည်ပင်လျှင် ထိုလောက၏ သတ္တဝါလောက အချင်းအရာများ Ontology ဖြစ်ကြသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ပကတိလောက ၏ Ontology ဖြစ်သည်။

ယင်းအဖြစ်အပျက် အတွေးအခေါ်၊ စံ အမှန်တရားပညတ် အားလုံးတို့ကို အနုပညာရှင်က တွေ့ရ၊ မြင်ရ၊ သိရ၊ ခံစားရသည်။ ခံစားရုံဖြင့် မရပ်တန့်။ သူ၏ လောကအမြင်ဖြင့် ဆင်ခြင်၏။ ထပ်ခံစား၏၊ အသိအမှတ်ပြု၏။

သာမန်အားဖြင့် ပြင်ပ ပကတိလောကတွင် ဆင်းရဲနွမ်းပါးသော ကျောင်းသားအရွယ် ကလေးတစ်ဦး ရေခဲရေရောင်းနေသည်ကို မြင်ရသည်။အနုပညာရှင်က ခံစားရသည်။ထို့ကြောင့် ထိုကလေး၏ ဆင်းရဲနွမ်းပါးပုံ၊ နေပူကြဲကြဲအောက် ဘယ်လိုပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားရပုံ၊ သနားစရာကောင်းပုံကို ထိုပကတိလောကထဲကအတိုင်း ဝတ္ထုရေးဖွဲ့လိုက်သည် ဆိုသည့် ကိစ္စမျိုးလောက်ကို ပို့စ်မော်ဒန်သမားတို့က ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောမနေကြတော့ပေ။ သူတို့အလေးထားသည့်ကိစ္စမှာ ပကတိလောကတွင် မြင်ရသော အခြင်းအရာကို ယူ၍ သူတို့ဘာသာ ဆင်ခြင်၊ ခံစား၊ သိမြင်လိုက်ရ ခြင်းကိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ပကတိလောက၏ စံနှုန်းအတိုင်း၊ ပညတ်ချက်အတိုင်း၊ အဖြစ်အပျက်အတိုင်း ပုံတူမယူတော့ (အလေးအနက် ထပ်ပြောပါမည်. . . ပုံတူမယူတော့) အနုပညာသမား၏ ရင်မှဖြစ်သော အာရုံလွန်သောကြောင်း၊ ကျိုးကြောင်းလွန်သဘောတို့ဖြင့် ထိုအဖြစ်အပျက်၏ ဝိညာဉ်ကို လှမ်း၍ ခြုံငုံစုပ်သွင်းလိုက်သည်။ ထိုအခါ အနုပညာရှင်၏ ရင်တွင်း သီးခြားလောကသစ် တစ်ရပ် ဖြစ်ပေါ်သည်။

ထို (ပကတိလောကကို ပုံတူမကူးထားသော အနုပညာရှင်၏ အာရုံဖြင့် လွှမ်းခြုံထားသော၊ အနုပညာရှင် ရင်တွင်း၌သာ သီးခြားဖြစ်ပေါ်သော) လောကကို အာရုံလောကဟု အမည်ပေးပါမည်။

ပကတိလောက၏ အမှန်တရား သတ်မှတ်ချက်၊ ပညတ်၊ စံနှုန်းစံထားများသည် မည်သည့်နည်းနှင့်မျှ မတူညီနိုင်ပါ။ အဘယ်ကြောင့် မတူညီရသနည်းဆိုလျှင် ပကတိလောက၏ ကြီးနိုင်ငယ်ညှင်းသဘော၊ သာရာစားသဘော စသည်တို့နှင့် ရောပြွန်းနေသည့် အမှန်တရား၊ သတ်မှတ်ချက်တို့ကို အနုပညာရှင်က မယုံကြည်၊ မနှစ်လို၍ ငြင်းပယ်ထားပြီး ဖြစ်သောကြောင့်ပင်၊ စင်စစ် ငြင်းပယ်ရုံမျှမက (ထိုသတ်မှတ်ချက် ထိုအမှန်တရားများကို ယုံကြည်ရန်ထက်) မိမိ၏ အာရုံလွန် (Supersensuous ) နှင့် ကျိုးကြောင်းလွန်း (Superrational) သဘောတို့ကို ပိုမိုယုံကြည်ပြီး မိမိလောက မိမိစံနှုန်းနှင့် အမှန်တရား



www.burmeseclassic.com

www.burmeseclassic.com



တို့ကို တည်ဆောက်ထားခြင်း ကြောင့်ပင်။

ထို့ကြောင့် (ပကတိ) လောကချင်းရာများနှင့် အနုပညာရှင်၏ (အာရုံ) လောကချင်းရာများ တစ်ခုနှစ်တစ်ခု မတူတော့၊ ဆန့်ကျင်ကွဲလွဲလာသည်။ အချင်းချင်း တင်းမာမှု ဖြစ်လာသည်။ ထိုတင်းမာမှုကို Ontological Tension ဟု ခေါ်ပါသည်။ (*)

နောက်တစ်ဖန် ထို လောကအချင်းအရာ နှစ်ရပ်တို့သည် တစ်ချက် တစ်ချက်တွင် ပေါင်းစည်းသွားလိုက်၊ နောက် ဘယ်လိုမှ ညှိနှိုင်းမရဟန်ဖြင့် ကွဲကွာသွားလိုက်၊ တစ်ဖန် ပြန်လည်ပေါင်းစည်းလိုက်ဖြင့် ဖြစ်နေတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အနုပညာရှင်သည် လည်းကောင်း၊ အနုပညာပစ္စည်းကို ကြည့်ရှုခံစားသူသည် လည်းကောင်း၊ ပကတိလောကထဲတွင် နေထိုင်နေကြရသည်။ ပကတိလောက၏ အချင်းအရာများကို ဒိဋ္ဌတွေ့နေရသည် ဖြစ်ရာ (အာရုံနှင့်ပကတိ) သဘောနှစ်ရပ်ကို ဆွဲယူဆက်စပ်ခြင်း၊ အတူယှဉ်တွဲခြင်း၊ ပေါင်းစည်းခြင်းတို့ကို ပြုလုပ်မိသည်။ မရသောအခါ ပြန်ကွာသွားလိုက်၊တစ်ဖန် ပြန်ယူပေါင်းစည်းလိုက်ဖြင့် ဖြစ်နေတတ်သည်။ ယင်းကို Ontological hesitation - (သို့မဟုတ်) Ontologiacl Oscillatio ဟု ခေါ်သည်။ (*)

(အထက်က (*) ခရေပွင့် အမှတ်အသား ပြခဲ့သော ခေါ်ဝေါ်



www.burmeseclassic.com

www.burmeseclassic.com



ချက်၊ ဖွင့်ဆိုချက်၊ သတ်မှတ်ချက်တို့သည် နောက်ပိုင်းတွင် တစ်လျှောက်လုံး ကြိမ်ဖန်တလဲလဲ ပြန်လည်ညွှန်းရ ကိုးကားရမည် အချက်အလက်များ ဖြစ်ပါသည်)

ထို့ပြင် အာရုံလောကဟု ဆိုရာတွင်လည်း ပကတိလောကတွင် အမှန်တကယ် တည်ရှိနေထိုင်ကြသော ပုဂ္ဂလဓိဋ္ဌာန်တစ်ခုချင်းနှင့် လိုက်၍ များစွာ ရှိသေးသည်။ ယင်းတို့သည် Ontology ဆိုင်ရာ ထွေပြားကွဲလွဲမှုတို့၏ နယ်မြေအတွင်း ပါဝင်ဖွဲ့စည်းနေကြ၏။ ထို ကွဲပြားမှုတို့ ရောယှက်ပူးနှောပါဝင်နေသည့် နယ်ပယ်/အာရုံလောက ကို Heterocosm ဟု ခေါ်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၁ (ဃ) စံသွေခြင်း Foregrounding

ပို့စ်မော်ဒန် အနုပညာနှင့် ပတ်သက်လာလျှင် (မသိမဖြစ်) သိထားသင့်သည့် အချက်တစ်ချက်မှာ စံသွေခြင်း (Foregrounding) ပင် ဖြစ်ပါသည်။ မူလအားဖြင့် ယင်း ဝေါဟာရသည် ချက် (Czech) အခေါ်အဝေါ် aktualisace ကို ပြန်ဆိုထားခြင်းဖြစ်ပြီး သုံးစွဲသော အနုပညာ ပြပစ္စည်း Medium များကို ရောနှောခြင်း၊ ဖောက်လွဲဖောက်ပြန်ဖြစ်အောင် ပြုလုပ်၍ပြခြင်း၊အလိုအလျောက် ခံစားစိတ်တုံ့ပြန်မှုကို ဆန့်ကျင်ဝင်ရောက် စွတ်ဖက်ခြင်းတို့ဖြင့် ဖော်ပြသော အနုပညာ ဖန်တီးမှုများအတွက် သုံးသည်၊ အလေးအနက် ပြုခြင်းဆိုသည့် သဘောပါ တစ်ပါတည်း ပါဝင်ပြီးသား ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စာပေနယ်တွင် ယင်းစံသွေမှုကို ဘာသာဗေဒဆိုင်ရာ ချိုး ဖောက် လွဲဖယ်မှုများအဖြစ်နှင့် တွေ့ရ၏။ ဆိုလိုသည်မှာ ယခင်က တည်းက အများသဘောတူလက်ခံပြီးသား အဓိပ္ပာယ် သတ် မှတ်ချက်များနှင့် ယင်းတို့၏ ကောင်းခြင်း ဂုဏ်သတ္တိ၊ ဆိုးခြင်းဂုဏ် သတ္တိတို့ကို လွဲဖယ်၍ပြသည်။ ကမောက်ကမဖြစ်အောင် လုပ်၍ ပြသည်။ သီးခြားဂုဏ်သတ္တိ ဖြစ်ပေါ်လာစေသည်။

ဥပမာ- (၁) သူ့ခန္ဓာကို စောင်တ ဖုံးမထားတော့ချေ။ သူ၏ အနက်ရောင်ဝတ်စုံဖြင့် မိစ္ဆာဆန်ဆန် ကြည့်ကောင်းနေသည်။

(တာရာမင်းဝေ၊ လက်သည်းဖျောက်လို့ လိုက်ရှာနေတဲ့ကြောင်) သရဖူမဂ္ဂဇင်း၊ အမှတ် (၁၀)

အများက သဘောတူလက်ခံထားသည်မှာ မိစ္ဆာဆိုလျှင် ရွံစရာ ကောင်းသည်။ ကြောက်စရာ၊ မနှစ်မြို့စရာ ကောင်းသည်ဟူသော သတ်မှတ်ချက် ဖြစ်၏။ သို့သော် သည်နေရာတွင် စာရေးဆရာက ကြည့်ကောင်းသည်ဟု ဆိုလိုက်သည်။ယခင်က သတ်မှတ်ထားသော ဂုဏ်သတ္တိကို အဆိုးမှ အကောင်း အဖြစ်သို့ ဆွဲယူသွေဖယ်ပြလိုက် ခြင်း (သို့မဟုတ်) သီးခြားဂုဏ်သတ္တိတစ်ခု ဖြစ်ပေါ်လာစေခြင်းပင် ဖြစ်သည်။

ထိုမျှမက ရှိနှင့်ပြီးသော ဝေါဟာရ အဓိပ္ပာယ်တို့၏ဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ကိုလည်း တစ်မျိုးတစ်မည်ဖြစ်အောင် သွေဖည်ပြတတ်ကြ၏။

ဥပမာ(၂) - အဆင်မပြေမှုတွေနဲ့ အဆင်ပြေလို့ မရေရာမှုတွေနဲ့ရေရာလို့ လျှောက်လှမ်းရပ်တန့်နေမိခဲ့။

(ကိုမြိုး၊ ကောင်းကင်ပေါ်က တိမ်တစ်ဆုပ်)

သရုပ်ဖမဂ္ဂဇင်း အမှတ် (၃၀)

အဆင်မပြေမှုဆိုသော စကားရပ်နှင့် အဆင်ပြေဟူသော စကားရပ်နှစ်ခုကြားတွင် လည်းကောင်း၊ မရေရာမှု ဆိုသော စကားရပ်နှင့် ရေရာဟူသော စကားနှစ်ရပ်ကို ကြားတွင်လည်းကောင်း၊ လျှောက် လှမ်းဆိုသော စကားရပ်နှင့် ရပ်တန့်ဟူသော စကားရပ်နှစ်ခုကြားတွင် လည်းကောင်း မည်သည့် ဆက်စပ်မှုမှ မရှိ။ တစ်ခုနှင့်တစ်ခုဆန့်ကျင်နေကြသည်။ ချေဖျက်နေကြသည်။ အဆင်ပြေသည်ဆိုပါလျှင် ထိုနေရာတွင် အဆင်မပြေစရာ ဘာတစ်ခုမှ ရှိမနေရ။ လျှောက်လှမ်းနေခြင်းသည်သာ အမှန်ဆိုပါလျှင် ရပ်တန့်သည်ဆိုသည့် ကိစ္စသည် ဘာအဓိပ္ပာယ်မှ မရှိ။ ထိုစကားလုံး ပါလာစရာအကြောင်းမရှိ။ ရပ်တန့်ခြင်းက အမှန်ဆိုလျှင် လျှောက်လှမ်းသည်ဆိုသည့် ကိစ္စကို ထိုနေရာတွင် ထည့်ရေးပြ၍ မဖြစ်၊ အလိုလို ပျက်ပြယ်သွား ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ထိုစကားရပ်များ၏ကြားတွင် ဆက်သွယ်ချက် မရှိသောကြောင့် ဖြစ်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ ဝတ္ထုတွင်မှ စာရေးသူ ကိုဖြိုးက ယင်းသို့ ဆက်သွယ်ချက် မရှိသည့် စကားရပ်များ ကို တိုက်ရိုက် ဆက်စပ် သုံးစွဲထားသည်ကို တွေ့ရ၏။ ယင်းသည် ပင်လျှင် နဂိုအများလက်ခံထားပြီး ဖြစ်သော (အလျားလိုက် ဆက်စပ်မှု၊ ဒေါင်လိုက် ဆက်စပ်မှု) ဘာသာဗေဒ၊ စည်း၊ စံနှုန်းတို့ကို ကမောက်ကမ ဖြစ်အောင် သွေဖည်လိုက်ခြင်း၊ သီးခြား ဂုဏ်သတ္တိ လက္ခဏာတစ်ရပ် ဖြစ်ပေါ်လာစေရန် စံသွေလိုက်ခြင်းပင် ဖြစ်သည်။

(ဒေါင်လိုက် ဆက်စပ်မှု (Paradigmatic) သဘောနှင့် . အလျားလိုက် ဆက်စပ်မှု (Syntagmatic) သဘောတို့ကို ဘာသာ ဗေဒဆိုင်ရာ စာအုပ်စာတမ်းများတွင် လေ့လာနိုင်သည် ဖြစ်သော ကြောင့် ဤနေရာတွင် အကျယ်တဝင့် မရေးတော့ပါ)

နောက်တစ်ချက် သုံးစွဲသော အနုပညာပြပစ္စည်း (Medium) များနှင့်ပတ်သက်၍ ပြောရမည်ဆိုလျှင်လည်း ပြောစရာ အတော်များ များ ရှိပါသည်။ ပန်းချီလား၊ ပန်းပုလား၊ စကားလုံးစာသားတွေလား၊ ပုံဖော်မှုတွေလား၊ စသဖြင့် စသဖြင့် မတူညီသော အနုပညာပြ ပစ္စည်း၊ အနုပညာပြအမျိုးအမည်တို့၏ ဂုဏ်ရည်အမျိုးမျိုးကို ရော နှောသုံးစွဲကြသည်။ တစ်ခုချင်းစီ၏ ဂုဏ်ရည်ကို ချိုးဖျက်ပြကြသည်။ တစ်ခုနှင့်တစ်ခု ကြားတွင် ခြားထားသော နယ်နိမိတ်စည်းများကို

ငါတို့မှ

www.burmeseclassic.com

www.burmeseclassic.com



ကျော်လွှားလိုက်ကြသည်။

ဒါကတော့ ကဗျာပဲ၊ ဒါကတော့ ပန်းချီပဲ၊ ဒါကတော့ ဝတ္ထုပဲဟု တစ်ခုချင်းစီ၏ အင်္ဂါရပ်များကို ဘောင်ချတိုင်းတာပြ၍ မရတော့။ အားလုံး ကျိုးပျက်ကုန်ကြပြီ။ နဂိုမူလ ရှိနှင့်ပြီးသား (ဝတ္ထုဆိုလျှင် မည်သို့၊ ကဗျာဆိုလျှင် မည်သို့စသဖြင့် သတ်မှတ်ထားကြသော အများ နားလည်လက်ခံထားကြသော) စံများကို ပို့စ်မော်ဒန်သမား တို့က သွေဖည်လိုက်ကြပြီ။ သတ်မှတ်ချက်များ အားလုံးကို ဖျက်ပစ် လိုက်ပြီ။

ထိုသို့ အနုပညာပြ နည်းနာ/ပစ္စည်း/ပုံသဏ္ဌာန် Medium များ၏ စံကို သွေဖည်ခြင်းနှင့် ပတ်သက်၍ ဥပမာအားဖြင့် ဝါနီပြာ မဂ္ဂဇင်းပါ ဇော်ဇော်အောင်၏ ငယ်ချစ်နာမည် မနှင်းဆီ အမည်ရှိ ဝတ္ထုနှင့် သရဖူမဂ္ဂဇင်း၊ အမှတ် (၃၀) ပါ ငြိမ်းအေးအိမ်၏ အသံ၊ သင်္ကေတနှင့် တပ်ဆင်ထားသော အလင်း (သို့မဟုတ်) တစ်စုံတစ်ရာ အမည်ရှိ ဝတ္ထုတို့ကို ညွှန်းပါမည်။

ဥပမာ (၃)

(က) ငယ်ချစ်နာမည် မနှင်းဆီ/ဇော်ဇော်အောင်/ဝါနီပြာ

(ခ) အသံ၊ သင်္ကေတနှင့် တပ်ဆင်ထားသော အလင်း (သို့မဟုတ်) တစ်စုံတစ်ရာ/ငြိမ်းအေးအိမ်/သရဖူ (၃၀)



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ (၃/က) အဖြစ် ပြထားသော ဝတ္ထုတွင် စာသား၊ စကားလုံးဘာမှမပါ၊ အဝါရောင်ဖဲကြိုး အပိုင်းအစတစ်ခုသာ ပါပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ယခင်က အစဉ်အဆက်သုံးခဲ့သော "(ဝတ္ထုကို) စာသား/စကားလုံး/ဘာသာစကားတို့ဖြင့် ဖွဲ့စည်းခြင်း" ဟူသည့် Medium ကို သွေဖယ်လိုက်ခြင်းပင် ဖြစ်ပါသည်။ (သဘောအကျယ်ကို သည်နေရာတွင် မရှင်းသာသဖြင့် ချန်လှပ်ခဲ့ပါသည်)

ဥပမာ (၃/ခ)အဖြစ် ပြထားသော ဝတ္ထုတိုတွင် ကဗျာလည်းပါသည်။ ဂီတသင်္ကေတများလည်း ပါသည်။ Installation တစ်ခုကို (တိုက်ရိုက်အားဖြင့်) ဓာတ်ပုံရိုက်၍ ထည့်ပြထားသော ပုံတစ်ခုပါသည်။ ယင်းတို့ အားလုံးသည်ပင် ဝတ္ထုကို ဖွဲ့စည်းထားသည့် ဝတ္ထုကိုယ်ထည်များ ဖြစ်ကြ၏ (ဝါ) ဝတ္ထုဟု ခေါ်မည်ဆိုလျှင် ခေါ်၍ရသော အနုပညာပစ္စည်း တစ်စုံတစ်ရာကို ပိုင်းခန်းဖွဲ့စည်းပေးထားသော အခြားအနုပညာပြပစ္စည်း၊ ပုံသဏ္ဌာန်၊ နည်းနာများ ဖြစ်ကြ၏။ ဤနေရာတွင် ပြောစရာတစ်ချက် ရှိလာပြန်ပါသည်။ ဝတ္ထုထဲတွင် အခြားသူများ၏ စာသားများကို ကူးယူထည့်သွင်း ဖော်ပြခြင်းနှင့် ပတ်သက်ပါသည်။ ငြိမ်အေးအိမ်၏ ဝတ္ထုထဲတွင် ကဗျာသည်လည်း အခြားသူတစ်ယောက်၏ ကဗျာကို ကူးထည့်ထားခြင်းဖြစ်ပြီး၊ ဂီတ



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်သည်လည်း အခြားတစ်ယောက်ဖန်တီးထားသော သံစဉ်ဖြစ်ပါသည်။ ယင်းတို့ကို မိမိ၏ ဝတ္ထုထဲတွင် ကူးထည့်ထားခြင်း ဖြစ်၏။ ယင်းကို Pastiche ဟု ခေါ်ပါသည်။

ဘာကြောင့် စံသွေခြင်း Foregrounding ကို သည်လောက်အထိ အလေးအနက်ထားနေရသနည်း???

အဖြေရှိပါသည်။

ရှေ့တွင် ဖော်ပြခဲ့ပြီးသော (ပို့စ်မော်ဒန်တို့၏ ထွေပြားသော လောက Heterocosm များ ပကတိလောက၊ အာရုံလောကများ၊ အခွဲလောက၊ အနှစ်လောကများ စသည့်) အမျိုးမျိုး အထွေထွေ လောကအချင်းအရာတို့ကို လောကအရှိ ရှုခင်း Ontological Land-scape) ဟု ခေါ်ပါသည်။

ထို "လောကအရှိရှုခင်း" ၏ အထွေထွေအပြားပြား၊ အမျိုးမျိုး အစားစား စုံလင်ရှုပ်ထွေးမှုတို့ကို ပို့စ်မော်ဒန်သမားတို့က ဖော်ပြရာတွင် ထိုလောကအချင်းအရာတို့၏ ကွဲပြားမှု၊ ဆန့်ကျင်မှု၊ အဖွဲ့တွ သဘောဆောင်မှု၊ ဗဟိဒ္ဓသဘောဆောင်မှု စသည်တို့ကို စံသွေခြင်း ဖြင့် ပြကြ၏။ တစ်နည်းအားဖြင့် စံသွေခြင်းသည်ပင် လောကအရှိ ရှုခင်း၏ ကိုယ်ဟန်ပြ Model မှု သဘောကို ဆောင်၏။

ထို့ကြောင့် ပို့စ်မော်ဒန်အနုပညာတွင် စံသွေခြင်း ၁ည် အလေး



www.burmeseclassic.com

www.burmeseclassic.com



အနက်ထား၍ သိရမည့် ကိစ္စတစ်ခု ဖြစ်ကြောင်း ကျွန်တော် ဆိုခဲ့ခြင်း ဖြစ်ပါသည်။

စံသွေမှုကို ဖော်ပြခြင်းအားဖြင့် မည်သို့ ဖြစ်စေသနည်း???

ရှင်းသည်။ စံသွေခြင်းကြောင့် စာဖတ်သူ၏ အာရုံ အလေးပေးမှုသည် "ဘာပြောတာလဲ" ဟူသော အစိပ္ပာယ်ရှင်းလင်းချက်ထံမှ ပြောင်းလဲရွှေ့လွဲကာ "မည်သို့မည်ပုံ ပြောနေသည်" ဆိုသည့် ကိစ္စ (ပြောကြားခဲ့လိုက်သော ကိစ္စတစ်ခုလုံး ကိုယ်ထည်) အပေါ်သို့ စူးစိုက်ကျရောက်သွားသည်။

Geoffrey N. Leech ၏ စကားကို ကိုးကား၍ ပြောရလျှင် စံသွေမှုသည် ဖန်တီးဟန်ပညာရပ်အတွက် အသုံးဝင်သည်နှင့်အမျှ အင်မတန် အရေးကြီးသော အသိပညာတစ်ခု ဖြစ်၏။ ယင်းသည် ဘာသာဗေဒ ဖော်ကျူးမှု၏ သမုတိသဘောဆောင်သော Objectivity နှင့် စာပေအကဲဖြတ်မှု၏ သမုတိသဘောဆောင်သော Subjectivity တို့အကြား ဆက်သွယ်ပေးသည့် ပေါင်းကူးတံတား ဖြစ်ပေသည်။

စာအရေးအသားနှင့် စပ်ဆိုင်သော စံသွေးမှုကို (ဝတ္ထု/ကဗျာတို့၏) တင်ပြလိုရင်းသဘော ကိုယ်ထည်တွင်လည်းကောင်း၊ ဇာတ်ကောင်သဘော ဖော်ကျူးရာတွင်လည်းကောင်း၊ ဇာတ်လမ်းဇာတ်ကွက် သဘောတွင်လည်းကောင်း၊ အပြန်အလှန် အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



အတွေး၊ အရေး၊ စကား စသည်တို့တွင်လည်းကောင်း၊ အခြား အခြားသော ပုံသဏ္ဌာန် အနေအထားများတွင်လည်းကောင်း တွေ့နိုင်ပေသည်။"

* * *

ထုတ်ဝေတယ်

www.burmeseclassic.com

www.burmeseclassic.com

# ၁ (င) စာဖတ်သူ၊ လောက၊ စာသားနှင့် စံသွေမှု

ဤစာတမ်း၏ ရှေ့ပိုင်းတွင် ပို့စ်မော်ဒန်အနုပညာရှင်တို့၏ လောကအမြင်များ၊ ထွေပြားသော လောကများနှင့် အမျိုးမျိုး ခွဲဖြာပေါင်းဆုံသော လောကအချင်းအရာများကို ဖော်ပြခဲ့ပြီး ဖြစ်သည်။

သို့သော် တကယ်တမ်းတွင် ထိုအနုပညာရှင်တို့က ဖန်တီးနိုင်သည်မှာ "အနုပညာပစ္စည်း" ကိုသာလျှင် ဖြစ်သည်။ ဝတ္ထုရေးသူ/ကဗျာရေးသူက အက္ခရာစကားလုံး တွန့်တွန့်ကောက်ကောက်များဖြန့်တင်ထားသည့် စာရွက်များ ထွက်ပေါ်လာစေသည်။ ပန်းချီဆွဲသူကလည်း ဆေးရောင်များ၊ မင်များ၊ သို့မဟုတ် အခြားပစ္စည်းများ စု



www.burmeseclassic.com

www.burmeseclassic.com



ကပ်သုတ်လိမ်းထားသည့် ပိတ်စ၊ ကင်းဗတ်စများ ထွက်ပေါ်လာစေသည်။ သို့မဟုတ်လည်း ပစ္စည်းတချို့ကို စုပုံ ဆက်စပ်ပေးထားခြင်း Installation များ လုပ်သည်။ သို့မဟုတ်ပြန်လျှင်လည်း အခြားသော နည်းများ Performance/Alternative မြှုလုပ်ပြသည်။ သည်နေရာတွင်တော့ (ဝတ္ထုနှင့်ဆိုင်သော စာတမ်းဖြစ်၍) ဝတ္ထုအကြောင်းကိုသာ အလေးပေး တင်ပြသွားပါမည်။

တိုတိုပြောရလျှင် စာဖတ်သူမြင်ရသည်မှာ စာရွက်ပေါ်ရှိ စာလုံးအက္ခရာ တွန့်တွန့်ကောက်ကောက်များသာ ဖြစ်ကြသည်၊ အထက်က ပြောခဲ့သည့် လောက အချင်းအရာအမြင် စသည့် ကိစ္စများကို လှမ်းမြင်ရသည်မဟုတ်။ သည်အနုပညာပစ္စည်းတစ်ခု မခံစားမီ ကြို၍ သည်သဘောတရားများကို ခေါင်းထဲထည့်ပြီး မျှော်လင့်ချက်ထားကာ သွားရောက်ခံစားကြသည်လည်း မဟုတ်။ သည်သဘောတရားများကို အလွတ်ကျက် အာဂုံဆောင်ထားနိုင်ပါမှ အနုပညာခံစားသူဘဝကို ရောက်ရမည့် ကိစ္စလည်း မဟုတ်ပေ။ ရိုးရိုးစင်းကလေးပင်။

စာကို ဖတ်လိုက်သည့်အချိန်တွင် စာဖတ်သူဘဝသို့ ရောက်သည်။

စာဖတ်သူက စာကိုဖတ်၍ စာ၊ အက္ခရာ၊ စကားလုံးများကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ မြင်ရသည်။

**စာဖတ်သူက ထိုစာ/စာသား - စကားလုံးများမှတစ်ဆင့် မိမိ (စာဖတ်သူ) ဘာသာ မိမိလောကကို တည်ဆောက်ယူသည်။ ထိုလောကသည်စာဖတ်သူက ပြန်လည်တည်ဆောက်ယူသည့်လောက၊ အာရုံလောကပင် ဖြစ်သည်။** (စာရေးသူ၏ အာရုံလောကနှင့် အလားသဏ္ဌာန်တူသော်လည်း တစ်ထပ်တည်းမကျ။ တစ်နည်းဆိုရသော် စာရေးသူ၏ အာရုံလောကနှင့် စာဖတ်သူက ပြန်လည်တည်ဆောက်ယူသော အာရုံလောကတို့သည် မည်သို့မျှ ထပ်တူထပ်မျှ မရှိနိုင်)

ထိုသို့ စာဖတ်သူက မိမိ၏ လောကကို ပြန်လည်တည်ဆောက်ယူရာတွင် သူ ဖတ်နေရသော စာသား၏ အထောက်အပံ့ကို ယူရသည်။ ထို့ကြောင့် ထိုစာသားထဲတွင် ပါရှိသော (အကြောင်းအရာကို) ပြောသူများ၊ ထိုသူတို့၏ အသံများနှင့် အနေအထား တည်ရှိပုံတို့သည် စာဖတ်သူ တည်ဆောက်လိုက်သော လောကထဲတွင် ပါဝင်လာလေသည်။ ဤအချက်ကို ရှင်းလင်းအောင် နံပါတ်စဉ်တပ်ပြီး ပြောပါမည်။

၁။ ပြန်လည်တည်ဆောက်သော လောက

၂။ စာသား

၃။ (အကြောင်းအရာကို) ပြောသူများ၊ အသံများနှင့် အနေ



www.burmeseclassic.com

www.burmeseclassic.com



အထား တည်ရှိပုံ

(ရည်ညွှန်း။ ။ Hrushovsk's three dimensions)

မော်ဒန်သမားတို့ အလေးပေးစံသွေခြင်း ပြုခဲ့ကြသည့် အချက်အမှတ်စဉ် (၃) ကို ပို့စ်မော်ဒန်သမားတို့၏ လက်ထဲတွင် ဆက်လက်၍ စံသွေကြပြန်ပါသည်။ သို့ရာတွင် (မော်ဒန်အနုပညာတို့နှင့် နှိုင်းယှဉ်လျှင်) အနည်းငယ်မျှ အလေးစိုက်မှု လျော့သွားသည်ဟု ဆိုနိုင်၏။ ပို့စ်မော်ဒန် အနုပညာတွင်ကား အချက်အမှတ် (၁) နှင့် (၂) ကို ပိုမို အလေးထားကြ၏။

သည်နေရာတွင် မော်ဒန်အနုပညာ၏ Perspectivism ကို ပို့စ်မော်ဒန် အနုပညာ၏ Perspectivism ဖြင့် အစားထိုးလိုက်သည်ဟု ဆိုရပါတော့မည်။

သို့ဖြစ်လျှင် "ပို့စ်မော်ဒန်၏ Perspectivism က ဘာလဲ" ဟု မေးစရာ ဖြစ်လာ၏။ အဖြေက ရှင်းသည်။ ဤစာတမ်း၏ ရှေ့ပိုင်းတွင် ပို့စ်မော်ဒန်ဝတ္ထုတို့၏ ကြီးစိုးရာသည် Ontology ဖြစ်သည်ဟု ကျွန်တော် ပြောခဲ့ပြီးပါပြီ။ ထို့ကြောင့် ယခု ပို့စ်မော်ဒန်၏ Perspectivism သည်လည်း Ontological Perspectivism ဖြစ်ပါသည်။

ဤသဘောကို အလွယ်ဆုံး ရှင်းပြနိုင်ရန် ကျွန်တော် ဥပမာ တစ်ခုဖြင့် တင်ပြ ကြိုးစားကြည့်ပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



ဖြူ၊ နီ၊ ဝါ၊ ပြာ၊ စိမ်း စသော အမျိုးမျိုးသော အရောင်အသွေး အဆင်ကွဲပြားသည့် မီးလုံးကလေးများကို တစ်နေရာတည်းတွင်ပင် တစ်ခုပြီးတစ်ခု ဆက်တိုက် အစဉ်မပြတ် လင်းလိုက်၊ မှိတ်လိုက် ဖြစ်စေရန် ကျွန်တော် စီမံထားပါမည်။ ခလုတ်ကို စနှိပ်လိုက်ပြီ ဆိုက တည်းက (ထိုတစ်နေရာတည်းကပင်) ဖျတ်ခနဲ၊ ဖျတ်ခနဲ- စိမ်း၊ စိမ်း ရာက နီ၊ နီရာက ဝါ၊ နောက် ညို၊ နက်၊ ပြာ၊ ခရမ်း၊ နီ၊ ဝါ၊ စိမ်း. . .။ ပါးစပ်ဖြင့် မမီနိုင်အောင် လက်ခနဲ လက်ခနဲ ပြောင်းလဲသွားသည်ကို တွေ့ရပါလိမ့်မယ်။**ယင်းသဘောကို Opalesence ဟု ခေါ်ပါသည်။ (*)**

(ဤအချက်ကိုလည်း အရေးကြီးသော အချက်တစ်ရပ်အနေ ဖြင့် (*) ခရေပွင့် ပြခဲ့ပါသည်။ ရှေ့လာမည့် အခန်းစဉ် ၁(စ) ဖြတ် ပိုင်း စိတ်မှာခြင်းတွင်လည်း ဤအချက်ကိုပင် တစ်ဖန် ပြန်ညွှန်းရ ပါလိမ့်ဦးမည်။ ဆက်လက်ဖော်ပြသွားမည့် အခန်းစဉ်များပါ သဘော တရားများတွင်လည်း အမြဲလိုလို ပါဝင်နေမည်သာ ဖြစ်သည်။ ထိုသို့ ဆက်လက်ဖော်ပြသွားမည့်နောက်ပိုင်း စကားရပ်များတွင် ယင်း **Opalesence သဘောကို တဖျပ်ဖျပ် လက်ခြင်းသဘောဟု ခေါ်ဝေါ် သုံးစွဲသွားပါမည်)**

ဆက်ပါဦးမည်။ ယင်း တဖျပ်ဖျပ်လက်ခြင်းသဘောသည် မည်



www.burmeseclassic.com

www.burmeseclassic.com



သည့်နေရာတွင် ဝင်ရောက်သွားသနည်း???

အထက်က မျဉ်းသားဖော်ပြခဲ့သော စာကြောင်းကို အမှတ်ရမိလိမ့်မည်ထင်၏။ ပို့စ်မော်ဒန်အနုပညာ၏ အလေးပေးရာ အချက်နှစ်ချက်။

၁/ ပြန်လည်တည်ဆောက်သော လောက

၂/ စာသား

ထိုအချက်အလက်နှစ်ခုကြားတွင် တဖျပ်ဖျပ်လက်ခြင်းသဘော ဝင်ရောက် ဖြစ်ပွားပါသည်။

စာသား(ကိုမြင်သည်) ဗျူဟာခန့် → လောက

(အပြစ်သို့ တည်ဆောက်ရောက်ရှိသည်)

နောက်စာသားတစ်ခု(၂) ဗျူဟာခန့် → လောက

(အပြစ်သို့ တည်ဆောက်ရောက်ရှိသည်)

"စာသား" နှင့် "လောက" တို့အကြား ခွလျှက် ဖြစ်ပေါ်နေသော သီးခြား Dimension တစ်ခုအနေဖြင့် ပို့စ်မော်ဒန်၏ Ontology Perspectivism ကို အောက်ပါအတိုင်း ဖော်ပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com






ဤစာတမ်း၏ အစ၊ ခံယူသော လောကအကြောင်း၊ ဝတ္ထု၏ ကြီးစိုးရာအကြောင်း စသည်တို့ကတည်းက စ၍ Ontology နှင့် ပတ်သက်၍သာ တဖွဖွ ပြောခဲ့ရသည်။

ယခု Perspectivism တွင်လည်း Ontological Perspectivism ဟု ပြောရပြန်သည်။ သည်မျှအထိ Otology ကို အလေးပေးနေရသည်မှာ အကြောင်းရှိပါသည်။

ထိုအကြောင်းမှာ. . .

စာပေအနုပညာပစ္စည်း၏ ကိုယ်ပိုင်လွတ်လပ်စွာ တည်ရှိမှု/တည်ရှိခွင့်ကို Ontological Groundings က (လုံးဝ) တာဝန်ယူအာမခံထားခြင်းပင်။

မှန်၏။

စာပေအနုပညာပစ္စည်းတစ်ရပ်သည် သူ့ကိုယ်ပိုင် လွတ်လပ်ခွင့်နှင့် သူ့ အပြည့်အဝ ရှင်သန်ရပ်တည်နိုင်၏။ စာဖတ်သူက ပါဝင်

www.burmeseclassic.com

ငါတို့

www.burmeseclassic.com



ဖွဲ့စည်းပေးသော (လိုလားမှုပေးသော) သိစိတ်ရှိသည်ဖြစ်စေ/ မရှိသည်ဖြစ်စေ စာပေအနုပညာသည် စာပေအနုပညာတစ်ရပ်သာ လုံးလုံးလျားလျား ဖြစ်၏။ ယင်း စာပေအနုပညာ၏ "ရှိမှု" ကို မည်သူမှ ငြင်းပယ်၍ မရ။

Roman Ingarden က စာပေအနုပညာပစ္စည်းတစ်ခု၏ လွတ်လပ်စွာ ရှင်သန်တည်ရှိမှုနှင့် ပတ်သက်၍ အချက် (သုံး) ချက်ကို ထုတ်ပြ၏။

(၁) ဘာသာစကား (ပြောသူ၏ စိတ်တွင်း၊ အာရုံတစ်ခုနှင့် တစ်ခု စပ်ကြား ဖြစ်ပေါ်တည်ရှိ)

(၂) စာအုပ်တည်းဟူသော ရုပ်ဒြပ်ပစ္စည်းထည်

(၃) စာရေးဆရာ (လူတည်းဟူသော တည်ရှိမှုနှင့် အာရုံအရှိတရား၊ ယင်း အနုပညာပစ္စည်းကို မူလ ထုတ်လွှင့်သူ)

ပို့စ်မော်ဒန်သမားတို့သည် ယင်း အရှိတရား သုံးခုကို အလေးအနက် ထားကြ၏။ ထို့ကြောင့် (ဤစာတမ်း၏ နောက်ပိုင်းတွင် ဖော်ပြမည်ဖြစ်သော) ပို့စ်မော်ဒန်ဝါဒီတို့၏ နည်းဗျူဟာများတွင် အထက်ပါ အရှိတရားသုံးခု (၁/ဘာသာစကား၊ ၂/စာအုပ်ရုပ်ဒြပ် ၃/စာရေးဆရာ) ကို စံသွေခြင်း၊ ပုစ္ဆာထုတ် စဉ်းစားခြင်းများ အမျိုးမျိုး အဖုံဖုံ ပြုလုပ်ကြကြောင်း တွေ့ရလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၁(စ) ဖြတ်ပိုင်းစိတ်မွှာခြင်း Fragmentation

ရှေ့တွင် ဖော်ပြခဲ့ပြီးဖြစ်သော လောကသဘော၊ ဘာသာစကားပြဿနာ၊ Heterocosm စံသွေခြင်းတို့ကိုပင် ပြန်ကောက်ရပါဦးမည်။

ဦးစွာ လောကသဘောနှင့် ပတ်သက်၍ ပြောရလျှင် ပို့စ်မော်ဒန်အနုပညာရှင်တို့ ယုံကြည်သော လောကသည် ထွေပြားသော လောကဖြစ်သည်ဟူသောအချက်ပေါ်တွင် အခြေခံရပါလိမ့်မည်။ ထို "ထွေပြားသော လောက" ဆိုသည့် အသိုင်းအဝန်းထဲတွင် ယဉ်ကျေးမှုပါ၏။ လုပ်ဆောင်ချက်များ ပါ၏။ ခံစားမှုများ ပါ၏။ အမှန်တရား



www.burmeseclassic.com

www.burmeseclassic.com



နှင့် သက်ဆိုင်သော ရည်ညွှန်းချက်/သတ်မှတ်ချက်/စံများ ပါ၏။ အခြား စံနှုန်း/စံထားများလည်း ပါ၏။ ထို့ကြောင့် လောကကိုယ်တိုင်က ထွေပြားသောအခါ ထိုလောကအတွင်း နေထိုင်သူသည် အမျိုးမျိုးအထွေထွေ ယဉ်ကျေးမှု၊ ကျင့်သုံးမှုတို့၏ ဝန်းရံပတ်လည် ပိတ်ဝိုင်းထားခြင်းကို ခံရတော့၏။ လုပ်ဆောင်ချက်များကလည်း အမျိုးမျိုးအပြုသဘော လုပ်ဆောင်ချက်များနှင့် ကြုံရမည်။ တစ်ချိန်တည်းမှာပင် အဖျက်များနှင့် ကြုံရမည်။ လာရောက်လက်တွဲကြမည်။ နောက်ကျောက်ကားခံရမည်။ ချိုးမွမ်းခံရမည်။ ရှုတ်ချခံရမည်။ ဥပေက္ခာနှင့်လည်း ကြုံရမည်။ ဘာမှန်းမသိဘဲနှင့်လည်း ဖြစ်ချင်ဖြစ်နေမည်။

ယခု စာဖြင့် (အကျဉ်းချုံး တိုတိုတုတ်တုတ်) ရေးပြနေခြင်းကြောင့်သာ ဤကိစ္စကို ပေါ့ပေါ့ပါးပါးသဖွယ် ဖတ်ရ၊ မြင်ရခြင်း ဖြစ်သမည်။ သို့သော် ဤကိစ္စသည် အလွန် လေးနက်သော အကြောင်းအရာ၊ ကြုံတွေ့မှု Experience ဖြစ်၏။ လူမှုအသိုင်းအဝန်းအတွင်းနေစဉ် လူမှုရုန်းကန်လှုပ်ရှားနေရခြင်း၏ အဟုန်မပြတ်သော ဘဝရေစီးကြောင်းအတွင်း မသိလိုက် မသိဘာသာ ဝင်ရောက် ရောထွေးသွားပါနေရာမှ မိမိုကိုယ်မိမိ ဖျတ်ခနဲ သတိဝင်၍ ရပ်တန့်ကြည့်လိုက်ပါ။ ထိုအခါ ရပ်တန့်နေသော မိမိကိုယ်ကို ဆက်လက်တွန်းတိုက်၍ မျောမြဲ၊ စီးမြဲ ဖြစ်နေသော လောကရေစီးကြောင်း၏ သဘော



www.burmeseclassic.com

www.burmeseclassic.com



ကို (တနင့်တပိုး ခံစားရလောက်အောင်) အကွင်းသား မြင်ရပေလိမ့်မည်။ စာ/စကားဖြင့် ပြောပြ၍ ပေါ်လွင်လောက်သော ကိစ္စမဟုတ်၊ ကိုယ်တိုင်ခံစားကြည့်မှ သိနိုင်သည့် ထူးထူးနစ်နစ် ဖြစ်နိုင်သည့် ကိစ္စမျိုး ဖြစ်သည်။

ထိုသို့ အမျိုးမျိုး ထွေပြားသော ယဉ်ကျေးမှု၊ ကျင့်သုံးမှုတို့၏ ဝန်းရံခြင်းကို ခံနေရသော/တစ်ချိန်တည်းမှာပင် မိမိကိုယ်တိုင်ကလည်း ထိုသို့ကျင့်သုံးနေမိလျက်သား ဖြစ်နေသော၊ . . . တစ်ဖန်၊ အမျိုးမျိုးထွေပြားသော လုပ်ဆောင်ချက်တို့၏ လာရောက် ထိတွေ့ခြင်းကို ခံနေရသော/တစ်ချိန်တည်းမှာပင် မိမိကိုယ်တိုင်ကလည်း ထိုသို့ လုပ်ဆောင်နေမိလျက်သား ဖြစ်နေသော ဘာမှန်းမသိသည့် စီးကြောင်းကြီးထဲ ချာလည်ချာလည်ဖြင့် ရောပါစီးဆင်းရင်း ပုဂ္ဂလိကသေချာမှုသည် ပွန်းတိုက်ခံရ/ပျောက်ဆုံးသွားရတော့သည်။

တစ်ဆက်တည်း ပြောရလျှင် လုပ်ဆောင်ချက် အမျိုးမျိုးတို့မှ ရလာဒ်အမျိုးမျိုး၊ ထိုရလာဒ်တို့ကို အကဲဖြတ်ရသည့် စံ/သတ်မှတ်ချက်တို့ကလည်း အမျိုးမျိုး. . .။ ထို့ကြောင့် ရလာသည့် အဖြေကလည်း တညီတညွတ်တည်း မဟုတ်တော့၊ အမှန်တရားအမျိုးမျိုး (Multiple Realities)။

ပြင်ပရှိ အမှန်တကယ် လူ့ဘဝသည် အဆရာထောင်မက များ



www.burmeseclassic.com

www.burmeseclassic.com



စွာ ကျယ်ပြန့် ရှုပ်ထွေးပေသည်။

ဘာဇာတ်လမ်းမှ မရှိ ဘာ ဇာတ်ကွက်မှ မရှိ ဘာ အကဲဖြတ်မှုမှ မရှိ။ (*)

(* ဆက်စပ်ရည်ညွှန်းချက်။ ။ အခွဲလောက၊ ပို့စ်မော်ဒန် ၂၇)

ဆက်၍ဆက်၍ တွေးစရာတွေ အများကြီးရှိသည်။ထို ပုဂ္ဂလိက သတ်မှတ်ချက် ပျောက်ဆုံးမှုကို စူးစူးနစ်နစ် အခံစားရဆုံးမှာ အနုပညာရှင်ဖြစ်သည်။ သူ့ အာရုံထဲတွင် ဘာမှ ဆက်စပ်ပြီး အခိုင်အမာ တည်ဆောက်ကြည့်၍ မရ။ တည်ဆောက်သည်. . . ပျက်သည်။ ပြန်တည်ဆောက်သည်. . . နောက်. . . ပြန်ပျက်သည်။ ပကတိ လောကတွင် သူမြင်နေရသော ကိစ္စများကို သူက စုဆောင်းယူပြီး သူ့အာရုံလောကထဲတွင် ပြန်လည်တည်ဆောက် နေရာချ ကြည့်သောအခါ မလွဲမသွေ တည်မြဲခိုင်ခံသော ပတ်ကား အဆောက်အအုံ ထွက်မလာ။ မြင်ရ ခံစားရသော လောကအချင်းအရာ အားလုံး ကြေမွနေသည်။ ထို့ကြောင့် သူ တည်ဆောက်မိသော အာရုံလောကသည်လည်း ဖြတ်ပိုင်းစိတ်မွှာစများ (Fragmentations) အဖြစ်သာ ပေါ်ထွက်လာတော့သည်။

(ဆက်စပ်ရည်ညွှန်းချက်။ ။ ၁(ဂ) ထွေပြားသော လောက)

ခံစားမှုအကြောင်းကို ပြောရင်းက ထိုခံစားမှုကို အထောက်



www.burmeseclassic.com

www.burmeseclassic.com



အကူပြုသည့် အတတ်ပညာအကြောင်းကို ကြားဖြတ်၍ တင်ပြပါရစေ။ ယင်းမှာ စံသွေ့ခြင်း (Foregrounding) ပင် ဖြစ်ပါသည်။ လူတန်ဖိုး သတ်မှတ်ချက် လွဲချော်မှု၊ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ အလေးအနက်ပြု ဖော်ပြခြင်း သဘောကို ဆောင်ပါသည်။ စံသွေ့ခြင်း (Foregrounding) ၏ အလေးအနက်ပြုခြင်းသဘောကို ရှေ့က ၁(ဃ) အခန်းကဏ္ဍတွင် ဖော်ပြခဲ့ပြီးပါပြီ။ ယခုလည်း ထိုကိစ္စကိုပင် ပြန်ကောက်ရပါမည်။

အများလက်ခံထားနှင့်ပြီးသား ပုံမှန်ဝါကျဖွဲ့ထုံးကို Traditional Syntax ဟု ခေါ်ပါသည်။ အထွေအထူး ပြောစရာလိုမည် မထင်ပါ။ နာမဝိသေသန+နာမ်/ကြိယာဝိသေသန+ကြိယာ/နာမ်+နေရာပြပုဒ်+ကြိယာ/စသော အများသိပြီး အများလက်ခံပြီးသား သဒ္ဒါဝါကျဖွဲ့ထုံးများပင် ဖြစ်၏။

(မှတ်ချက်)။ ။ ဘာသာဗေဒဝေါဟာရတွင်ကား Traditional ဆိုသည့် စကားရပ်နှင့် Normal ဆိုသည့် စကားနှစ်ရပ်ကို ကွဲကွဲပြားပြား သုံးပါသည်။ အရေးလည်းကြီးပါသည်။ သို့သော် သည်နေရာတွင် ယေဘုယျသဘောကိုသာ ပြောပါမည်)

ယခု စံသွေ့ခြင်းကိစ္စတွင် ထိုဝါကျဖွဲ့ထုံးကို ဖျက်ပစ်လိုက်၏။ နာမ်ချည်းသက်သက်၊ နာမဝိသေသနချည်းသက်သက်၊ ကြိယာချည်း



www.burmeseclassic.com

www.burmeseclassic.com



သက်သက်၊ ကြိယာဝိသေသနချည်းသက်သက် ဆင့်ကာဆင့်ကာ ရေး၏။ တစ်ခုံးချင်းစီသည် အစိတ်အပိုင်း (Fragment) တစ်စစီ ဖြစ်နေ၏။

ဥပမာအားဖြင့် ပြရလျှင်. . . ပန်း၊ မော်တော်ကား၊ ရေနွေးအိုး၊ သွားသည်။ အိပ်စက်သည်။ နမ်းရှုက်၊ သီချင်းဆို၊ လှပသော၊ ရက်စက်သော၊ ဒေါသကြီးစွာ၊ ရထားလမ်းမ. . .

အစရှိသော ရေးဖွဲ့ပုံမျိုး ဖြစ်လေသည်။ (*)

(နောက်ပိုင်းတွင် ဆက်လက်ဖော်ပြရာ၌ ပါဝင်လာမည် ဖြစ်သော Litany ပုံစံ၊ Catalogue ပုံစံတို့တွင် ဤအကြောင်းကိုပင် ပြန်ညွှန်းရဦးမည် ဖြစ်သဖြင့် ခရေပွင့်အမှတ်အသား ပြခဲ့ပါသည်)

ထို့အပြင် ပုံမှန်ဝါကျဖွဲ့ထုံး၏ ဝါစင်္ဂပုဒ်များ အထားအသိုစနစ်ကို ဖျက်၍ ရေးသောဟန်လည်း ရှိ၏။

ဥပမာအားဖြင့် ပြရလျှင်. . .

“မောင်မောင်သည် ကျောင်းသို့ မြူးတူးပျော်ရွှင်စွာ သွားသည်” ဟူသော ဝါကျမျိုးကို

“သွားသည် မောင်မောင် မြူးတူးစွာ ကျောင်းသို့” ဟု ရေးသည့် အရေးအသားမျိုး ဖြစ်သည်။

နောက်တစ်မျိုးမှာ. . . အာရုံ၏ နောက်သို့လိုက်ရန် ကြိုးစားခြင်း အလျှင်မမီ၍ ပြတ်ကျန်ရာမှ နောက်တစ်မျိုး ပြောင်းသွားသည့်



www.burmeseclassic.com

www.burmeseclassic.com



သဘောဟု ယူဆရသည့် မပြည့်စုံသော ဝါကျအပိုင်းအစပုံစံ ဖြစ်သည်။ ကြိယာနောက်ဆက်များ ပြုတ်ကျန်ခဲ့မည်။ ဝိသေသနအဖြစ် ဖော်ပြသော နောက်ဆက်များ ကျန်ခဲ့မည်။ ထို့ကြောင့် ရုပ်ပြောင်း ဝိဘတ်သွယ်မှုများ (Inflection)၊ ပုဒ်ပွားများ (Drivation) အဆင့်ဆင့် ရှုတ်ထွေးနေသည်။ စကားလုံးများတွင် အရေးကြီးသည့် ရင်းမြစ်ရုပ်ရင်း (Root Morpheme) များလောက်သာ အဓိကအနိုင်နိုင်ပါရသည့်အတွက် ရုပ်မှီး (Bound Morpheme) များ မကျွဲပြား။

ဥပမာအားဖြင့် ပြရလျှင်. . .

"လှပသော ကောင်မလေးသည်. . . ဖြစ်သွား. . . ထမင်းစား. . . ခုန်ကျော်"

စသော ရေးဖွဲ့ပုံမျိုး ဖြစ်၏။

နောက်တစ်မျိုးမှာ မတူညီသော (သို့မဟုတ်) ပြောင်းလဲသွားသော အာရုံခံစားမှု နှစ်မျိုးဆက်တိုက် နီးကပ်စွာ ဖြစ်ပေါ်ရာမှ ယင်းခံစားမှုနှစ်မျိုးကို ဖော်ပြသော ဖော်ပြချက်များသည်လည်း ရောထွေးသွားရသည့် ပုံမျိုးဖြစ်သည်။ လွယ်လွယ်ပြောရလျှင် ဝါကျနှစ်ခု ထပ်သည့် ပုံစံ (Overlapping) ဟု ပြော၍ရမည် ထင်၏။ ဥပမာပြရလျှင်. . .

၁/ မောင်မောင် စာကျက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



၂/ မိုးရွာထားသောကြောင့် သစ်ပင်များသည် မိုးစိုကာ လှပနေကြ၏ ဟူသောဝါကျနှစ်ကြောင်းကို-

- မောင်မောင်စာကျက် မိုးစိုကာ လှ၏။

ဟု ရေးပုံမျိုး။

အခန်းစဉ် ၁ (ဃ) စံသွေခြင်းအခန်းတွင်လည်း "ထွေပြားသော လောက" ၏ လောကအရှိရှိခြင်း (Ontological Land-scape) ရိုက်ခတ်မှုဖြင့် အဖွဲ့တ၊ ဗဟိဒ္ဓအားလုံး ရောယှက်ရှုပ်ထွေးမှု အစိပ်စိပ်အဖြာဖြာဖြစ်မှုအကြောင်း ဆက်စပ် ဖတ်ရှုနိုင်ပါသည်။

ယခု စိတ်၏ ခဏငယ် အစိတ်အပိုင်း အကြောင်း ဆက်ပါမည်။

အခြေခံသဘောကိုယ်ထည်ကား ရှေ့တွင် ရှင်းခဲ့ပြီး ဖြစ်၏။ ယခုလည်း ပြန်ညွှန်းရဦးမည်။ တောက်လျှောက် ဖော်ပြခဲ့သော အခန်းစဉ်များနှင့်လည်း ဆက်စပ်နေ၏။ (အဆက်အစပ် ဖြစ်နေစေရန်လည်း တမင် စီစဉ်ထားပါသည်။ အဘယ်ကြောင့်ဆိုသော အချက်အလက် သဘောတရားတစ်ခုနှင့်တစ်ခုသည် ဆဋ္ဌဂံတုံးကလေးများကို ထိစပ်ခင်းစီထားသလို တစ်ဖက်နှင့် တစ်ဖက်၊ တစ်ခုနှင့်တစ်ခု လှည့်ပတ်ဆက်စပ်နေသောကြောင့်ပင်)

ပကတိလောကတကို မြင်ပုံ၊ အာရုံလောက ကို တည်ဆောက်ပုံ၊



www.burmeseclassic.com

www.burmeseclassic.com



အထွေထွေအမျိုးမျိုး စုံစီနဖာ ပြန့်ကျဲနေသော Ontological Land-scape ရှုခင်းကို ခံစားရပုံများကို အထပ်ထပ်ပြောခဲ့ပြီ။ ယခုမူ စာရေးသူ၏ အာရုံအကြောင်း အတိုချုံး၍ ကောက်နုတ်ချက်ကိုသာ ညွှန်းပါတော့သည်။

(ပို့စ်မော်ဒန် . . . အပိုင်း (က) အနှစ်လောက) ကို ပြန်ကြည့်လျှင်

၂၇။ ။ စိတ်ပုံသွင်သည့် အရောင်အဆင်းအမျိုးမျိုး၊ ကိုယ်ထည်အမျိုးမျိုး၊ အသွင်ပုံသဏ္ဌာန်အမျိုးမျိုးတို့ စုဖွဲ့ထားသည့် အစုအဝေးအဖြစ် ရောက်သွားလေသည်။

၂၈။ ။ လက်ရှိ "ခဏတာ" သည် ပြန်၍ ပြန်၍ အသစ်ဖြစ်ဖြစ်လာသည်။ "ခဏ" သည် သေဆုံးသည်၊ နောက် . . . "ခဏသစ်" ပြန်၍ မွေးဖွားသည်၊ ထပ်၍ ပြောပါဦးမည်။

"ခဏ" သည် အသစ်အသစ် ပြန်၍ ဖြစ်သည်။

၂၉။ ။ ထို့ကြောင့် အချိန်အမျိုးမျိုး၊ အကန့်အသတ် အမျိုးမျိုး ထွေပြားနေရခြင်းသည် အဆက်အစပ်သဘောကို မဆောင်၊ စိတ်ပုံသွင်နှင့် စကားလုံးများ (တစ်နည်းအားဖြင့်) အဓိပ္ပာယ်ကို တင်ဆောင်သော အမှန်များအချင်းချင်း အစီအစဉ်တကျ မဟုတ်ဘဲ ဖူးလိုက်ခွာလိုက်၊ တိုက်လိုက်ထိလိုက်ဖြစ်နေသော သဘောသာ ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



**၂း၁၁။ ။ လောကသည် အဟုန်မပြတ် ပြောင်းနေ၏။ ပန်းစကြာ မှန်ပြောင်းလည်သလို ပြောင်းနေ၏။**

ဆိုလိုသည်မှာ ပန်းစကြာမှန်ပြောင်းကလည်း အဆက်မပြတ်လည်သည်။ ထိုအခါ အတွင်းရှိ ပုံသဏ္ဍာန်တို့ကလည်း မြန်မြန်လိုက်ပြောင်းသည်။ ကြယ်ပုံဖြစ်လိုက်၊ ချက်ချင်းပင် ပန်းပွင့်ပုံ ဖြစ်သွားလိုက်၊ နောက်. . . စကြာပုံ ဖြစ်သွားလိုက်နှင့် မြန်လွန်းသောအခါ ပြောင်းသွားခြင်းကိုသာ သိလိုက်ပြီး **ဘာပုံမှ ဖမ်းမရတော့** (ယင်း **ဘာပုံမှ ဖမ်းမရတော့** ဟူသည် စကားသည် အလွန် အရေးကြီးပါသည်)

ယင်း ပန်းစကြာမှန်ပြောင်းသဘောကိုပင် အသိရလွယ်အောင် အဆက်အစပ် ရှင်းလင်းချက်များဖြင့် အခန်းစဉ် ၁(င) စာဖတ်သူလောက၊ စာသားနှင့်စံသွေခြင်း အခန်းတွင် မီးလုံးကလေးများ (တစ်နေရာတည်းမှ) ဖျတ်ခနဲ စိမ်းလိုက်၊ ဖျတ်ခနဲ နီလိုက် ဝါလိုက်ဖြစ်ပုံနှင့် ဥပမာပေးခဲ့ပြီး ယင်းကို **တဖျတ်ဖျတ်လတ်ခြင်း (Opalesence)** ဟုခေါ် ကြောင်း၊ ယင်းသည်ပင် ပို့စ်မော်ဒန် **Ontological Perspectivism** ဖြစ်ကြောင်း ရှင်းပြခဲ့ပြီးပါပြီ။

သည်နေရာတွင် ပြောစရာတစ်ခု ဝင်လာပါသည်။ မော်ဒန်အနုပညာနှင့် ပို့စ်မော်ဒန်တို့၏ ကွာခြားချက်ဟု ပြော၍ ရလိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com



ထင်၏။ မော်ဒန်သမားတို့က Epiphany ဟု ခေါ်သော လင်းပွင့်မှု အခိုက်အတန့်လေးကို အလေးထားကြ၏။ ထို Epiphany ကို အရင်ဦးစွာ နေရာချထားပြီးမှ ယင်းကို ဝန်းရံသိုင်းအုံကာ ဝတ္ထုဖွဲ့ကြ၏။ ထို Epiphany ကို ဝန်းရံထားသော အချက်အလက်များ/စာသား Text များ အနေဖြင့် Fragmentation (ဖြတ်ပိုင်းစိတ်မွှာ) မှု ဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။ သို့ရာတွင် ထိုကိစ္စသည် Epiphany ၏ အရေးပါမှုကို မကျော်လွှားနိုင်ပေ။ ပုံစံအားဖြင့် ပြရလျှင် -



o = Epiphany → = Fragment

ပို့စ်မော်ဒန် ဝတ္ထုများတွင်ကား သို့မဟုတ်ပေ။ Epiphany သဘောသည် ဖြတ်ပိုင်းစိတ်မွှာမှုများအောက်တွင် နစ်မြုပ်သွားသည်။ (ရှေ့က ကျွန်တော်ပြောခဲ့သော "အရေးကြီးသည်" ဟူသည့် စကားကို ပြန်အမှတ်ရပါလိမ့်ဦးမည်။ ထိုစကားကိုပင် ပြန်ပြောရဦးမည်)

"ဘာပုံမှ ဖမ်းမရတော့"



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ယင်း ပန်းစကြာ မှန်ပြောင်းသဘောအတိုင်းပင် ဖြစ်ပါသည်။ တဖျတ်ဖျတ်လက်ခြင်းဟူသည့် အမြင်ပေါ်တွင် အခြေခံ သည်။ ပုံစံအားဖြင့် ပြရလျှင်




(ပို့စ်မော်ဒန်အနုပညာတွင် ဗဟို (Centre) သည် ဖုံးလွှမ်းနစ်မြုပ်ခံလိုက်ရပုံ (Decentre) ကို မြင်သာလိမ့်မည် ထင်ပါသည်)

ထို့ကြောင့် အချုပ်အားဖြင့် ပြောရလျှင် မော်ဒန်အနုပညာတို့၏ အရေးကြီးသော အမြင်သည် Epiphany (လင်းပွင့်မှု အခိုက်အတန့်) ဖြစ်ပြီး ပို့စ်မော်ဒန် အနုပညာတို့၏ အရေးကြီးသော အမြင်သည် Opalesence (တဖျပ်ဖျပ်လက်ခြင်း) ဖြစ်သည်ဟုပင် ဆိုချင်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ၁(ဆ) ပညတ်/စံများကို ပယ်ဖျက်ကျော်လွန်ခြင်း

အကျယ်တဝင့် ထပ်မပြောတော့ပါ။ ပို့စ်မော်ဒန်သမားတို့၏ ထွေပြားသော လောက၊ ပကတိလောက၊ အာရုံလောက၊ အခွံလောက၊ အနှစ်လောကများ၊ လောကအပေါင်းအယှက် အရှုပ်အထွေးတို့၏ အချင်းအရာ အမျိုးမျိုးအပေါ် မြင်သည့် လောကအရှိရှုခင်း (Ontological Landscape) များအကြောင်း ရှေ့တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခု ဥပမာတစ်ခုဖြင့်သာ အမြွက်မျှ ပြောပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါစို့။ ရုပ်ရှင်သရုပ်ဆောင် A က ရုပ်ရှင်မင်းသမီး B အပေါ် အကောက်ကြံသည်။ အဆိုပါကိစ္စကို ပို့စ်မော်ဒန်သမားတို့က ဘယ်လိုမြင်သနည်း။ မည်သူမှန်သည်/မည်သူမှားသည်ကို ပို့စ်မော်ဒန်သမားတို့က ဘယ်လိုမြင်သနည်း။

ရှင်းပါမည်။

**ပို့စ်မော်ဒန်သမားတို့က လူနှစ်ယောက်၏ ပဋိပက္ခကို သီးခြားခွဲမြင်သည်၊ အမှန်တရား၏ ကိစ္စကို သီးခြားမြင်သည်။**

ဆက်ပါဦးမည်။ ပို့စ်မော်ဒန်သမားတို့က ပစ္စုပ္ပန်ကို အလေးထားကြသည်ဟု ရှေ့က ဆိုခဲ့သည်။ ထိုသို့ဆိုလျှင် အထက်က ရုပ်ရှင်သရုပ်ဆောင် A နှင့် ရုပ်ရှင်မင်းသမီး B တို့ ကိစ္စတွင် မည်သည့်ဘက်က ရပ်တည်မည်နည်း။ ယခုကိစ္စသည် လူကိစ္စဖြစ်ပါသည်။ (စကားအဖြစ် သဘောပြောရလျှင်) မင်းသမီး B ဘက်က ရပ်တည်ပါသည်။ သို့သော် ဤနေရာတွင် "လူကိစ္စ" ကို ရှုမြင်သုံးသပ်ရာ၌ ထို "လူ" များနှင့် ပတ်သက်သော ပညတ်ချက်၊ နှုန်း၊ စံ သတ်မှတ်ချက်များကို ပို့စ်မော်ဒန်သမားတို့က မည်သို့မျှ ဂရုမထားကြ၊ ပယ်ချထားကြသည်။ A ဆိုခြင်းကြောင့် "ဒီကောင်ကတော့ ဂုံးရုပ် (Antagonist) ပဲ၊ လူကြမ်းပဲ၊ ကြာကူလီပဲ ကောင်းမယ့်ကောင်မဟုတ်ဘူး" ဟူသော အမြင်၊ နှုန်း/စံနှင့်တကွ တွဲ၍ဖြစ်သောအမြင်



www.burmeseclassic.com

www.burmeseclassic.com



မျိုး ပို့စ်မော်ဒန်သမားတို့တွင် မရှိကြ။ ယင်းကဲ့သို့သော အမြင်မျိုးကို ပို့စ်မော်ဒန်သမားတို့က ငြင်းဆိုကြသည်။ အလားတူပင် မင်းသမီး B ဆိုခြင်းကြောင့် "သူ ကတော့ ဒီဇာတ်မှာ မင်းသမီးပဲ၊ သူ ရပ်တည်မှုကသာ မှန်မှာပဲ" ဟူ သည့် အမြင်မျိုး မရှိ။ ထိုအမြင်အား ဖြင့် B ဘက်က ရပ်တည်ခြင်း မဟုတ်။

ပို့စ်မော်ဒန်သမားတို့သည် ပညတ်/စံများကို ပယ်ဖျက်ထား သော လူ့ အဖြစ်ကိုသာ ကြည့်ပါသည်။

သူ့စံနှင့် သူ့အသီးသီး၊ သူ့လုပ်ရပ်သတ်မှတ်ချက် အသီးသီး ရှိကြသည်။ (Multiple Realities အကြောင်း ရှေ့က ပြောခဲ့ပြီး) ထိုသို့ဆိုလျှင် အကောက်ကြံသည် ဆိုသည့်ကိစ္စကို မည်သို့ ကြားဝင် ဆုံးဖြတ်သနည်း။ အကြောင်းပြချက်အများကြီးဖြင့် ရှုပ်ထွေးငြင်းခုန် နေစရာ မလိုပါ။ အခန်းစဉ် ၁(က) ဝတ္ထု၏ ကြီးစိုးရာတွင် ပါရှိသော Supersensuous နှင့် Superrational သဘောတို့ဖြင့် နားလည်လိုက် သည်ဟူပင် ဆိုပါရစေ။

လူ့ပုဂ္ဂိုလ်၏ ပညတ်/စံသဘော မပါရှိပါ။ "အရင်းရှင်လူတန်း စားနှင့် အရင်းမဲ့လူတန်းစားနှစ်ရပ်ဖြစ်သော ပဋိပက္ခတွင် အရင်းမဲ့ လူတန်းစားနှစ်ရပ် ဖြစ်သော ပဋိပက္ခတွင် အရင်းမဲ့လူတန်းစားဘက် မှ ရပ်တည်ရမည်" အစရှိ သော ပုံသေသင် ကြားချက်များကြောင့်

ငါတို့မှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။ ပိုစ်မော်ဒန်သမားများသည် မည်သည့်ဝါဒ၏ လွှမ်းမိုးမှုကိုမျှမခံပါ။ မည်သည့်ဝါဒ လမ်းညွှန်ချက်အတိုင်း လိုက်ဆောင်ရွက် ထောက်ခံကန့်ကွက်နေသည် မဟုတ်ပါ။ အလားတူပင် Art For ဘာ Sake ညာ Sake ဟု ကြွေးကြော်သည့် ကိစ္စမျိုးလည်း လျစ်လျူရှုပါသည်။

အနုပညာအတွေးအမြင်သဘောဖြင့် ဆက်ရှင်းပါမည်။ ရုပ်ရှင်ကားတစ်ခုနှင့် ဥပမာထား၍ ပြောပါရစေ။ ရုပ်ရှင်ပိတ်ကား၊ ယင်းပိတ်ကားပေါ်တွင် ထင်နေသည့် အရုပ်များ၊ ထိုအရုပ်များ၏ လှုပ်ရှားမှုများ နှင့် ထိုရုပ်ရှင်ဖြစ်ပေါ်လာစေသည့်အကြောင်း၊ ထိုသို့ အချက်အလက် အပေါင်းအစုကြီး တစ်ခုလုံး ရှိနေသည့်အထဲမှ ခွဲထုတ်ယူပါမည်။

၁/- ဖလင်ပြားကို မီးမောင်းထိုးလိုက်သောအခါ ဖြစ်ပေါ်လာသော အရုပ်၏ သဘောသည် ကိုယ်ထည် ဖြစ်မလာပါ။ အလင်းနှင့်အတူ တဖျတ်ဖျတ်လတ်ခြင်းသဘောသာ ပါလာသည်။

၂/- သို့ရာတွင် ပရိသတ်က မြင်ရသည်မှာ ထိုတဖျတ်ဖျတ်လတ်ခြင်းသဘောတွင် ပါဝင်ပူးကပ်နေသော အတ်တမ် (Atom) အဆင့် (ရုပ်ဖြစ်စေခည့်) အပိုင်းအစများ လှုပ်ရှားရွ



www.burmeseclassic.com

www.burmeseclassic.com



များတို မမြင်ရ။ သင့်တော်သော တစ်နေရာမှ ထိုအလင်းကို ပိတ်ဖြူသားဖြင့် တားဆီး ကာရံလိုက်သောအခါတွင်မှ ထိုပိတ်သားပေါ် လာရောက်ထင်ဟပ် သည့် မင်းသား၊ မင်းသမီးတို့၏ ရုပ်သွင်ကို မြင်ရခြင်း ဖြစ်သည်။ ထို မင်းသား၊ မင်းသမီးတို့၏ လှုပ်ရှားမှုများကို မြင်ရသည်။ ထိုမှတစ် ဆင့် ကောင်းခြင်း၊ ဆိုးခြင်းသဘောကိုလည်းကောင်း မည်သူမှန် သည်၊ မည်သူမှားသည်ကိုလည်းကောင်း ပရိသတ်က ဆုံးဖြတ်ကြ၊ ခံစားကြ၊ ဘက်လိုက်ကြရသည်။

တစ်ခု သတိပြုရန်မှာ ထိုပိတ်ကားပေါ်တွင် မြင်ရသည့်အရုပ် သည် "တဖျပ်ဖျပ်လက်ခြင်း" တို့၏ "အစုအဝေး" မဟုတ်ပေ။ တစ် ခဏပေါင်းများစွာကာလအတွင်း "ထင်တပ်ခြင်း" သာ ဖြစ်ပါသည်။

(ဆက်စပ်ရည်ညွှန်း။ ။ ပို့စ်မော်ဒန်။ အနှစ်လောက ၂၁၀၊ ၂၁၁)

၃/- ပို့စ်မော်ဒန်သမားတို့က ပိတ်ကားပေါ်တွင် မြင်ရသော အရုပ်ကို မယုံကြည်ပါ။

ထပ်ပြောပါဦးမည်။

ပို့စ်မော်ဒန်သမားတို့က ပိတ်ကားပေါ်တွင် မြင်ရသော အစိုင် ထင်ဟပ်ချက်မျှသာ ဖြစ်သည့် အရုပ်ကို မယုံကြည်ပါ။ မူရမတ္တ



www.burmeseclassic.com

www.burmeseclassic.com



သဘောအဖြစ် လက်မခံပါ၊ ပို့စ်မော်ဒန်သမားတို့က ထိုရုပ်ပုံတို့၏ မူလအကြောင်းဖြစ်သည့် "တဖျပ်ဖျပ်လက်ခြင်း" ကိုသာ တကယ့် အရှိတရားအဖြစ်၊ ပရမတ္ထတရားအဖြစ် လက်ခံယုံကြည်ပါသည်။

(ဆက်စပ်ရည်ညွှန်း။ ။ ပို့စ်မော်ဒန်။ အနှစ်လောက ၂၄၊ ၂၅၊၂၆၊ ၂၇ နှင့် အခန်းစဉ် ၁(c) Opalesemce သဘော)

* * *

ထုတ်ဝေတယ် ________________________________________

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (ခ)

# ပို့စ်မော်ဒန်သဘောကိုဆောင်သော ဝတ္ထုများ

## ၂။ ဝတ္ထုတည်ဆောက်ပုံ

## ၂(က) နယ်ပယ်ဒေသအပိုင်းအခြား zone

### ၂(က) ၁။ ။ ပို့စ်မော်ဒန်သမားတို့၏ အပိုင်းအခြား

ပို့စ်မော်ဒန်သမားတို့က ပကတိလောက၏ Time & Space ကို အတည်မပြုကြောင်း ရှေ့က ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ဆိုလျှင် ပို့စ်မော်ဒန်သမားတို့၏ Space က မည်သည့် Space မျိုးနည်း ဟု မေးစရာ မေးခွန်း ပေါ်လာ၏။

ငါတို့မှ

www.burmeseclassic.com

www.burmeseclassic.com



အမြေရှိပါသည်။ ယင်းအမျိုးအစားကို Heterotopia ဟု ခေါ်ပါသည်။ စာသံပေသံပါအောင် ပြောရလျှင် "သဟဇာတ မဖြစ်သော တည်ဆောက်မှုပါသည့်/ ဖွဲ့စည်းထားသည့် လောက (အဆက်အစပ် မရှိ၊ ရှေ့နောက် မညီ) များကို ရောနှောဆက်စပ်ပေါင်းစည်း (တစ်ပြိုင်တည်း) တင်ပြပါသည် (Juxtapose လုပ်ခြင်း)"

ဤနေရာတွင် ဥပဒေသတစ်ခုပြောဖို့ လိုအပ်လာပါသည်။ Law of the excluded middle ဟူသော ဥပဒေသဖြစ်ပါသည်။ ထိုဥပဒေသအရဆိုလျှင် "မောင်မောင်သည် မန္တလေးတွင် ရှိသည်" ဆိုလျှင် တစ်ချိန်တည်းတွင် မောင်မောင်သည် "ရန်ကုန်မှာ မရှိရ" ပေ။ ထိုနည်းတူ "ရန်ကုန်တွင် ရှိသည်" "မန္တလေးတွင် ရှိမနေ" ကြောင်း ထင်ရှားပေါ်လွင်ပြီး ဖြစ်သည်။

သို့သော် ပို့စ်မော်ဒန်သမားတို့က ထိုဥပဒေသကို ချိုးဖောက်လိုက်ကြ၏။ သူတို့၏ ဝတ္ထုထဲတွင် တစ်ချိန်တည်း၌ မန္တလေးတွင်လည်း ရှိနေနိုင်သည်။ ရန်ကုန်တွင်လည်း ရှိနေနိုင်သည်။ နိုင်ငံခြားသို့လည်း ရောက်ချင် ရောက်နေနိုင်သည်။ နေရာတကာတိုင်းတွင် ရှိနေနိုင်ပေသည်။ ယင်းကဲ့သို့သော Heterotopian Space မျိုးကို ပို့စ်မော်ဒန်သမားတို့က အမည်တစ်ခု ပေးထားသည်။ 'Zone' ဟု ခေါ်၏။

ထို Zone ထဲတွင် အားလုံးသော လောကတည်ဆောက်ပုံဟန်



www.burmeseclassic.com

www.burmeseclassic.com


များသည် ရောနှောပူးဝင်သွားကြ၏။ အားလုံးသော လူမျိုးများ၊ ဓလေ့စရိုက် ကျင့်သုံးမှုများသည်လည်း ရောနှောရှုပ်ထွေးသွား၏။ တစ်နည်းအားဖြင့်ဆိုရလျှင် "လောကရှိ အရှိတရားဆိုင်ရာ အနားသတ်စည်းများ ပြိုကျသွားခြင်း" ကို မြင်စေသော လက္ခဏာ ဖြစ်၏။ အချုပ်သဘော ပြောရလျှင် Zone သည် ဗဟုသဘော (Plural) ကို ငုံထားခြင်း ဖြစ်ပေသည်။

၂(က)း၂။ ။ Zone ကို တည်ဆောက်သော နည်းဗျူဟာများ

"တည်ဆောက်သော" ဟု ခေါင်းစဉ် တပ်လိုက်ရသည့်တိုင် တကယ်တမ်းတွင် တည်ဆောက်သည်ဟု ပြောရန် ခက်လှသည်။ အဘယ်ကြောင့်ဆိုသော် ပို့စ်မော်ဒန်သမားတို့သည် (စာသား/Text အားတည်ဆောက်သည် ဆိုစေကာမူ တစ်ချိန်တည်းတွင် ပြန်၍ ဖျက်ပစ်လိုက်ခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤစာတမ်းတွင် "တည်ဆောက်/ဖျက်ဆီး" ဟု တွဲသုံးသွားပါသည်။

ပို့စ်မော်ဒန်ဝတ္ထုများတွင် Space ကို တည်ဆောက်/ဖျက်ဆီးသည့် နည်းဗျူဟာများစွာရှိသည့်အနက် ထင်ရှားသော အသုံးများသော နည်း (၄) ခုကို တင်ပြရန် ရည်ရွယ်ထားပါသည်။ ယင်းတို့မှာ-

၂(က)း၂း၁ ။ Juxtaposition (ရောယှက်ပူးဆက်ပြခြင်း)

တကယ့် အစစ်အမှန် ပကတိလောကတွင် ရှိသော်လည်း မြေ

ငါတို့

www.burmeseclassic.com


ပုံပေါ်တွင် ထောက်ပြ၍ ရသော်လည်း၊ တစ်ခုနှင့်တစ်ခု ဘယ်လိုမှ မနီးစပ်၊ မဆက်စပ်သော နေရာဒေသများကို ပူးကပ်ဆက်စပ်နေသလိုလို ဖော်ပြခြင်း၊ တစ်ဆက်တည်း ဖြတ်သန်းသွား၍ ရသလိုလို ဖော်ပြခြင်း ဖြစ်သည်)

ဥပမာ။ ။ "ပုဇွန်တောင်ချောင်းအတိုင်း မျောပါသွားရာ ထိုင်းနိုင်ငံ ဖွန်မောင်းလေဆိပ်သို့ ရောက်သွားပြီး လေဆိပ်မှအထွက်တွင် အီဂျစ်ပြည်ရှိ ကူဖူးပိရမစ်ကြီးကို ဝင်ရောက်လေ့လာသည်"

ဟူသော ပုံစံမျိုး

၂(က) ၂၂။ ။ **Interpolation** (ကြားဒေသသစ်ဖန်တီးခြင်း)

နယ်နမိတ်ချင်း ထိကပ်ဆက်စပ်နေသော နယ်မြေနှစ်ခုအကြားတွင် (အမှန်တကယ်မရှိသော) သီးခြားနယ်မြေတစ်ခုကို ဖန်တီးယူခြင်း ဖြစ်သည်။

ဥပမာ။ "ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံနှစ်ခုကြားရှိ "သရ" နိုင်ငံတွင် ဟူသောပုံစံမျိုး

၂(က)၂၃။ ။ **Superimposition** (ထပ်အုပ်ရောထွေးပြခြင်း)

အကြောင်းချင်းရာနှစ်ခု၏ အနေအထားကို (ဓာတ်ပုံဖလင်ပြား နှစ်ချပ်၊ တစ်ခုအပေါ်တွင်တစ်ခုထပ်ကာ တစ်ပုံတည်း ထွက်လာစေရန် ကူးယူလိုက်သလိုမျိုး) တစ်ခုတည်းတွင် ရောနှောပါဝင်နေ


www.burmeseclassic.com

www.burmeseclassic.com



အောင်ဖန်တီးထားခြင်း ဖြစ်သည်။ ထိုသို့ ဖန်တီးခြင်းအားဖြင့် အချိန်ကာလအားဖြင့်သော်လည်းကောင်း နေရာအနေအထားအား ဖြင့်သော် လည်းကောင်း ဟိုလိုလို၊ သည်လိုလို တစ်ပြိုင်တည်း ရှိနေ သလိုလို ဖြစ်နေပြီးကာမှ နောက်ဆုံး စေ့စေ့တွေးကြည့်သောအခါ ပထမဒေသလည်း မဟုတ်၊ ဒုတိယဒေသလည်း မဟုတ်။ (စာရေး သူ၏ အာရုံဖြင့် ဖန်တီးထားသော) သီးခြားဒေသ တစ်ခုသာ ဖြစ် ကြောင်း သိရသည်။

ဥပမာ။ ။ "ဦးပိန်တံတားပေါ်မှ မဆင်းမီ ဆူးလေစေတီကို လက်အုပ်ချီကန်တော့လိုက်၏။ တစ်ဖက် ပြန်လှည့်လိုက်သောအခါ ပပဝင်း ရုပ်ရှင်ရုံကို လှမ်းမြင်ရသည်။

နောက် တောက်ပသစ်လွင်သော ကုန်သည်ကြီးများဟို တယ်. . ."

(ဤဥပမာတွင် ဦးပိန်တံတားကအမရပူရတွင် ရှိခြင်းဖြစ်ပြီး၊ ဆူးလေးစေတီတော်က ရန်ကုန်တွင် ရှိသည်။ ပပဝင်းရုပ်ရှင်ရုံနှင့် ကုန်သည်ကြီးများဟိုတယ်တို့သည် ရန်ကုန်တွင် ရှိသည်မှန်သော် လည်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ရှိသည် မဟုတ်။ ပပဝင်းရုံကို ဖျက်ပြီးမှ ထိုနေရာတွင် ကုန်သည်ကြီးများဟိုတယ်ကို တည်ဆောက် ခြင်း ဖြစ်သည်။ အမှန်က ဝတ္ထုရေးသူ ပြောနေသည်မှာ ရန်ကုန်

ငါတို့မှ

www.burmeseclassic.com

www.burmeseclassic.com


လည်း မဟုတ်။ သူ့ဘာသာသူ သီးခြားဖန်တီးထားသော မြို့တစ်ခု၊ ဒေသ တစ်ခု ဖြစ်ပေသည်)

၂(က) ၂၄။ ။ Misattribution (ဆက်စပ်မှုများကို လွဲပြောင်းပစ်ခြင်း)

နေရာဒေသတစ်ခုကို ယင်းနေရာဒေသတစ်ခု၏ ထင်ရှားသော လက္ခဏာရပ်နှင့် ပူးတွဲဆက်စပ်၍ အသိအမှတ် ပြုထားသည်က များပေသည်။ ဥပမာ ပုသိမ်မြို့ဆိုလျှင် ပုသိမ်ထီးနှင့် ဆက်စပ်၍လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့ဆိုလျှင်လည်း ကျိုက်ထီးရိုးစေတီနှင့် တွဲ၍လည်းကောင်း သိကြသည်။ ထိုနည်းတူ ရှမ်းပြည်နယ်တွင် အင်းလေးကန်နှင့်တွဲ၍လည်းကောင်း၊ မန္တလေးကို မြနန်းစံကျော်ရွှေနန်းတော်၊ ကျုံးတို့နှင့် တွဲ၍လည်းကောင်း၊ ရခိုင်ပြည်နယ်ကို ငပလီ စသော လှပသည့် ပင်လယ်ကမ်းခြေနှင့် တွဲ၍လည်းကောင်း သိမှတ် စိတ်စွဲထားကြသည်။ ပို့စ်မော်ဒန်သမားတို့က ထို စိတ်အစွဲ သိမှတ်သညာ ပစ္စည်းများကို ပြောင်းရွှေ့ပစ်ကြ၏။ နေရာ လွှဲပစ်လိုက်ကြ ၏။

(နေရာစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ ကျဉ်းမြောင်းမှု/ ဒေါင်လိုက်သဘောကို အားလုံး ရောနှောလှည့်ပတ် စီးဆင်းပြန့်ကျယ် ပူးပေါင်းသွားစေသည့်/ အလျားလိုက်သဘော ဖြစ်စေ၊ ်း၊ နယ်နိမိတ်


www.burmeseclassic.com

www.burmeseclassic.com



စည်းများ ပြိုလဲခြင်းအကြောင်း ရှေ့က ရေးခဲ့ပြီး)

ဥပမာ

"ရန်ကုန်ကိုရောက်တုန်း ကျိုက်ထီးရိုးဘုရား ဝင်ဖူးခဲ့သည်။

မန္တလေးကိုသွားပြီး ငပလီကမ်းခြေမှာ အပန်းဖြေသည်။ အပြန်မှာ ပုသိမ်ထီးဝယ်ချင်လို့ စစ်တွေမြို့ကို ခဏဝင်သည်"

၂(က)း၃။ ၊ ဝတ္ထု

ဤအခန်းတွင် တင်ပြခဲ့သော ပို့စ်မော်ဒန်သမားတို့၏ Zone တည်ဆောက်/ဖျက်ပစ်ခြင်းတို့နှင့် ပတ်သက်၍ ရန့်သစ်မဂ္ဂဇင်း အမှတ် (၄၅) ပါ သစ္စာနီ၏ ယွဲ့ဆော်မဲ့ အာရုံသိခြင်းဝတ္ထုကို ဖတ်ကြည့်စေလိုပါသည်။ အဆိုပါဝတ္ထုတွင်-

*ကျွန်တော်လည်း အပြင်ထွက်ခဲ့တော့ တပေါတီကို ရောက်သွားတယ်. . .*

*. . . ဝါရှင်တန်အမျိုးသား ပန်းချီပြတိုက်က လာယူတော့ ကျွန်တော်လည်း ပါသွားတယ်. . .*

*. . . လုပ်လေ၊ အနော်မာမြစ်ကမ်းဘေးမှာ ထိုင်ကြတာပေါ့လို့ ကျွန်တော်က ပြောလိုက်တယ်. . .*

*. . . ကျွန်တော်နဲ့ သူလည်း ပြဇာတ်စင်ပေါ် ရောက်သွားကြတယ်။ သိမ်ဖြူလမ်း စီတီဇင်းကုမ္ပဏီမှာ. . .*



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရင်း ဗိုက်ထဲက ဆာတာနဲ့ ပါရီကို ရောက်သွား ရော. . .

အစရှိသဖြင့် တွေ့ရ၏။ ယင်းသည် ယခုတင်ပြခဲ့သည့် အခန်း ခွဲ ၂(က)၂း၁ Juxtaposition ပုံစံဖြစ်ပါသည်။

**၂(က)း၄။ ။ အခြားသော Zone**

အထက်က တင်ပြခဲ့သော Zone တည်ဆောက်/ ဖျက်ပစ်မှု များအပြင် အခြားနည်းလည်း ရှိပါသေးသည်။ ယင်းကို Interxual Zone ဟု ခေါ်ပါသည်။ Inter ဆိုသည်မှာ ဟိုဘက်၊ သည်ဘက် နှစ်ဘက်စလုံးနှင့် ဆိုင်သည့် သဘော၊ ကြားသဘော၊ ခွထားသည့် သဘော ဖြစ်ပြီး Texual ဆိုသည်မှာ စာရွက်ပေါ် တင်ထားသည့် စကားလုံးများက ပေးသည့် ကိစ္စဖြစ်သည်။ ရှင်းရလျှင် အရှိတရား အလွှာတစ်ခုနှင့် တစ်ခု၊ အာရုံတည်ဆောက်ပုံ တစ်ခုနှင့်တစ်ခု၊ ဟို ဘက်သည်ဘက် ခွထားပြီး တစ်ခုတည်းသဖွယ် တည်ဆောက်ထား သည့်သဘော ဖြစ်ပါသည်။ ရှေ့က ပြောခဲ့သည့် Zone သဘောနှင့် အခြားချက် တစ်ခုသာရှိသည်။ ရှေ့ကပြောခဲ့သည့် Zone သည် ထူးပြားသောဒေသ (Heterotopia) ဖြစ်ပြီး၊ ယခု ပြောသည် Zone သည် တစ်သားတည်းဖြစ်သောဒေသ (Homotopia) ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို Intertexual Zone တည်ဆောက်ပုံနှစ်မျိုးကို တင်ပြပါမည်။ ပထမတစ်မျိုးမှာ. . .

Physical space of material book (စာအုပ်တည်းဟူသော ပစ္စည်း ဖြပ်ပေါ် အခြေခံ၍ တည်ဆောက်ထားသော ရုပ်သွင်ဆိုင်ရာ Space ဖြစ်သည်။ စာအုပ်၏ စာ မျက်နှာပေါ် ရှိ Dimension နှစ်ရပ်/အလျား အနံအပေါ် တွင် မူတည်၍ ကွက်လပ်ချန်ခြင်း စသော နည်းပရိယာယ်ဖြင့် Space ကို ပုံဖော်ခြင်း ဖြစ်ပါသည်။ ဒုတိယတစ်မျိုးမှာ-

Conceptual Space of Language itself ဘာသာစကားကိုယ်တိုင်က တည်ဆောက်ပေးသော စိတ်ခံစားမှုဆိုင်ရာ Space ဖြစ်သည်။

ယင်းအချက် နှစ်ချက်ကို ဤစာတမ်း၏ နောက်ပိုင်းတွင် အကျယ်ရှင်းပါမည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၂(ခ) သိပ္ပံတိုးတက်မှုများနှင့် ပို့စ်မော်ဒန်

သည်နေရာတွင် ပို့စ်မော်ဒန်သမားများ၏ ဦးဆောင်စိတ် Motifs ကို အကျဉ်းရုံး၍ တင်ပြပါမည်။ ယင်းကို အပိုင်းသုံးပိုင်းခွဲ၍ မြင်နိုင်၏။

၁/Temporal Displacement တည်ဆောက်ခြင်း၊

၂/စိမ်ဖန်တီးသော စကြဝဠာလောကတစ်ခု သီးသန့် တည်ဆောက်ခြင်း၊

၃/ထိုလောကအလျောက်၊ ထိုအချိန်ကာလအလျောက် ဖြစ်ပေါ်တည်ရှိလာသော လူမှုကိစ္စ၊ ကိုယ်ကျင့်တရားကိစ္စတို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်သည့် အသိ၊ အတွေးအခေါ် အယူအဆတို့ကို အလေးပေးခြင်း၊ ဟူ၍ ဖြစ်သည်။

၂(ခ) ၁။ ။ **Temporal Displacement**

အတိုချုပ်၍ ပြောရလျှင် ပို့စ်မော်ဒန်သမားတို့သည် အတိုင်းအတာပမာဏ Dimensions အားလုံးကို ဖျက်ပစ်လိုက်သည်။ ကျော်လွှန်လိုက်သည်။ ထိုသို့ ဖျက်ပစ်ရာတွင် လေးဘက်မြောက် ပမာဏဖြစ်သော အချိန်လည်း ပါသွားသည်။ ထိုသို့ အချိန်ကို ဖျက်ပစ်လိုက်လျှင် ဘာဖြစ်မည်နည်း???

ကျွန်တော်တို့ လက်ရှိ နေထိုင်လှုပ်ရှားနေရသော ကမ္ဘာလောကသည် အချိန်၏ စည်းဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ အစီအစဉ်လိုက် ဖြစ်မှုဆိုသည်မှာ အချိန်ဖြင့် တိုင်းတာထားခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ပြောရလျှင် အချိန်ကို ပေတံတစ်ခုသဖွယ် အလျားလိုက် အတိုင်းထား၍ တိုင်းတာခြင်း ဖြစ်သည်။ တစ်လက်မဟူသော အမှတ်အသားပြီးလျှင် နှစ်လက်မဟူသော အမှတ်အသားလာမည်။ နောက်. . သုံးလက်မဟူသော အမှတ်အသား လာမည်။ စသဖြင့် မနေ့က၊ ဒီနေ့၊ မနက်ဖြန်ဟူ၍ သတ်မှတ်ထားသည်။

ထိုအချိန်ကို ဖျက်လိုက်သောအခါ ယခုလက်ရှိ လောက/ကမ္ဘာနှင့် အပြိုင်ဖြစ်သော လောကတစ်ခု ဖြစ်ပေါ်လာသည်။ အချိန်



www.burmeseclassic.com

www.burmeseclassic.com



တို့ ပေတံဟုမမြင်ဘဲ ပေကြိုးဟု မြင်ကြည့်လိုက်ပါ။ (ပေတံ၏ တောင့် တင်းသော သဘော/တစ်ဖြောင့်တည်း သဘော/ရှေ့-နောက် အသေမှတ်ပြီးသော သဘောတို့ကို ပယ်ဖျက်လိုက်ပါ)

ပေကြိုးတစ်ခုကို စနစ်တကျ မဟုတ်ဘဲ ကြိုက်သလို ခွေခေါက်၍ ချထားလိုက်ပါ။ အောက်ပါပုံစံကို ရသည်ဆိုပါစို့။



နံပါတ် ၁၊ ၂၊ ၃ တို့သည် ယခုပစ္စုပ္ပန်များ ဖြစ်သည် ဆိုပါစို့။ ထို့ကြောင့် နောက်လာမည့် နံပါတ်များ ၇၊ ၈၊ ၉ တို့သည် အနာဂတ်များ ဖြစ်ကြသည်။ အထက်ပါပုံတွင် ပစ္စုပ္ပန်များ (၁၊၂၊ ၃) တို့နှင့် အနာဂတ်များ (၇၊ ၈၊ ၉) တို့သည် ပြိုင်လျက် ဖြစ်ပေါ်နေကြသည်ကို တွေ့ရမည်။ ထို့သို့ ပြိုင်လျက် ဖြစ်ပေါ်နေသော ပစ္စုပ္ပန်အနာဂတ်တို့ အကြားတွင် မည်သည့်အရာက ဆက်စပ်ပေးထားသနည်း။ မဆက်စပ်ထားပါ။ ကွင်းဆက်ပြတ်နေသည်။

ယင်းပြတ်နေသော ကွင်းဆက်သဘောကို အချိန်အားဖြင့် "သု



www.burmeseclassic.com

www.burmeseclassic.com



ည ဒီဂရီ”ဟုခေါ်၏။ ထိုကွင်းဆက်ကို ဖြတ်သန်းရမည့် တံတားကို စာဖတ်သူက တည်ဆောက်ရမည် ဖြစ်သည်။

နောက်ဆုံး ပြောလိုသော အချက်မှာ ပို့စ်မော်ဒန်သမားတို့က အချိန်ဟူသော စတုတ္ထဒိုင်မင်းရှင်းကို ကျော်လွန်သည်။ လက်ရှိလောက /ကမ္ဘာနှင့် အပြိုင်ဖြစ်သော ကမ္ဘာတစ်ရပ်ကို တည်ဆောက်သည်ဟူသော အချက်ပင် ဖြစ်သည်။ (ဆောင်းပါးသီးသန့် တစ်ပုဒ်ဖြင့် အကျယ်ရှင်းပါမည်)

၂(ခ) ၂။ စီမံဖန်တီးသော လောက၏ နေရာ

ထိုသို့ စီမံဖန်တီးထားသော ကမ္ဘာသည် ဘယ်နေရာတွင် ရှိသနည်း။ လက်ရှိ ၂၄ နှစ်ပိုင်းတစ်ပိုင်းဒီဂရီ တိမ်းစောင်းနေသော မြေကြီးထုထည်နှင့် ဆက်စပ်ပြစရာမရှိ။ ထိုမြေကြီးပေါ်ရှိ နေရာတစ်ခုခုကို လက်ညှိုးထိုးပြ၍ မရ။ မြေပုံဆွဲပြ၍ မရ။

ဤသို့ ပြောလိုက်ခြင်းအားဖြင့် ပို့စ်မော်ဒန် ဝတ္ထုထဲမှ လောကသည် တခြားဂြိုဟ်မှ တခြားစကြာဝဠာမှ ဂြိုဟ်တစ်ခုခုလားဟု မေးစရာရှိလာ၏။ ပို့စ်မော်ဒန်ဝတ္ထုထဲမှ ဇာတ်ကောင်များကကော ဒီကမ္ဘာကလူတွေ မဟုတ်လျှင် ဂြိုဟ်သားတွေ ဖြစ်နေမှာပေါ့ဟု ပြောစရာ ရှိလာ၏။

မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုလောကသည် လက်ရှိ ကျွန်တော်တို့ တွေ့ကြုံသိမြင်နေရသော လောက၏ အရှိတရားများနှင့် ယှဉ်ပြရန် ထိပ်တိုက်ပဋိပက္ခဖြစ်စေရန် ဖန်တီးထားသော လောကသာ ဖြစ်သည်။ သိပ္ပံဝတ္ထုထဲမှ ဗြိုဟ်များ၊ ဗြိုဟ်သားများသည် ထိုခေတ် (သိပ္ပံထွန်းကားမှု ကာလဒေသ) အတွက် ကိုယ်စားပြုမှု တစ်ခု ဖြစ်၏။ ပို့စ်မော်ဒန်သမားတို့၏ လောကသည် ကိုယ်စားပြုမှု မရှိ။ ယင်းသည် လက်ရှိလောက နှင့် ထိပ်တိုက်ရင်ဆိုင်ရန်သာ တာဝန်ရှိ၏။ (ဤစကားကို နောက်လာမည့် အခန်းများတွင်လည်း အထပ်ထပ် ပြောရပါဦးမည်)

ထိုလောကကို ပို့စ်မော်ဒန်သမားတို့က မည်သို့ တည်ဆောက်သနည်း။ ပို့စ်မော်ဒန်တို့က အဆင်ပြေ ချောမွေ့သော ပြေပြစ်လှပသော လောကကို **စီမံဖန်တီး၏။** နောက် **ပြန်ဖျက်ပစ်လိုက်၏။** (ထိုအခါ စာဖတ်သူက ရှေ့နောက်မညီမှုများ၊ မဖြစ်နိုင်မှုများ၊ ဖြေရှင်းပြ၍ မရသော အဖြစ်အပျက်များကို တွေ့ရလေသည်)

၂(ခ) ၃။ လူမှုကိစ္စ၊ ကိုယ့်ကျင့်တရား၊ အသိ၊ အတွေးအခေါ်

အနာဂတ်များနှင့် ပစ္စုပ္ပန်တို့ ပြိုင်လျက် ဖြစ်ပေါ်နေသော လောကဟု ဆိုလိုက်ခြင်းကြောင့် ထိုစီမံဖန်တီးထားသည့် လောကထဲတွင် အနာဂတ်၏ သိပ္ပံတိုးတက်မှုများ ပါမလာနိုင်ဘူးလားဟု မေး စရာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါလာနိုင်ပါသည်။

သို့သော် ပို့စ်မော်ဒန်သမားများ စိတ်ဝင်စားကြသည်မှာ ထိုကာလ၏ တိုးတက်ပြောင်းလဲလာသော Technology များမဟုတ်ပေ။ ထိုသို့ တိုးတက်ပြောင်းလဲလာသော Technology များကြောင့် ဖြစ်ပေါ်လာမည့် လူမှုရေး၊ ကိုယ့်ကျင့်တရားဆိုင်ရာ အသိအတွေးအခေါ် အယူအဆတို့ ဖြစ်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၂(ဂ)။ စိတ်ကူးဆန်းနှင့် ပို့စ်မော်ဒန်

### ၂(ဂ) ၁။ စိတ်ကူးဆန်းကြယ်ဝတ္ထု

နောက်ထပ်မေးစရာ တစ်ခု ပေါ်လာပါသည်။ ယင်းမေးခွန်းမှာ "ပို့စ်မော်ဒန်ဝတ္ထုတို့သည် စိတ်ကူးတို့ကို ဆန်းကြယ်ထွေပြားစွာ တောင်တောင်အီအီ လျှောက်ရေးခြင်းပေးလား ?" ဟူသည့် မေးခွန်းဖြစ်သည်။

မဟုတ်ပါ။

စာပေအမျိုးအစားထဲတွင် "စိတ်ကူးယဉ်ဆန်းကြယ်ဝတ္ထုအမျိုးအစား" သီးသန့်ရှိပါသည်။ ပို့စ်မော်ဒန်ဝတ္ထုတို့သည် ထိုအမျိုး



www.burmeseclassic.com

www.burmeseclassic.com



အစားထဲတွင် မပါပါ။ ရှင်းပါမည်။ စိတ်ကူးဆန်းကြယ်ဝတ္ထုသည် သိမှု Epistomology တွင် အခြေခံသည်။ ဆိုပါစို့

*"လူတစ်ယောက် လမ်းမပေါ် လျှောက်လာနေသည်။ ရုတ်ချည်းကိုပင် ထိုလူသည် အတောင်များပေါက်လာပြီး ကောင်းကင်ပေါ် ပျံတက်သွားသည်"*

ဟု ရေးထားသည်ဆိုပါစို့။ လူ၏ လမ်းလျှောက်တတ်သော သဘောသည် သဘာဝကိစ္စ (Natural) ဖြစ်၏။ လူက အတောင်ပန် ပေါက်ပြီး မိုးပေါ် ပျံခြင်းသည် သဘာဝလွန်ကိစ္စ (Supernatural) ဖြစ် ၏။ သဘာဝအတိုင်း လူသည် လမ်းလျှောက်တက်သော သတ္တဝါဟု သိထားသည့် "အသိ" သည် မိုးပေါ်ပျံခြင်းဟူသော သဘာဝလွန် ကိစ္စနှင့် တွေ့ကြုံရသောအခါ တွန့်ဆုတ်သွား၏။ ယင်းကို အသိ တရား တွန့်ဆုတ်မှု (Epistomological Hesitation) ဟု ခေါ်ပါသည်။

၂(ဝ)း၂။ ။ ကိုယ်စားပြုမှု

စိတ်ကူးဆန်းကြယ်ဝတ္ထုတွင် "ကိုယ်စားပြုမှု" သဘော ပါဝင် ၏။ တိတိကျကျ ပြောရလျှင် စိတ်ကူးဆန်းကြယ်ဝတ္ထုကြောင့် ဖြစ်လာသော "ဖြစ်နိုင်ချေ"သည် ပတတိ (Natural) အစစ်အမှန်တို့ ကိုယ်စားပြုထားသော "ဖြစ်နိုင်ချေ" အပေါ်တွင် မှီခို၏။ အထက်က ဥပမာအရ လူ၏ ကောင်းကင်ပေါ် ပျံတက်ရန် "ဖြစ်နိုင်ချေ" သည်



www.burmeseclassic.com

www.burmeseclassic.com



လူ့ပကတိသဘော၊ လမ်းလျှောက်တတ်သည့် သဘောသဘာဝကို ကိုယ်စားပြုထားသည့် "ဖြစ်နိုင်ချေ" အပေါ် မူတည်၏။

ပို့စ်မော်ဒန်ဝတ္ထုများတွင်မူ "ကိုယ်စားပြုမှု" မရှိချေ။ လက်ရှိ "အရှိတရား" တို့နှင့် (ဝါ) ပကတိခလာက၏ လောကအချင်းအရာများနှင့် ပို့စ်မော်ဒန်သမားတို့ ဖန်တီးထားသော လောက၏ အရှိတရားအချင်းချင်း ထိပ်တိုက်တွေ့မှုသာ ရှိသည်။

၂(ဂ)း၃။ ။ လျှော့ဖြေချခြင်း နည်းဗျူဟာ

ထိုသို့ အရှိတရားချင်း ထိပ်တိုက်တွေ့မှုကို ပို့စ်မော်ဒန်သမားတို့က မည်သို့ ဖော်ပြသနည်း။

စိတ်သွေ့ခြင်း (Foregrounding) အားဖြင့် ဖော်ပြသည်။ တွေ့ကြုံလာရသော စိတ်ကူးဆန်းကြယ်မှုများကို ဆန်းကြယ်သော သဘောမပြတော့ဘဲ သာမန်ကိစ္စအဖြစ်သာ ဖော်ပြလိုက်သည်။ ယင်းနည်းဗျူဟာကို လျှော့ဖြေချခြင်း Banality ဟု ခေါ်ပါသည်။

သဘာဝလွန် အဖြစ်အပျက်တစ်ရပ်က ဇာတ်ကောင်ကို အံ့သြအောင် လုပ်သည်။ (ထိုအချိန်တွင် စာဖတ်သူက ဝတ္ထု၏ စိတ်ကူးဆန်းကြယ်မှုအပေါ် အံ့သြနေပြီဖြစ်သည်) နောက်တစ်ဆက်တည်းပြလိုက်သည်မှာ. . . ဇာတ်ကောင်က ထိုဆန်းကြယ်မှုကို မအံ့သြ။ ဖြစ်ရိုးဖြစ်စဉ်ပမာ သဘောထား ဆက်ဆံလိုက်သည်။ (ထိုအချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်သူ၏ ရှေ့ပိုင်းက ဖြစ်ခဲ့သော အံ့ဩမှုသည် ပို၍ ပြင်းထန်သွားလေသည်)

ယင်းအချက်ကို Brautigan ၏ In Watermelon Sugar ဝတ္ထုမှ ကောက်နှုတ်တင်ပြပါမည်။ ယင်းဝတ္ထုတွင် ကလေးငယ်လေးတစ်ယောက်၏ မိဘများကို "ကျား" များက ကိုက်သတ်လိုက်ကြသည်။ ထို့နောက်. . . ထို ကျားများနှင့် ကလေးငယ်တို့ စကားပြောကြသည်။ ဘာများ ပြောကြသည် ထင်ပါသနည်း။ ကလေးငယ်ကလေးက သူ့ဆရာမ အိမ်မှာတွက်ရန် ခိုင်းလိုက်သော သင်္ချာပုစ္ဆာများအကြောင်း ပြောပါသည်။

"ဘာတုန်းကွ ချာတိတ်" ကျားတစ်ကောင်က မေးလိုက်သည်။

"ကိုး. . . ကိုးလီ ဘယ်လောက်လဲဟင်"

"ရှစ်ဆယ့်တစ်ကွ" ဟု ကျားတစ်ကောင်က ဝင်ဖြေ၏။

"ရှစ်. . . ရှစ်လီ ကျတော့ကော"

"ငါးဆယ့်ခြောက်"

ကျွန်တော်က သူတို့ကို ဆက်မေးသည်။ ခြောက်. . . ခြောက်လီ၊ ခုနစ်. . . ခုနစ်လီ စသဖြင့်။ ကျွန်တော် ကြုံနေရသော ဒုက္ခအိမ်သင်္ချာပုစ္ဆာများ လေးငါးခြောက်ခု လျှောက်မေးပစ်လိုက်ရာ နောက်ဆုံးတွင် ကျားများ စိတ်ညစ်သွားပြီး ကျွန်တော့်ကို မောင်းထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

(Richard Brautigan ၏ In Watermelon Sugar စာအုပ်မှ)

ကလေးတစ်ယောက်နှင့် ကျားများ ရင်ဆိုင်တွေ့ခြင်းတည်းဟူသော ဖြစ်ရပ်ကြောင့် စာဖတ်သူက ဘာဖြစ်မလဲ၊ ဘာဖြစ်မလဲ၊ ဟု ရင်တမမ တွေးနေစဉ်တွင် ကလေးငယ်က (ထွက်ပြေးခြင်း၊ ခုခံရင်ဆိုင်ခြင်း စသည့် ပုံမှန်အဖြစ်အပျက်များကို မပြုလုပ်ဘဲ) သင်္ချာအလီပေါင်းမေးခြင်းဟူသည့် ပုံမှန် မဟုတ်သော အဖြစ်အပျက်ကြောင့် ဆန်းသစ်မှု ပျက်ပြယ်သွားရသည်။ သာမန်ဖြစ်ရိုးဖြစ်စဉ်ကိစ္စတစ်ခုသဖွယ် ပြန်ဖြစ်သွားသည်။ ယင်း သာမန်/ဖြစ်ရိုးဖြစ်စဉ်ကိစ္စသည် မူလဆန်းကျယ်မှုသဘောကို ဆန့်ကျင်ပေါ် ပေါက်လာခြင်းဖြစ်သည်။ ယင်းသို့ ဖြစ်လာသော ရေးဖွဲ့မှုကို Rhetoric of Contrasive Banality ဟု ခေါ်ပါသည်။

ဤသို့အားဖြင့် ဇာတ်ကောင်၏ လုပ်ဆောင်ချက်များသည် လွဲချော်နေခြင်း၊ အဆီအငေါ် မတည့်ခြင်း၊ အချိုးဖျက်ထားခြင်းမျှမကတော့ပေ။ စင်စစ် ပြောင်းပြန်လှန်ထားခြင်း ဖြစ်၏။ ပုံစံအားဖြင့် ပြရလျှင်. . .

ပထမအဆင့်- ပုံမှန်အပြုအမူ (လူ- လမ်းလျှောက်ခြင်း)

ဒုတိယအဆင့်- ထူးခြားအပြုအမူ (လူ ကောင်းကင်သို့



www.burmeseclassic.com

www.burmeseclassic.com



ပျံတက်ခြင်း)

**တတိယအဆင့်**- ထူးခြားသော အပြုအမူကို သာမန်အဖြစ် ထားရှိခြင်း (လူကောင်းကင်သို့ ပျံတက်သည့် ကိစ္စကို သာမန်ကိစ္စ အဖြစ် သဘောထား ဆက်ဆံခြင်း)

ပထမအဆင့်ကို ဒုတိယအဆင့်က ဆန့်ကျင်ပြီး ထို ဒုတိယ အဆင့်ကို တတိယအဆင့်က ထပ်၍ ဆန့်ကျင်လိုက်သောအခါ (စာ သားများက ဖော်ပြသော လောကအတွင်း၌ပင်) ယုတ္တိဗေဒသဘော ကို အစွန်းတစ်ဘက်ဆီသို့ အားကုန် လွှတ်လိုက်သည့်အဖြစ်သို့ ရောက်ရှိသွားလေသည်။

**၂။ (ဂ)း၄။ ။ ခုခံမှုနှင့် တွန့်ဆုတ်ခြင်း**

ပုံမှန်သမားရိုးကျ ဖြစ်မှုတစ်ခုအဖြစ်မှ ပုံမှန်လွန်/ သဘာဝ လွန် အဖြစ်အပျက်တစ်ခုကို ကူးပြောင်းတွေ့ကြုံရသည့်အခါ ယင်း ပုံမှန်လွန်ကိစ္စကို လှမ်း၍ ခုခံသော ခံစားမှု Resistance တစ်မျိုးရှိ သည်။ အထက်က ပြခဲ့သော သဘောတွင် ပထမအဆင့်မှ ဒုတိယ အဆင့်သို့ အကူးတွင် ခုခံမှုတစ်ခု ဖြစ်လာ၏။ တစ်ဖန်ထပ်၍ ဒုတိယ အဆင့်မှ တတိယအဆင့်သို့ ကူးသောအခါ ထို "သာမန်သဘော ဖြစ်ပျက်ခြင်း" ကပင်လျှင် အမြင့်ဆုံး စံသွေမှု ဖြစ်သွားလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့က ၂(ဂ)း၁ နှင့် ၂(ဂ)း၂ တွင် (၁) စိတ်ကူးဆန်းကျယ်မှု သည်သိမှုနှင့် ပတ်သတ်သော တွန့်ဆုတ်မှုသဘောကို ဆောင်ကြောင်း၊ (၂) ကိုယ်စားပြုမှုပါကြောင်း ပြောခဲ့ပြီးပါပြီ။ ယခု နိဂုံးချုပ်ရလျှင် ပို့စ်မော်ဒန်ဝတ္ထုတို့တွင်ကား ထို (ကိုယ်စားပြုသဘောကိုဆောင်သော) စိတ်ကူးဆန်းကျယ်မှုသဘောကို စံသွေပစ်လိုက်ကြသည်။ တည့်တည့်ပြောရလျှင် ကိုယ်စားပြုခြင်းသဘောကို စံသွေ၏။

ထိုအခါ- (လောကတစ်ခုတို) ကိုယ်စားပြုမှုနှင့်

- ကိုယ်စားပြုမှုကို ဆန့်ကျင်သော စံသွေမှုတို့အကြား တွန့်ဆုတ်မှုတစ်ရပ် ဖြစ်ပေါ်လာ၏။ ယခုတစ်ခါ ဖြစ်ပေါ်သော တွန့်ဆုတ်မှုသည်ကား အရှိတရားနှင့်ဆိုင်သော တွန့်ဆုတ်မှု Ontological Hesitation) ဖြစ်ရလေသည်။

(ဤနေရာတွင် Ontological Hesitation အကြောင်း ပြောရန် ၁(ဂ) ထွေပြားသောလောက အခန်းတွင် အစပျိုးခဲ့ပြီး ဖြစ်ပါသည်။ ထိုစဉ် က ခရေပွင့် (*) အမှတ်အသားပြခဲ့ပါသည်။ စိတ်ဝင်စားလျှင် ပြန်လည် ဆက်စပ် ဖတ်ရှုနိုင်ပါသည်)

* * *



www.burmeseclassic.com

www.burmeseclassic.com

# ၂(ဃ) တကယ်ရှိခဲ့သော လူများ၊ အဖြစ်အပျက်များနှင့် ပို့စ်မော်ဒန်

## ၂(ဃ)း၁။ ။ အာရုံအနက်ထင်စေသော ပစ္စည်းများ

Realemes

(ရှေးက ဖော်ပြခဲ့သော အခန်းများအနက် ၂(ခ) တွင် (အနာဂတ်နှင့်ဆိုင်သော) သိပ္ပံလွန် ကိစ္စများနှင့် ပို့စ်မော်ဒန်ကို ပြောခဲ့ပါသည်။ ၂(ဂ) တွင် စိတ်ကူးဆန်းကြယ်မှုနှင့် ပို့စ်မော်ဒန်အကြောင်းကို ပြောခဲ့ပါသည်။ ယခုအခန်းတွင် အကြောင်းအရာကို. . . အနာဂတ်ကာလဆီ မသွားဘဲ **အတိတ်ဆီ** ပြန်ခြေဦးလှည့်ပါသည်။ စိတ်ကူး

www.burmeseclassic.com

www.burmeseclassic.com



ဆန်းကြယ်မှု မဟုတ်သော- တကယ်ရှိသည့်လူများ၊ အဖြစ်အပျက်များ အကြောင်း ပြောပါမည်။ ဤသို့ အခန်းစဉ်ခွဲ အကြောင်းအရာခွဲလိုက်ခြင်းအားဖြင့် ပို့စ်မော်ဒန်ကို လေ့လာသူတို့အတွက် အကြောင်းအရာစုံ၊ ထောင့်စုံ ရှုမြင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်)

ယခုအကြောင်းအရာကို စမပြောမီ **Realemes** ဆိုသော ဝေါဟာရတစ်ခုအကြောင်းကို အရင်ရှင်းလိုပါသည်။ **Realemes** ဆိုသည်မှာ အာရုံအနက်ထင်စေသော စကား/ပစ္စည်းများဟု အဓိပ္ပာယ်ရပါသည်။

ကျွန်တော်တို့က ကုန်းဘောင်ခေတ်အကြောင်း ဝတ္ထုရေးမည်ဆိုပါစို့။ ကျွန်တော်တို့ရေးသော ဝတ္ထု၏လောကသည် ကုန်းဘောင်ခေတ်လောကဖြစ်ကြောင်း၊ ကင်းဝန်မင်းကြီး ဦးကောင်းကို လက်ဆွဲခေါ်လာပြီးပြ၍ရသည် မဟုတ်။ မင်းတုန်းမင်းကြီးကို ပြန်အသက်သွင်းပြီး အရှင်လတ်လတ် ထိုင်ပြခိုင်း၍ ရသည်မဟုတ်။ ရတနာပုံနေပြည်တော်ကြီးကို အကောင်အထည်လိုက်ကြီး ရွှေ့လာပြ၍ရသည်မဟုတ်။

စင်စစ် ထိုကာလကရှိခဲ့သော အထက်ပါ အရှိတရားများ သည် "အကြွင်းထည်" မျှသာ ဖြစ်ကြ၏။ ထိုသို့ဆိုလျှင် ကျွန်တော် တို့က ဝတ္ထုတို (ဝတ္ထုတို၏ လောကကို) မည်သို့ တည်ဆောက် မည်နည်း။

ကျွန်တော်တို့က ဝတ္ထုထဲတွင် (အထက်ပါ အကြွင်းထည်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများဖြစ်သော) ကင်းဝန်မင်းကြီး၊ မင်းတုန်းမင်းကြီး စသော လူပုဂ္ဂိုလ် အမည်နာမတို့ကို စကားလုံးများ အားဖြင့် ထည့်သုံးပြရ၏။ မြနန်းစံကျော် ရွှေနန်းတော်ကြီး၊ ဝေါယာဉ်၊ ခြေနင်းတော်၊ စလွယ်. . . အစရှိသည့် ပစ္စည်းတို့ကို စကားလုံးများအားဖြင့် သုံးနှုန်းပြရ၏။

မောင်တော်ဘုရား၊ နမတော်လေး၊ အနောက်နန်း မိဘုရားကြီး၊ ဘိုးဘိုးကြီး၊ စာဆိုကြီး စသော စကားအသုံးအနှုန်း/လေတို့ကို စကား လုံးများအားဖြင့် သုံးနှုန်းပြရ၏။

ထိုသို့ (စကားလုံးများအားဖြင့်ရေးသော) အမည်များ၊ ပစ္စည်း များ၊ အခေါ်အဝေါ်များ၏ နောက်ကွယ်တွင် စာဖတ်သူကို သီးခြား အာရုံအနက်ထင်စေသော လှုံ့ဆော်ချက်များ ပါရှိ၏။

တျာန်စစ်သား၊ ပြေည့်သင်၊ အိုမွန်လူ ဆိုသော အမည်များကို ကြားရရုံဖြင့် ပုဂံခေတ်အဝတ်အစားနှင့် လူပုဂ္ဂိုလ်ယောကျာ်း၊ မိန်းမ၊ (တစ်ဆက်တည်း ခေတ်အခြေအနေ) တို့ကိုပါ အာရုံထဲတွင် တွဲ၍ မြင်သည်။ လှုပ်ရှားလာသည်။ စာဆိုကြီး ဦးပုညဟူသော အမည်ကို ကြားရရုံဖြင့် တုန်းဘောင်ခေတ်အနေအထားကို မျက်စိထဲတွင် ပြေး မြင်ပြီးသား ဖြစ်သည်။ နှုတ်ခမ်းမွေးကားကား၊ ခေါင်းပေါင်းကြီးနှင့် တောင်ရှည် ပုဆိုးဝတ်ကာ လက်ထဲတွင် ပေရွက်ကိုင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



(သင်္ကေတသဖွယ်) လူတစ်ယောက်၏ ပုံသဏ္ဌာန်ကို မြင်လိုက်ပြီး သား ဖြစ်သည်။

ထို့ကြောင့် အထက်ပါ အမည်နာမများ၊ လူပုဂ္ဂိုလ်များ၊ ပစ္စည်းများ အခေါ်ဝေါ်များသည် မည်ကာမတ္တမဟုတ်ဘဲ အာရုံအနက်ကို ယှဉ်ဆောင်ပေးနိုင်စွမ်းရှိသော Realemes များ ဖြစ်ကြသည်။

၂(ယ)း၂။ ၊ အတန့်အသတ်

ထို Realemes တို့၏ သတ်မှတ်ချက်နှင့် အာရုံအနက် ဖော်ဆောင်ခွင့်တို့သည် ကိုယ့်ယဉ်ကျေးမှုနယ်ပယ်နှင့်ကိုယ်၊ ကိုယ့်ခေတ်ပြိုင် အခြေအနေနှင့်ကိုယ်သာ မှီခိုနေရ၏။ ထိုခေတ်နှင့် ထိုယဉ်ကျေးမှုတို့၏ တန့်သတ်မှု/ဆုံးဖြတ်မှုတို့ကို လက်ခံရ၏။ ဆိုပါစို့ . . ခန်ကြီးဟု ဆိုလိုက်လျှင် ကုန်းဘောင်ခေတ်အနေအထားအရ ဖောင်းထုပ်ကြီးဆောင်းကာ သိုရင်းအင်္ကျီတဖားဖားနှင့် လူကြီးတစ်ယောက်ကို မြင်ယောင်လာမည်ဖြစ်သော်လည်း ယခုခေတ်အတွက်ကား (ထိုစကားလုံးကို သုံးလျှင်) မည်သူမျှထိုပုံစံမျိုး မြင်မည်မဟုတ်ပေ။ လွတ်တော်ဟူသော စကားရပ်တစ်ခုတည်းကပင်လျှင် ကုန်းဘောင်ခေတ်အတွက် တစ်မျိုး၊ နှောင်းပိုင်းခေတ်အတွက်တစ်မျိုး သဘောသဘာဝချင်း မတူညီကြပေ။ ဘွဲ့ဆိုလျှင်လည်း ထိုနည်းတူပင် သခင်က ရှင်ဘုရင်က သဘောကျလျှင်နဖူးစည်း ရွှေပြားတွင်



www.burmeseclassic.com

www.burmeseclassic.com



အမည် ထိုး၍ ပေးသည့်အရာ၊ ယခုခေတ်တွင်မူ တက္ကသိုလ်၌ ပညာသင်ပြီး ချိုးမြင့်သည့် လက်မှတ်။ မတူတော့ပေ။

**ခေတ်တစ်ခု၊ ယဉ်ကျေးမှုတစ်ခုတိုင်းအတွက် အာရုံအနက်တစ်မျိုးစီ ရှိကြ၏။** (ဝေါဟာရတစ်ခုအတွက်) ခေတ်တစ်ခု/ယဉ်ကျေးမှုတစ်ခုက ဆုံးဖြတ်သော အာရုံအနက်ကို လက်ခံပြီးလျှင် တစ်ပြိုင်နက်တည်းမှာ အခြားခေတ်/ယဉ်ကျေးမှုများ၏ အနက်ကို လက်ခံ၍ မရတော့ပေ။ ပယ်ချလိုက်ရ၏။ စာဆိုတော်ကြီးဟု ဆိုလိုက်သော ဝေါဟာရကို ကုန်းဘောင်ခေတ် (ဆိုကြပါစို့) အသုံးအနှုန်းအဖြစ် အာရုံ အနက်ရပြီး တစ်ပြိုင်နက်တည်းမှာပင် ၃၃ လမ်းထဲတွင် လွယ်အိတ်တစ်လုံး၊ မျက်မှန်တဝင်းဝင်းဖြင့် လျှောက်သွားနေသော လူတစ်ယောက်ကို ရုပ်ပုံဖော်ကြည့်၍ မဖြစ်။ ယခုခေတ်/ယဉ်ကျေးမှု၏ အနက်ကို ပယ်ထားရ၏။ ထို့နည်းတူပင် မိမိဝတ္ထုထဲရှိ ဇာတ်ကောင်ကို အိုမေသဥ္စာဦးဟု အမည်ပေးပြီး ပုဂံခေတ် အခင်းအကျင်း ဖွဲ့၍ မရ။ "**မောင်တော်ဘုရား . . . နှမတော်လေးနဲ့ တီဗီဂိမ်း အတူတူ ကစားရအောင်ဘုရား**" ဟုရေးလျှင် ဝတ္ထုအခင်းအကျင်း ပျက်သွားလိမ့်မည်။

ယင်းကို "**စည်းကျော်ခြင်း (Trangress)**"ဟု ခေါ်ပါသည်။ ပကတိ (External) နှင့် အာရုံ (Internal) တို့အကြားတွင် ရှိသော ရှိမှုအချင်း



www.burmeseclassic.com

www.burmeseclassic.com



အရာများကို ကန့်သတ်ထားသည့် နယ်နိမိတ် Ontological Boundary ရွှေ့လွဲသွားသည့်သဘောပင် ဖြစ်သည်။ သမားရိုးကျ ရာဇဝင်ဝတ္ထု များတွင်ကား ထိုသို့စည်းကျွံမှု မဖြစ်စေရန် သတိကြီးစွာထားပြီး ထိန်းသိမ်းကြ၏။

ပို့စ်မော်ဒန် ဝတ္ထုများတွင်ကား ထိုသို့ မဟုတ်တော့ပေ။

၂(ဃ)း၃။ ။ မူရင်း မှတ်တမ်းအဖြစ်အပျက်များကို လွှဲဖယ်ခြင်း

ပို့စ်မော်ဒန်သမားတို့က ထိုခေတ်၊ ထို ယဉ်ကျေးမှုအလိုက် ဖြစ်ခဲ့ပါသည်ဟူသော မှတ်တမ်းတွင် အဖြစ်အပျက်များကို လွှဲဖယ်ပစ်ကြသည်။ စံသွေပစ်ကြ၏။ သူတို့အရေးအဖွဲ့များတွင် Realemes တစ်ခုမှတစ်ခုကူးပြ၏။ ခေတ်အခြေအနေတစ်ရပ်တွင် သုံးခဲ့သော အသုံးအနှုန်းကို တခြားခေတ် အခြေအနေပြ အဖွဲ့အနွဲ့ထဲတွင် ထည့်သွင်းရေးပြ၏။ ယင်းသို့ ပြုလုပ်ဖော်ပြသောနေရာတွင် အောက်ပါ အချက် (၂) ချက်ကို ခံစားတွေ့ရှိရလေသည်။

(၁) ယခင်က (တကယ့်ဖြစ်ရပ်မှန်အဖြစ် ယုံကြည်မှတ်တမ်းတင်ပြီးသား) အဖြစ်အပျက်တို့၏ အတွင်းသားကို အခြားရှုဒေါင့်တစ်မျိုးမှ လှည့်၍ ပြန်လည်ဖွင့်ဆို၏။ (ထိုစဉ်တုန်းက) နက်နဲပါသည်ဟု အများလက်ခံထားသည့် အဖြစ်အပျက်တို့ကို ပေါ့တန်အောင် လုပ်ပစ်၏။ လူကောင်းအဖြစ် (ရှေးရိုးစဉ်လာအရ) သတ်မှတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ခံရသူတို့၏ အဆိုးသဘောကို ပေါ်အောင်ပြ၏။

(၂) ပကတိရှိခဲ့ဖူးသော ရာဇဝင်ဖြစ်ရပ်မှန်တည်း ဟူသည့် (ကိုယ်ထည်) ၏ စံ/အမည်သတ်မှတ်ချက်ကို အများသဘောတူ လက်ခံမှု ပုံသဏ္ဍာန်ကို ပြောင်းလဲပစ်လိုက်၏။

ထိုသို့ပြုလုပ်ခြင်းသဘောကို ပို့စ်မော်ဒန်သမားတို့က Apocryphal History ဟု ခေါ်ပါသည်။ ယင်း Apocryphal History တစ်ခု ဖြစ်ပေါ်ရန် ပို့စ်မော်ဒန်သမားတို့ သုံးသော နည်းဗျူဟာနှစ်ရပ်ရှိ၏။ ယင်းတို့မှာ. . .

၁/ ရှိပြီးသား မှတ်တမ်းတင်ပြီးသားအဖြစ် (ရာဇဝင်) ကို နောက်ဆက်တွဲ ထပ်ဖြည့်ခြင်း

၂/ အများက တရားဝင်နားလည်ပြီးသား အဖြစ်အပျက် (ရာဇဝင်) တစ်ခုလုံးရှိ နေရာများ၊ လူပုဂ္ဂိုလ်များ၊ အဖြစ်အပျက်များ၊ အချိန်များ၊ အတွေးအမြင်များအားလုံးကိုရွှေ့လွှဲပစ်ခြင်း၊ ဖျောက်ပစ်ခြင်း။

၂(ဃ) ၊ ၄၊ ၊ **FLICKER**

သမားရိုးကျ ရာဇဝင်ဝတ္ထုများတွင် လိုက်နာရသော Dark Area ဟူသည့် သဘောတစ်ရပ်ရှိ၏။ တကယ့်သမိုင်းဖြစ်ရပ်နှင့် တစ်နည်း တစ်ဖုံ ဆက်စပ်နိုးနွယ်နေသော်လည်း သမိုင်းတွင် တရားဝင် မှတ်တမ်းတင်ခြင်း မခံလိုက်ရသော အဖြစ်အပျက်၊ ကာလ၊ နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ (ဝါ) စာဖတ်သူက ထိုသို့ နားလည်ပေးထား၏။ သမိုင်းဝတ္ထု ဆရာသည် ထို Dark Area ထဲတွင်သာ သူ့စိတ်ကြိုက်ဖန်တီး ခွင့်ရသည်။ (ဥပမာ. . . တက္ကသိုလ်ဘုန်းနိုင်၏ "သူ့ကျွန်မခံပြီ")

ပို့စ်မော်ဒန် ဝတ္ထုများကမူ ထိုသတ်မှတ်ချက်ကို မလိုက်နာ ပေ။ အထက်က တင်ပြခဲ့သော သူတို့သုံးသည့် နည်းဗျူဟာ (၂) ရပ်တွင် ပထမတစ်ရပ်က Dark Area အတွင်း ရှိနေသေးသည်ဟု ဆိုနိုင်သော်လည်း ဒုတိယတစ်ရပ်က Dark Area သဘောတရားကို လုံးဝ ချိုးဖောက်လေသည်။

ထိုသို့ ပြုလုပ်သည့် နည်းနှစ်ခုစလုံး၏ ရလာဒ်မှာ တရားဝင် နားလည်လက်ခံထားပြီးသား သမိုင်းအမြင်၊ အဖြစ်အပျက်များနှင့် အခြား (တစ်ခါတရံ အခြေခံကစ၍ လုံးဝကွဲလွဲသော) ဖြစ်ရပ်တစ်ခု တို့ ပူးဆက်ရောနှော ရှုပ်ထွေးသွားခြင်းပင်။ ယင်းသည် [၂(က) Zone သဘောတွင် ကျွန်တော် တင်ပြခဲ့ပြီးသော] Juxtapose လုပ်ခြင်း ပင် ဖြစ်၏။

ထိုအခါ အမှန်တကယ်ရှိခဲ့ဖူးသော အဖြစ်အပျက်များ/လူများ (ပကတိရာဇဝင်) နှင့် ထိုအဖြစ်အပျက်များကို လွှဲဖယ်ထားသော ပို့စ်မော်ဒန်သမားတို့၏ Apocryphal ရာဇဝင်တို့ ထိပ်တိုက်တွေ့ကြ သည်။ တင်းမာမှု ဖြစ်သည်။ ထိုလောကနှစ်ခုကြားရှိမှု (လောက



www.burmeseclassic.com

www.burmeseclassic.com



အချင်းအရာများ) ဟိုဘက်လောကထဲ ဝင်လိုက်၊ ပြန်ထွက်လိုက်၊ ဒီဘက်လောကထဲ ဝင်လိုက်ပြန်၊ ထွက်လိုက်ပြန်နှင့် ဝင်ချီ ထွက်ချီ လှစ်ခနဲ၊ လှစ်ခနဲ ကူးချည်သန်းချည် ဖြစ်နေသည်။ ယင်းကို Flicker ဟု ခေါ်ပါသည်။

**၂(ယ) း ၅။ ။ ပို့စ်မော်ဒန်သမားတို့၏ သမိုင်းအမြင်**

**ပို့စ်မော်ဒန်သမားတို့၏ သမိုင်းအမြင်ကို (Paranoiac Vision) စိတ်ဖောက်မှုအမြင်ဟု ခေါ်သည်။** ထိုကိစ္စသည် အရေးကြီးပါသည်။ သည်နေရာတွင် အကျယ်တဝင့် ရှင်းရန် မလွယ်ပါ။ အတိုချုပ်ကို ရေးပါမည်။

လူ့လောကစတည်သည့်မှ အစပြု၍ ထွန်းကားလာခဲ့သမျှ ဖြစ်စဉ်တစ်လျှောက်လုံး သီဝရီများ၊ ဝါဒများ၊ အတတ်ပညာ၊ အသိပညာ၊ စနစ်အမျိုးမျိုး၊ တစ်ခုပြီးတစ်ခု အထပ်ထပ် ပေါ်လာခဲ့သည်။ ပေါ်လာဆဲ၊ ပေါ်လည်း ပေါ်လာဦးမည်။ သီဝရီတစ်ခုအပေါ် တစ်ခု အနိုင်ရသွားခြင်းမျိုးလည်း တွေ့ခဲ့ရပြီ။ သို့သော် အစအဆုံး ရေကုန်ရေခမ်း ပြတ်ပြတ်သားသား အနိုင်ရခြင်း မဟုတ်။ သမိုင်းတွင် အပေါ်ယံမျှ (ဟန်ပြသသော) အနိုင်ရခြင်းမျိုးသာ ဖြစ်၏။ စင်စစ် တစ်ခုကိုတစ်ခု အမြစ်မနှုတ်နိုင်။ အပြန်အလှန် ထိုးရင်းနှက်ရင်း သူရောကိုယ်ပါ တန်းလန်းကြီး ဖြစ်နေကြသည်။ သီဝရီလွန်ဆဲနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်ဆုံး ဆုံးဖြတ်ချက်ကား မကျ။ လူတို့ကသာ ထိုလွန်ဆွဲမှုတို့ကြားတွင် ပေါလောမျောနေသော စိတ်ဖုတ်မှု တစ်ခုနှင့်အတူ ကျန်ရစ်ရလေသည်။

တကယ်တမ်း ပြဿနာက ဝါဒကိစ္စ၊ သီဝရီကိစ္စ မဟုတ်။ ဝါဒချင်း တိုက်ပွဲ၊ သီဝရီတိုက်ပွဲထက် ပို၍ အရေးကြီးသော (သို့သော် မထင်မရှားဖြစ်နေသော) တိုက်ပွဲတစ်မျိုး ရှိသေးသည်။ ယင်းတိုက်ပွဲမှာ လူနှင့် လူအချင်းချင်း ဆက်ဆံရေး၏ တိုက်ပွဲဖြစ်သည်။

ယင်းကို လျှို့ဝှက်သမိုင်း (Secrete History) ဟု ခေါ်ပါသည်။ Ishmael Reed ရေးခဲ့သော စကားလုံး ဖြစ်ပါသည်။ သူ၏ Mumbo Jumbo စာအုပ်ထဲတွင်-

"အားလုံးသော နိုင်ငံရေးစစ်ပွဲတွေ၊ ယဉ်ကျေးမှုစစ်ပွဲတွေရဲ့ နောက်ကွယ်မှာ (တစ်နည်း) အောက်လွှာမှာ လျှို့ဝှက်မြုပ်ကွယ်နေတဲ့ လူ့ဆက်ဆံရေးအဖွဲ့အစည်းတွေကြား တိုက်ပွဲတစ်ခု ရှိနေတတ်တယ်လို့ တစ်ခါက ပြောဖူးတယ်" ဟု ရေးခဲ့၏။

(ပို့စ်မော်ဒန်ဝတ္ထု) ပုံစံများထဲတွင် Creative Anachronism ဟု ခေါ်သော ခုနှစ်သက္ကရာဇ် အလွဲလွဲ အမှားမှားနှင့် ဖန်တီးသည့် ပုံစံတစ်ခု ရှိပါသေးသည်။ မြန်မာဝတ္ထုများထဲတွင် ထိုပုံစံမျိုး သိပ်မတွေ့ရသေးသောကြောင့် ချန်လှပ်ခဲ့ပါမည်။

* * *

ထုတ်ဝေတယ် ____________________

www.burmeseclassic.com

www.burmeseclassic.com

## ၂(င) ဖျက်ပစ်ခြင်း ဗျူဟာနှင့် ပို့စ်မော်ဒန်

### ၂(င) း ၁ ။ ။ Ambiguity နှင့် ပို့စ်မော်ဒန်

မော်ဒန်ဝတ္ထုများတွင် အဓိပ္ပာယ် စုံတွဲပြားမှုသဘော (Ambiguity) ရှိကြောင်း ထပ်ခါတလဲလဲဆိုခဲ့ပြီး ဖြစ်သည်။ ပို့စ်မော်ဒန်ဝတ္ထု များတွင်လည်း နားလည်ရခက်သော အချက်များ တွေ့ရသည်။ သို့ ရာတွင် ယင်းတို့သည် Ambiguity မဟုတ်ပေ။ မော်ဒန်ဝတ္ထုများသည် သိမှု Epistomology အပေါ်တွင် အခြေခံ၏။ မော်ဒန်ဝတ္ထုများတွင် တွေ့ရသော Ambiguity သည်လည်း သိမှု Epistomology နှင့် ဆိုင် ၏။ ပို့စ်မော်ဒန်ဝတ္ထုများကမူ ထိုသို့မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



Clarence Major ၏ Reflex and Bine Structure ဝတ္ထုမှကောက်နှုတ်ချက်ကို ကြည့်ပါ။

"မှန်တင်ခုံပေါ်မှာ လက်ထောက်နေရတာ ငါ့တံတောင်ဆစ်တွေ ကိုက်လာပြီ။ အဲဒီမှာ တစ်ယောက်ယောက်က တံခါးကို တွန်းဖွင့်လိုက်တယ်။ ပါးစပ်အဟောင်းသားနဲ့ မတ်တတ်ရပ်ငေးနေတာ... အဲဒါ ဒေးလ်ပေါ့။ ငါ သူ့ကို ဖျက်ပစ်လိုက်တယ်။ ဒေးလ်က စင်ပေါ်မှာ ရှိနေတုန်းပဲလေ။

ဒေးလ်က တံခါးကို တစ်ခါ တွန်းဖွင့်လိုက်တယ်၊ ဒီတစ်ကြိမ်တော့ (သူ ရပ်ငေးမနေတော့ဘဲ၊ အခန်းထဲ) ဝင်လာတယ်။"

စာဖတ်သူတို့အတွက် ဒေးလ်သည် တံခါးဝတွင် ရပ်နေသူလည်း ဖြစ်သည်။ တစ်ချိန်တည်းတွင် စင်ပေါ်တွင် ရောက်နေသူလည်း ဖြစ်သည်။ အခြေအနေအားလုံးကို ဖျက်ပစ်လိုက်သည်။ နောက်. . . ပြန် စသည်။ နောက်တစ်ကြိမ် ဒေးလ်သည် တံခါးကို ဖွင့်ပြန်သည်။ သည် တစ်ကြိမ်တွင်တော့ သူ ဝင်လာသည်။

ယင်းသဘောသည် နေရာတိုလိုက်၍ အရောင်ပြောင်းသည့်သဘော (iridesce) (ဝါ) တဖျပ်ဖျပ်လက်ခြင်းသဘော (opalescence) ဖြစ်သည်။

(သည်နေရာတွင် "တဖျပ်ဖျပ်လက်ခြင်းသဘော" အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောရန်အတွက် ပို့စ်မော်ဒန်။ ၁(င) စာဖတ်သူ၊ လောက၊ စာသားနှင့် စံသွေမှုအခန်းတွင် အစပျိုးဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ခရေပွင့်အမှတ် အသားပြခဲ့၏။ ပြန်လည်ဆက်စပ်ဖတ်ရှုပါရန်)

ယင်းကို တစ်ချက်ချင်း ခွဲခြမ်းစိပ်ဖြာကြည့်မည်ဆိုလျှင်

၁/ဒေးလ်သည် တံခါးဝတွင်ရှိကြောင်း စာသားများက တည်ဆောက်ပြသည်။

၂/ဒေးလ်သည် စင်ပေါ်တွင်ရှိကြောင်း စာသားများက တည်ဆောက်ပြသည်။

(တစ်ချိန်တည်းမှာပင် နံပါတ်(၁) အချက်ကို စာသားများက ပြန်ဖျက်ပစ်လိုက်၏)

၃/ဒေးလ်သည် တံခါးဝတွင် ရှိကြောင်း စာသားက ဖော်ပြပြန်သည်။

(အထက်က နံပါတ် (၂) အချက်ကို စာသားအားဖြင့်ပင် ပြန်ဖျက်သည်)

စာသားကို မြင်လိုက်သည်နှင့် ဖျပ်ခနဲ အာရုံလောကကို တည်ဆောက်သည်။

"တံခါးဝတွင် ရှိသည်" ဟူသော စာသားကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် အာရုံလောကထဲတွင်လည်း "တံခါးဝတွင် ရပ်နေသော

ငါတို့မှ

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်" ပေါ်လာသည်။

"စင်ပေါ်တွင် ရှိသည်" ဟူသော စာသားကို ထပ်မြင်လိုက်ရသောအခါ စောစောက တည်ဆောက်ခဲ့သော အာရုံလောက တည်ဆောက်မှု ဖြစ်စဉ်သည် ပျက်စီးသွားသည်။ စင်ပေါ်တွင် ရပ်နေသော လူတစ်ယောက်၏ ပုံကိုမြင်နိုင်ရန် အာရုံကို ထပ်မံ တည်ဆောက်ရပြန်သည်။ သို့သော် "တဖန် တံခါးဝတွင် ရပ်နေသည်" ဟူသော စာသားကို ထပ်မြင်လိုက်ရသောကြောင့် အထက်က ထပ်မံတည်ဆောက်သည့် အာရုံတည်ဆောက်မှု ဖြစ်စဉ်သည် ပျက်သွားရပြန်သည်။

[စာသားကို မြင်သည်နှင့် အာရုံလောကကို တည်ဆောက်သည်] ဟူသော ဖြစ်စဉ်သည် ဘာမှ အတည်တကျ မရှိကြောင်း၊ ဘာမှယုံကြည်၍ မရကြောင်း တွေ့ရလေတော့သည်။ တစ်နည်းအားဖြင့်ဆိုရသော် (စာသားအားဖြင့်) စီမံဖန်တီးထားသော လောက၏ လောက အချင်းအရာ အရှိတရားများကို "တည်ငြိမ်သော" အနေအထားအဖြစ်မှ ဖျက်ပစ်လိုက်ခြင်းပင် ဖြစ်သည်။ (Destabilizing the Ontology)

ဒေးလ်သည် တကယ်ပဲ ရပ်နေသလား၊ ရပ်မနေဘူးလား ဟု ဆုံးဖြတ်ရခက်သည်ကတော့ မှန်၏။ သို့သော် ယ်ိသည် Ambi-



www.burmeseclassic.com

www.burmeseclassic.com



guity မဟုတ်။ သိမှုနှင့် Epistomology နှင့် မဆိုင်၊ ဒေးလ်သည် တံခါး၀၌ တစ်ချိန်တည်း၌ ရပ်နေ၍ တစ်ချိန်တည်း၌ ရပ်မနေ။ ပထမအကြိမ်အဖြစ် ရပ်နေ၏။ နောက် တခဏအကြာတွင်လည်း ပထမအကြိမ်အဖြစ် လာရပ်ခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် သည်ဘက်လောကထဲမှ လှစ်ခနဲထွက်၊ ဟိုဘက်လောကထဲ လှစ်ခနဲဝင်၊ လှစ်ခနဲ ပြန်ထွက်၊ လှစ်ခနဲ ပြန့်ဝင် ဖြစ်နေသော Flicker သဘော ဖြစ်၏။

(ဆက်စပ်ရည်ညွှန်း။ ။ ပြီးခဲ့သည့် အခန်းစဉ် အမှတ် ၂(ဃ)၄) ယင်း Flicker သဘောသည် ပို့စ်မော်ဒန်တို့ အခြေစိုက်သော Ontology ဖြစ်လေသည်။

၂(င)း၂။ ။ နှစ်နေရာစလုံးတွင် ရှိနေခြင်း

"မောင်မောင်သည် မန္တလေးတွင် ရှိနေသည်"ဟု ဆိုလျှင် "မောင်မောင်သည် ရန်ကုန်တွင် ရှိမနေကြောင်း" လက်ခံရသည်။ တဖန် "ရန်ကုန်တွင် ရှိနေသည်"ဆိုလျှင် "မန္တလေးတွင် ရှိမနေ"ဟု လက်ခံရသည်။ ဤသဘောကို Law of the excluded middle ဟူသော ဥပဒေဖြင့် ပြီးခဲ့သည့် အခန်းခွဲ ၂(က)း၁ တွင် ရေးခဲ့ပြီး ဖြစ်ပါသည်။ ပို့စ်မော်ဒန်သမားတို့က ထိုဥပဒေကို ချိုးဖောက်သည်ဆိုသည့် အကြောင်းကိုလည်း အလေးအနက် ပြောခဲ့ပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ ယခုလည်း ဒေးလ်သည် တံခါးဝမှာလည်း ရှိ၏။ စင်ပေါ်မှာလည်း ရှိ၏။ နှစ်နေရာစလုံးတွင် ရှိနေသည်။

ဤသို့ ဟိုဘက် (နေရာသတ်မှတ်ချက်)တွင် ရောက်လိုက်၊ သည်ဘက် (နေရာသတ်မှတ်ချက်)တွင် ရောက်လိုက်နှင့် Flicker ဖြစ်အောင် ရေးသည့် နည်းသည် ပို့စ်မော်ဒန်သမားတို့ သုံးစွဲသော နည်း ဖြစ်ပါသည်။ ဤသို့အားဖြင့် ပို့စ်မော်ဒန်သမားတို့သည် ဖန်တီးပြီး ဖျက်ပစ်လိုက်သောနည်းကို သုံးပြီး ရေးကြပါသည်။

၂(င) ႏ ၃။ ။ ဖြစ်စဉ်၏ အစမှတ်ကို ပြန်ရောက်နေခြင်း

ယခုပြောလိုသောအကြောင်းမှာ စီစဉ်မှု (ဝါ) ဖြစ်စဉ် (Sequence) သဘောပင် ဖြစ်ပါသည်။

ပို့စ်မော်ဒန်သမားတို့က သူတို့၏ ဝတ္ထုများကို "စီစဉ်မှု"ဖြင့် တည်ဆောက်ထားပါသလား ဟု မေးလျှင် "တည်ဆောက်ထားတာက်ပါသည်" ဟုပင် ပြန်ဖြေရပေလိမ့်မည်။ ဆက်မေးပါဦးမည်။

"ဘာကြောင့် ဘယ်လို စီစဉ်မှုကို တည်ဆောက်သနည်း" အဖြေကား ရိုးရိုးကလေးပင်။ "ထိုစီစဉ်မှုကို ပြန်ဖျက်ပစ်ဖို့ရန် (ထိုအစီအစဉ်ကို) တည်ဆောက်ပါသည်"။

ထိုစီစဉ်မှုကို ပြန်ဖျက်ပစ်သည့် နည်းဗျူဟာကလည်း ရိုးရိုးကလေးပင်။ ဥပမာ ၁၊ ၂၊ ၃၊ ၄၊ တို့သည် စီစဉ်ထားသော ဖြစ်စဉ်/



www.burmeseclassic.com

www.burmeseclassic.com



အခန်းစဉ်/ လှုပ်ရှားကွက်များ ဖြစ်သည်ဆိုပါစို့။ ပို့စ်မော်ဒန်သမားတို့က အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်။

၀၊ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၀။

တစ်စုံတရာ ဖြစ်သည်။ နောက်--ဆက်ဖြစ်သည်။ --ဆက်ဖြစ်သည်၊ --ဆက်ဖြစ်သည်။ နောက်-- ထို အဖြစ်အပျက်များ မတိုင်မီ မဖြစ်ပျက်မီ Moment ခဏကာလသို့ ပြန်ရောက်နေသည်။

၂(c)း ၄။ ။ဝတ္ထု

အထက်ပါ သဘောနှင့် နီးစပ်သော ဝတ္ထုတစ်ပုဒ်ကို ဥပမာအဖြစ် ပြလိုပါသည်။ <u>*သရုပ်ဖော်မဂ္ဂဇင်း၊ အမှတ် (၂၈) စာမျက်နှာ ၁၃၈၊ နေကောင်းတင် ၏ မင်္ဂလာဧည့်ခံပွဲဝတ္ထု*</u>ကို ဖြစ်ပါသည်။

ဝတ္ထုအစကို မင်္ဂလာဧည့်ခံပွဲတစ်ခု၏ အခမ်းအနားဖြင့် စတင်ဖွင့်လှစ်ထား၏။ ထိုမင်္ဂလာပွဲကို ဇာတ်ကောင်/ စာရေးသူက စောင့်ကြည့်နေသည် (ဝတ္ထုတစ်လျှောက်လုံး)။ သတို့သမီးသည် ဇာတ်ကောင်/ စာရေးသူ၏ ချစ်သူ။ သို့သော် သတို့သားသည်ကား အခြားလူတစ်ယောက်။ ထိုမင်္ဂလာပွဲသည် စိတ်မချမ်းသာစရာ ကောင်းလှ၏။ သတို့သမီးကလည်း မှဲ့နေ၏။ သူနှင့် လက်မထပ်လိုက်ရသော ချစ်သူ (စာရေးသူ/ဇာတ်ကောင်)ကို အားကိုးတကြီး ရှာဖွေနေ၏။ ဆိုလိုသည်မှာ ယခု လက်ထပ်ထားရသော သတို့သားကို ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးက လက်မထပ်ချင်။ ထို့ကြောင့် သတို့သမီး၏ မျက်နှာမဲ့နေသည်။ မင်္ဂလာဧည့်ခံပွဲလာ ဧည့်ပရိသတ်များလည်း မဲ့နေသည်။ စိတ်မချမ်းသာစရာ ကောင်းလှ၏။

အထက်ပါ အစီအစဉ်များကို စာရေးသူက တောက်လျှောက် ရေးပြသွားပြီး၊ နောက်ဆုံးတွင် ဖြန်းခနဲ ပြောင်းလဲသွားသည်။ (ကျွန်တော်ကတော့ ထိုမင်္ဂလာပွဲ အစီအစဉ်၏ အစသို့ ပြန်ရောက်သွားသည်ဟု ခံစားချင်ပါသည်) စာရေးသူက

*သူ့ကိုကြည့်၍ အားလုံး မဲ့နေကြ၏၊ သူမ ပြုံးပါသည်၊ လက်ထပ်ပွဲ ဆင်နွှဲနေသော သတို့သမီးလေး ပြုံးနေပါသည်၊ သူမ၏ အပြုံးကို ကြည့်၍ တမ္ဘာဖျက်အောင် လှမ်းပါသည်၊ တမ္ဘာဖျက်အောင် သူ လှမ်းနေပါသည်၊*

*(နေကောင်းတင်)*

သူဆိုသည်မှာ စာရေးသူ/ဇာတ်ကောင် ဖြစ်ပါသည်။ စောစောက ပြောခဲ့သော အစီအစဉ်များကို ဖြန်းဆို ရပ်ပစ်လိုက်ပြီး အစက ပြန်စလိုက်သောအခါ ပထမ အစီအစဉ်လို မဟုတ်တော့ပါ။ ပရိသတ်များနှင့်တကွ သတို့သား/သတို့သမီးတို့က သူ့ကို(စာရေးသူ/ဇာတ်ကောင်) ကိုသာ ကဲ့ရဲ့ ပြစ်တင်လိုသည့် သဘောကို ပြနေကြ၊ မဲ့ကြပါသည်။ သတို့သမီးလေးကလည်း စောစောက အစီအစဉ်လို



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မပေါင်းလိုက်ရသော ချစ်သူ (စာရေးသူ/ဇာတ်ကောင်) အတွက် ဝမ်းနည်းမနေပါ။ ပြုံးနေပါသည်။

အစီအစဉ်ဟောင်းကို ဖြတ်ချထားခဲ့ပြီး အစက တစ်ကြိမ် ပြန်စလိုက်သည်။ အဖြစ်အပျက်များ၊ လှုပ်ရှားမှုများသည် ပထမအစီအစဉ် နှင့် ခြားနားသွားတော့သည်။

၂(င) ။ ၅ ။ ။ မတည်တံ့မှုနှင့် တင်းမာမှု

ထိုသို့ အစီအစဉ်တစ်ခုကို ဖျက်ခြင်း၊ တစ်ကနေ ပြန်စခြင်းတို့ကို ပြုလုပ်လိုက်သောကြောင့် ကျွန်တော်တို့သည် ကိုယ့်ကိုကိုယ် ဘယ်နေရာတွင် ရှိနေသည်ကို သတ်မှတ်၍ မရတော့။ ထိုသို့ မိမိယုံကြည်သော အစီအစဉ်ကို အဖျက်ခံလိုက်ရခြင်း၊ ထိုအစီအစဉ်ကို ပင် ပြန်စရခြင်းတို့ကို ဘယ်သူက ညွှန်ကြားပေးစေခိုင်းနေသနည်း??? ယင်း အစီအစဉ်သဘောတို့သည် တန်ခိုးအာဏာရှင် တစ်ဦးဦး၏ ညွှန်ကြားကို နာခံနေရသလို ဖြစ်နေ၏။ ထိုသို့ ဘယ်ကမှန်းမသိ ရောက်လာသော ညွှန်ကြားရှင်သည် Flickering ဖြစ်နေသော လောက၏ အရှိတရား ကိစ္စများ မတည်တံ့ပုံကို ပိုမို ထင်ရှားစေလေသည်။

နောက်တစ်ချက်။ စာဖတ်သူက ဝတ္ထု၏ စီစဉ်ထားရှိမှုထဲတွင် အာရုံခံစားမှုကို မြှုပ်နှံထားပြီး တစ်ဆင့်ပြီးတစ်ဆင့် ဖတ် ဖတ်သွား၏။ ထိုသို့ ရှိနေရာမှ ဖြုန်းခနဲ ဖျက်ပစ်ခြင်းနှင့် ကြုံလိုက်ရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ထို မြှုပ်နှံထားသော အာရုံသည် ဖျားယောင်းခံထားရသော အာရုံဖြစ်ကြောင်း ထင်ရှားသွား၏။ ယင်းနှင့်အတူ စာဖတ်သူက နှစ်ဝင်ခံစားနေသော ကိုယ်စားပြုမှုသည်လည်း ဖျက်ဖြယ်သွားတော့၏။ (ပို့စ်မော်ဒန်တို့၏ ကိုယ်စားပြုမှုကို ဆန့်ကျင်ခြင်းသဘောကို ဤဆောင်းပါး ရှေ့ပိုင်း ၂(ဂ)း၄ အခန်းတွင် ဖော်ပြခဲ့ပြီး)

စာဖတ်သူက **"အတည်အတန့်"** ရှိစေချင်၏ (စာဖတ်သူ၏ ဆန္ဒ)။ ဝတ္ထုထဲမှ စာသားတို့ ဖော်ပြသည်က **"မရှိခြင်း"** (စာဖတ်သူ၏ စိတ်ကသိကအောက်ဖြစ်မှု)။ ယင်းတို့နှစ်ခုကြားတွင်ရှိသော တင်းမာမှုကို အထက်ပါ **"စိတ်စဉ်မှုကို ဖျက်ပစ်ခြင်း နည်းဗျူဟာ"** က ပို၍ မြင့်မားစေလေသည်။

## ၂(င)း၆း။ ကွင်း (Loop)

သည်နေရာတွင် ပြောစရာအချက် နှစ်ချက်ရှိပါသည်။ ယင်းတို့မှာ ၁/ဖြစ်စဉ်များနောက်မှ ရှေ့ပြန်ရောက်နေခြင်း "ကွင်း (Loop)" သဘောကို ရေးပါမည်။ ဤသဘောကိုပင် ထပ်ဆင့်ထားသည့် Strange Loop ဟူသော ပုံစံတစ်မျိုးကလည်း နောက်လာမည့် အခန်း ၂(ဆ)း၆ တွင်ပါလာဦးမည်ဖြစ်သောကြောင့် အနည်းငယ် ခြေဆင်းချိုးထားသင့်သည်ဟု ကျွန်တော် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရေပွင့် (*) ပြ၍ ညွှန်းခဲ့သော အရှိတရားဆိုင်ရာ တွန့်ဆုတ်မှု Ontological Hesitation ကို ယခုပြောနေသည့် စီစဉ်မှုသဘောနှင့် ဆက်စပ်ဖော်ပြပါမည်။ အောက်ပါပုံတွင် မြှားညွှန်ထားသော မျဉ်းသည် ဝတ္ထုတစ်လျှောက်လုံး၏ "ဖြစ်စဉ်" ဖြစ်၏။ A သည် ပထမဖြစ်ရပ်၊ B သည် ဒုတိယဖြစ်ရပ်ဆိုပါစို့။

ပုံ(၁)



(A ဖြစ်ပြီးမှ B ဖြစ်ခြင်းသဘော)

ပုံ(၂)



(B ဖြစ်ပြီးမှ A ဖြစ်ခြင်းသဘော)

ပို့စ်မော်ဒန်သမားတို့ တည်ဆောက်တတ်သော ဝတ္ထု၏ 'စီစဉ်မှု'သဘောကား အောက်ပါအတိုင်း ဖြစ်၏။

ပုံ(၃)



( A ဖြစ်ပြီး B ဖြစ်သည်၊ B ဖြစ်ပြီး A ပြန်ဖြစ်)



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ တည်ဆောက်ထားသော ဖြစ်စဉ်မျိုးကို "ကွင်းပုံ (Loop)" ဟု ခေါ်ပါသည်။ ထိုအခါ စာဖတ်သူက အရှိတရားဖြစ်စဉ်နှစ်ခုတို့ကြား တွန့်ဆုတ်မှု ဖြစ်နေရတော့၏။ A ဖြစ်ပြီးမှ B ဖြစ်သည်ဆိုသော ဖြစ်စဉ်ကို လက်ခံမည်လား? B ဖြစ်ပြီးမှ A ဖြစ်သည်ဆိုသော ဖြစ်စဉ်ကို လက်ခံမည်လား?

ယင်းတွန့်ဆုတ်မှုသည်ပင် Ontological Hesitation ဖြစ်နေရပြန်တော့သည်။

* * *

ထုတ်ဝေတယ်

www.burmeseclassic.com

www.burmeseclassic.com

## ၂(စ)ဝတ္ထု၏ အဆုံးသတ်၊ ဝတ္ထု၏ ဇာတ်ကောင်နှင့် ပို့စ်မော်ဒန်

### ၂(စ)း၁။ ။အဆုံးသတ်မှုတို ငြင်းဝယ်ခြင်း

ရှေးရိုးဝတ္ထုများ၏ အဆုံးသတ်သည် "အပိတ်" သဘောကို ဆောင်၏။ Modern ဝတ္ထုများ၏ အဆုံးသတ်သည် "အဖွင့်" သဘော ကို ဆောင်၏။ ထို့ကြောင့် များသောအားဖြင့် ကျွန်တော်တို့ မျှော်လင့် ထားတတ်ကြသော အဆုံးသတ်မျိုးမှာ-

၁/နိဂုံးတစ်ခု၊ အဆုံးအမတစ်ခု၊ ကောက်ချက်တစ်ခု၊ ဖွင့်ဆိုပြမှု တစ်ခုခုဖြင့် အဆုံးသတ်ခြင်း။

---

ငါတို့မှ

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ- ရာဇဝတ်ဘေးပြေးမလွတ်၊ ကောက်ကျစ်သူက မှုန်နိမ့်ပြီး ဖြူစင်သူက အောင်ပွဲခံသည်။ (အပိတ်သဘော)

၂/ဘာရယ်မမှန်းဆတတ်၊ အပြတ် မပြောတတ်သော အဖြစ်၊ ကိုယ့်ဘာသာ ဆက်တွေး၍ ဖြည့်ယူခံရသော အဖြစ်ဖြင့် အဆုံးသတ်ခြင်း (အဖွင့်သဘော)

ပို့စ်မော်ဒန်ဝတ္ထုများကကော အဆုံးသတ်တွင် ဘာပြောသနည်း???

ဘာမှ မပြောပါ။ ပို့စ်မော်ဒန်ဝတ္ထုများတွင် အဆုံးမသတ်ခြင်း (သို့မဟုတ်) အဆုံးသတ်မှုကို ငြင်းပယ်ခြင်း သဘောများကို တွေ့ရသည်။ (ယင်းမှာ ရှေ့က အခန်းများတွင် ထပ်တလဲလဲ ပြောလာခဲ့သည့် သဘောတရားများအတိုင်းပင် စီခံဖန်တီးထားသော လောက၏ "ရှိမှု" ကို အတည်ငြိမ် ပျက်စေခြင်းပင် ဖြစ်ပါသည်။)

ယင်းသို့ အဆုံးမသတ်ခြင်း (ဝါ) အဆုံးသတ်မှုကို/ငြင်းပယ်ခြင်းသည် ပုံစံအားဖြင့် များပြားထွေလီစွာ ခွဲထွက်နေခြင်းလည်း ဖြစ်နိုင်၏။ နောက် "အဆုံး" သည်ပင် "အစ" ပြန်ဖြစ်နေပြီး စက်ဝိုင်းသဘောလည်း ဖြစ်နေနိုင်၏။ ထိုသို့ ဝတ္ထု "အဆုံး" သည် "အစ" နှင့်သွား၍ တူနေခြင်းသဘောကား ဆက်ကာဆက်ကာ ဖြစ်ပျက်နေဦးမည့် (ဝါ) အနန္တ နေရာထိတိုင် မဆုံးတမ်း ထပ်တလဲလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ဖြစ်ပျက်နေဦးမည့် ဖြစ်နိုင်ချေ သဘောပင်။ ဤသို့ နောက်ဆုံးဝါကျနှင့် ပထမဦးဆုံး ဝါကျတို့ တူနေခြင်းသည် မြွေတစ်ကောင်က သူ့အမြီးကို သူ့ပါးစပ် ထဲ ပြန်ငုံထားသည့် ပုံမျိုး ဖြစ်နေ၏။ **(Its Tail in its Mouth)** ဟု ခေါ်ပါသည်။

ဥပမာတစ်ခု ပေးပါမည်။ <u>သရဖူမဂ္ဂဇင်း၊ အမှတ် (၃၀)၊ စာမျက်နှာ (၄၃) ပိုင်စိုးဝေ၏ ဥပဂုတ္တာမိုးတောင်းကင်</u> ဝတ္ထုကို ကြည့်ပါ။ ဝတ္ထုကို အောက်ပါစာသားများဖြင့် စတင်ဖွင့်လှစ်လိုက်သည်ကို တွေ့ရမည်။

*"ဤနေရာသည် ပျော်ပွဲရွှင်ပွဲ ကျင်းပနေသော နေရာတစ်ခု ဖြစ် သည်။*

*လူတွေအားလုံး ပျော်ရွှင်နေကြသည်။"*

ထိုနောက် စာရေးဆရာက ထိုပျော်ပွဲရွှင်ပွဲ၏ အခင်းအကျင်းကို ဖွဲ့သည်။ ထိုပျော်ပွဲရွှင်ပွဲအတွင်းရှိ လူများ၊ အသံများကို ဖွဲ့သည်။ ထိုပျော်ပွဲအတွင်း ဇာတ်ကောင်/စာရေးသူက ဝင်ရောက်မျောပါနေရသည်။ လူများ တိုးကြိတ်နေကြ၊ အနံ့အသက်များ၊ ချွေးများ။ နောက် ဇာတ်ကောင်/စာရေးသူနှင့် သူ့ဇနီးတို့ လူချင်း ကွဲသွားသည်။ ပြန်လိုက်ရှာရန် ကြိုးပမ်းသည် မရ။ လူအစုအဝေးထဲ ညပ်ပိတ်နေသည်။ ကိုယ့်စိတ်ကြိုက် ဖန်တီးခွင့်မရ။ ထွက်ပေါက်ဆီ ရောက်သွားရန် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ပမ်းရင်း ကံကြမ္မာကို ဆုတောင်းနေရသည်။ ထိုသို့ ဖြစ်နေစဉ် တစ်လျှောက်လုံးရှိ ဇာတ်ကောင်၏ ခံစားမှုများကိုလည်း ရေးပြထားသည်။ နောက်ဆုံးတွင် စာရေးဆရာက အောက်ပါအတိုင်း ဝတ္ထုအဆုံးသတ်စာကြောင်း နှစ်ကြောင်းကို ရေးချလိုက်သည်။

*ဤနေရာသည် ပျော်ပွဲရွှင်ပွဲ ကျင်းပနေသော နေရာတစ်ခု ဖြစ်သည်။*

*လူတွေအားလုံး ပျော်ရွှင်နေကြသည်။*

၂(စ)း၂။ ။ အဆုံးဝါကျပြတ်နေခြင်း

ဝတ္ထုအဆုံးသတ်ကို ဖန်တီးသော ပို့စ်မော်ဒန်သမားတို့၏ နောက် နည်းဗျူဟာတစ်မျိုးမှာ **"အဆုံးဝါကျပြတ်နေခြင်း"** ဖြစ်သည်။ ယင်းပုံစံကို John Barth (Chimera) အဆုံးသတ်ဖြင့် ဥပမာ ပြပါမည်။ သူ့ဝတ္ထုအဆုံးစာကြောင်းကား . .

It's no Bellerophoniad. It's a

ဟူ၍ ဖြစ်၏။ နောက်ဆုံး စာလုံး မပါ။ Full Stop (.) မပါ။ ဝါကျသည် ပြတ်နေ၏။ ဤပုံစံမျိုးကိုပင် သရုပ်ဖော်ဂျာနယ် အမှတ် (၃၀)၊ အမျက်နှာ (၁၂၀)၊ ရှင်ဒေဝီ၏ ကျွန်မနှင့် အက်ဆစ်နှင်းစက်များ အမည်ရှိ ဝတ္ထုတွင် တွေ့နိုင်ပါသည်။ ယင်းဝတ္ထုတွင် -

*ကျေနပ်ပါလို့ မတောင်းပန်ပါ။ ကိုယ်ဟာ ကြွက်ခြေဆုရ သူရဲ*



www.burmeseclassic.com

www.burmeseclassic.com



*ကောင်း ဖြစ်ရဲ့ (သစ်သားဖြင့် ပြုလုပ်ထားသော)*

ဟု မပြီးဆုံးသေးသည့် ဝါကျတစ်ကြောင်းဖြင့် အဆုံးသတ်ထားသည်ကို တွေ့မြင်နိုင်သည်။ ဤနေရာတွင် တစ်ခုထပ်သတိပြုမိသည်မှာ ရှင်ဒေဝီ၏ ဝတ္ထု အစကကော. . . ဖတ်ကြည့်ပါ။

*. . . . . xxxx. . . . င်းခံရတယ်၊ မွန်းကြပ်လိုက်တာကွယ်၊*

ဟု ရှေ့ပိုင်းအပြည့်အစုံ မပါရှိသည့် ဝါကျတစ်ကြောင်းဖြင့် စထားသည်ကို တွေ့ရမည်။ ပြောလိုသည်မှာ ၁/ဝတ္ထုအစသည်လည်း မပြည့်စုံသောဝါကျ ၂/ဝတ္ထုအဆုံးသည်လည်း မပြည့်စုံသောဝါကျ (ရှေ့က ပြခဲ့သည့် ပိုင်စိုးဝေ၏ ဝတ္ထုကဲ့သို့ စာကြောင်းချင်းထပ်တူကျသည် မဟုတ်စေကာမူ) ဝတ္ထုအစနှင့်အဆုံးတို့သည် "မပြည့်စုံပုံချင်း" တူညီကြသည်ဟု ပြောလိုပါသည်။ ဘယ်လိုစမှန်းမသိ၊ ဘယ်လိုဆုံးမှန်း မသိ။ အဆုံးမရှိ အစမရှိ တစ်နည်းအားဖြင့် အမြီးကို ငုံထားသည့် မြွေလို စက်ဝိုင်းပုံသဏ္ဍာန်၊ အနန္တသဘောလည်းဆောင်နေပြန်သည်။ ထို့ကြောင့် ရှင်ဒေဝီ၏ ဝတ္ထုသည် အထက်က ဖော်ပြခဲ့သော စက်ဝိုင်း ပုံစံနှင့် ဝါကျပြတ် ပုံစံနှစ်မျိုးကို ပေါင်းစပ်ရေးဖွဲ့ထားသည်ဟု ဆိုချင်ပါသည်။

၂(စ) ႏ ၃။ ။ ဝတ္ထုအတွင်းနှင့် ဝတ္ထုအပြင်ရောထွေးခြင်း

အထက်က ဥပမာပေးခဲ့သော John Barth ၏ ဝတ္ထုအဆုံးသတ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်၍ အနည်းငယ်ပြောစရာ ရှိပါသေးသည်။ ထို ပြတ်တောက်နေသော ဝါကျ၏ နောက်တွင် စာအုပ်၏ ခေါင်းစဉ်ကို ထည့်ကြည့်လိုက်လျှင်. . .

It's no Bellerophoniad. It's a chimera.

ဟု တွေ့ရမည်။ (ထိုသို့ ထည့်ကြည့်ဖြစ်ရပ်မှာ စာဖတ်သူက သူရောက်နေသော ဝတ္ထုအဆုံး စာမျက်နှာမှ တစ်ဖန် ဝတ္ထုခေါင်းစဉ်ပါသော ရှေ့ဆုံးစာမျက်နှာသို့ ပြန်လှန်ရမည်။ ဝတ္ထုအစကို တစ်ဖန်ပြန်စရသည့် အဆုံးမရှိခြင်း သဘောလည်း ဖြစ်၏)

အမှန်က "ခေါင်းစဉ်" ဆိုသည်မှာ (ဝတ္ထုအဖြစ်) ရေးထားသမျှ စာသားများကို အမည်ပေးထားခြင်းသာ ဖြစ်၏။ စာသားထဲတွင် ပါသည့် အရာမဟုတ်။ တစ်နည်းအားဖြင့် ထိုခေါင်းစဉ်ဆိုသော အဆင့်အတန်းသည် ဝတ္ထုဖြစ်စေရန် ရေးချပြရသော (အသုံးပြုသည့်ဘာသာစကား၏) စကားလုံးများ၏ အစနှင့်အဆုံးကြား အခင်းအကျင်းထဲတွင် ပါရန်မလို။ Metalanguage ဟု ခေါ်သည်။ ယင်းတို့နှစ်ခု မရောထွေးရ။ တစ်ပေါင်းတစ်စည်းတည်း မလုပ်ရ။ ယခုကား တမင်ပင် မပါပါအောင် တမင်လိုအပ်အောင် ပြုလုပ်ထားသည်။

သရဖူမဂ္ဂဇင်း အမှတ် (၃၁)၊ စာမျက်နှာ (၁၄၇) နေမျိုး၏ ဖြတ်စများ အမည်ရှိ ဝတ္ထုတွင်လည်း ယင်းသဘောနှင့် ခပ်ဆင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



တူသည့်ပုံစံတစ်မျိုးကို တွေ့လိုက်ရပါသည်။ ထိုဝတ္ထု၏ အခန်းစဉ်များကို စာရေးသူက (A)(B)(C) စသဖြင့် တပ်လာသည်။ နောက်ဆုံးအခန်း (G) ဟု အခန်းစဉ်တပ်လိုက်ပြီး ထိုအခန်းစဉ်၏ စာသားများနေရာတွင် နေမျိုးဟု ရေးထား၏။ စင်စစ် "နေမျိုး" ဆိုသည်မှာ စာရေးသူ၏ ကလောင်အမည်သာ ဖြစ်၏။ လက်မှတ်ထိုးထားခြင်းသာ ဖြစ်၏။ လက်မှတ်ထိုးသည်ဆိုလျှင် ဝတ္ထုက အခန်း (F) တွင် ဆုံးသွားပြီဖြစ်ပြီး ထိုအောက်တွင် လက်မှတ်ထိုးလိုက်ရုံသာ။ ယခုတော့ ထိုသို့မဟုတ်။ ထိုလက်မှတ်အတွက် ဝတ္ထုကိုယ်ထည် အတွင်းမှာပင် အခန်းစဉ်တစ်ခု ထပ်ဖွင့်ပြီး ထည့်သွင်းရေးသားထားသည်။ ဤသဘောသည်ပင် အထက်ကပြောခဲ့သည့် "ဝတ္ထုအတွင်းစာသား" နှင့် "ဝတ္ထုအပြင်စာသား" တို့ကို ရောထွေးပစ်လိုက်ခြင်း ဖြစ်ပါသည်။

၂(စ) း ၄။ ။ ဇာတ်ကောင်

သမားရိုးကျအားဖြင့်ဆိုလျှင် စာရေးသူက သူ ဖန်တီးသောဇာတ်ကောင်ကို (အစစ်ဟု) ယုံကြည်ထားရသည်။ ထို ယုံကြည်မှုဖြင့် ဇာတ်ကောင်ကို ဖန်တီးရသည်။ ဇာတ်ကောင်သည် လူ ဖြစ်သည်ဆိုပါစို့။ ဝတ္ထုထဲတွင် ထိုဇာတ်ကောင်သည် လူတစ်ယောက်၏ အကျင့်စရိုက်အတိုင်း ပြုမူရသည်။ ပြောဆိုရမည်။ စာရေးသူကလည်း ထို



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ကောင်ကို တကယ့်လူအစစ်ပမာ ယုံကြည်စွာဖြင့် ဖန်တီးပြီး ဖတ်သူကလည်း မြင်ပလောကတွင် တကယ်ရှိသော လူပေလားဟု အောက်မေ့စိတ်ဖြင့် ခံစားမှုကို နှစ်မြှုပ်လိုက်ပါရလေသည်။

ပို့စ်မော်ဒန်သမားတို့က ထိုသို့ဖန်တီးနေရခြင်းကိုပင် အယုံအကြည်မရှိ။ သူတို့ရေးသည့် ဇာတ်ကောင်အပေါ် ထားရှိရမည့် "ယုံကြည်မှုကို ဖျက်ပစ်" လိုက်ကြသည်။ ဤသို့ ပြုလုပ်ခြင်းကို Samuel Beckett က **Decreating** ဟု ခေါ်ပါသည်။ သဘောကား (ဝတ္ထုရေးထားသော စာသားအလျှင်က) သူ့ဘာသာသူ ဇာတ်ကောင်ကို ဖန်တီးပြီး လှုပ်ရှားစေသည်။ ယင်းကို အထောက်အကူပေးမည့် ဇာတ်ကောင်များကိုလည်း ဖန်တီးလှုပ်ရှားစေသည်။ အဆုံး၌ အားလုံးကို ဖျက်ပစ်လိုက်ခြင်းပင်။

ထိုသို့ ပြုလုပ်လိုက်ခြင်းအားဖြင့် ဘာဖြစ်သနည်း??? ဖျက်ပစ်ခြင်းကို ခံလိုက်ရသောကြောင့် ဇာတ်ကောင်သည် (သူ့ကို တည်ဆောက်ထားသော) လောကမှ/တည်ရှိမှုမှ ပြေးထွက်သွား၏။ ရှေ့က ရေးခဲ့ပြီးသော Flicker သဘောတရားအတိုင်းပင်။

အချို့ဝတ္ထုများတွင် ထိုသို့ ဇာတ်ကောင်ကို ဖျက်ပစ်ခြင်းသည် လူ၏ ဘဝမှတ်ချက် သေချာမှု ပျောက်ဆုံးခြင်း သဘောကိုပါ ဆောင်၏။ (ဥပမာ Thomas Pynchon ၏ Gravity's Rainbow Viking စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ထုတ် ၁၉၇၃) ထိုသဘောသည် မြန်မာပို့စ်မော်ဒန်ဝတ္ထုများတွင် များပြားထင်ရှားစွာ တွေ့ရသော လက္ခဏာတစ်ရပ်ဖြစ်ပါသည်။ ကိုယ့်ကိုယ်ကိုယ် မသေချာ. . . ငါ. . . ဘာကောင်လဲ. . . ??? ငါ. . . ဘာတွေ လုပ်နေမိတာလဲ??? ငါဟာ လောကကြီးမှာ မှား ယွင်းစွာ လာရောက်ဖြစ်တည်နေမိပြီးလား??? အစရှိသည့် မေး ခွန်းများထုတ်နေသော ပို့စ်မော်ဒန်ဝတ္ထုများစွာကို တွေ့ခဲ့ကြပြီး ဖတ်ခဲ့ပြီးပြီ ထင်ပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ တစ်ခုပြောရန်ရှိသည်မှာ. . . "ကိုယ်ညွှံ့ လို့ ကိုယ့်ဘဝမှတ်ကျောက် ပျောက်နေတဲ့ကိစ္စပဲ။ ဘာဆိုင်လို့လဲ။ ပို့စ်မော်ဒန်ဟာ ပုဂ္ဂလိက စိတ်ပျက်မှုဝါဒ။ အများအတွက် မကျယ် ပြန့်ဘူး" အစရှိသော ဆင်ကန်းတောတိုး ဝေဖန်ချက်မျိုး မချမိစေရန် ပင်။ အိုင်းစတိုင်း၏ ရီလီတစ်ဗီတီသီအိုရီကို အားလုံးသိပြီး ဖြစ် ကြပါလိမ့်မည်။ ယင်းသီအိုရီ၏ သဘောအနှစ်ချုပ်ကို ကျွန်တော် နားလည်သလို ပြန်ရေးရလျှင် "မင်း ဘာလဲ? ငါ ဘာလဲ? ပင်။ "ငါ ဘာလဲ" ဟူသော ဖြစ်တည်မှုသည် "မင်း ဘာလဲ" ဟူသော အခြား/ ပတ်ဝန်းကျင် ဖြစ်တည်မှုနှင့် ဆက်နွယ်နေ၏။ ထို့နည်းတူပင် အခြား သူ၏ ဖြစ်တည်မှုသည်လည်း (ထိုလူနှင့်တကွ လူမှုအသိုင်းအဝိုင်း အတွင်း နေထိုင်သော) မိမိ၏ ဖြစ်တည်မှုနှင့် အပြန်အလှန် ဆက်



www.burmeseclassic.com

www.burmeseclassic.com



စပ်၏။ အထောက်အပံ့ ပြု၏။ မှီခို၏။

စာရေးသူ (ဝတ္ထုထဲတွင်ဇာတ်ဆောင်) တစ်ယောက်၏ "ဘဝ ဖြစ်တည်မှု/သေချာမှု ခွတ်ကျော်ပျောက်ဆုံးခြင်း" သည် သူ့ပတ်ဝန်းကျင် လူနေမှုလောကတစ်ခုလုံးနှင့် သက်ဆိုင်၏။ သူ့ပတ်ဝန်းကျင်ရှိ လူသားအားလုံး၏ ဘဝသေချာမှုများ ပျောက်ဆုံးနေကြခြင်းသည် ပို့စ်မော်ဒန်ဝတ္ထုထဲတွင် လာရောက်ထင်ဟပ်နေသည်။

* * *

ထုတ်ဝေတယ် ———

www.burmeseclassic.com

www.burmeseclassic.com

## ၂(ဆ) အလွှာအထပ်ထပ်နှင့် ပို့စ်မော်ဒန်

### ၂(ဆ) း ၁။ ။ အလွှာအထပ်ထပ်စုပုံခြင်း

**(Recursive Structure)**

ရှေ့ကဖော်ပြခဲ့ပြီးသော နည်းဗျူဟာများအတိုင်းပင် ဤနည်းဗျူသည်လည်း လောကအရှိတရားနှင့် ပတ်သက်၍ တွေ့ကြုံရသမျှကို ရှုပ်ထွေးသွားစေခြင်း၊ လောကကို များပြားစွာ ဖြစ်ပေါ်စေခြင်း၊ စာသားကို ဖတ်ပြီး ယင်းစာသား၏ အဆိုအတိုင်း လောကကို တည်ဆောက်သော အစဉ်အလာကို ပယ်ဖျက်လိုခြင်းတို့ အတွက် သုံးပါသည်။

ငါတို့မှ

www.burmeseclassic.com

www.burmeseclassic.com



ယခုတင်ပြမည့် **အလွှာအထပ်ထပ်စုပုံခြင်း** (Recursive Structure) ဆိုသည့် ဝေါဟာရ၏ တိုက်ရိုက်အဓိပ္ပာယ်မှာ. . . ပထမလုပ်ဆောင်ချက်တစ်ခုကြောင့် ရလာဒ်အပေါ်တွင် ဒုတိယလုပ်ဆောင်ချက်ကို ဆက်လက်အကောင်အထည်ဖော်သည်။ ထို ဒုတိယလုပ်ဆောင်ချက်ကြောင့် ရလာသည့် ရလာဒ်အပေါ်တွင် တတိယလုပ်ဆောင်ချက်ကို ဆက်လက် အကောင်အထည်ဖော်သည်။ စသဖြင့်. . ။ ယင်းကို **အသိုက်ဖွဲ့စုပုံခြင်း** ဟု ခေါ်လျှင်လည်း ရသည်။ ဥပမာတစ်ခု ရေးပြပါမည်။ ဖတ်ကြည့်ပါ။

(စာကြောင်းရေ ၁) မောင်မောင်နှင့် မလှတို့သည် ဝတ္ထုတစ်ပုဒ်ကို ဖတ်နေကြ၏။

(စာကြောင်းရေ ၂) ထိုဝတ္ထုထဲမှ ဇာတ်ကောင်များ၏ အမည်မှာ မောင်မောင်နှင့် မလှတို့ ဖြစ်ကြသည်။

(စာကြောင်းရေ ၃) ထိုဝတ္ထုထဲရှိ ဇာတ်ကောင် မောင်မောင်နှင့် မလှတို့နှစ်ဦးသည် ဗီဒီယိုဇာတ်ကားတစ်ကားကို အတူ ထိုင်ကြည့်နေကြသည်။

(စာကြောင်းရေ ၄) ထို ဗီဒီယိုဇာတ်ကားထဲမှ မင်းသားနှင့် မင်းသမီးတို့၏ အမည်များမှာ မောင်မောင်နှင့် မလှ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com






ကျွန်တော်က (စာကြောင်း/၁) ကို ရေးပြီး လောကတစ်ခုကို ဖန်တီးပြလိုက်၏။ ထိုလောက (ဝတ္ထုဖတ်နေသူနှစ်ယောက်) သည် ပထမဦးဆုံး ဖန်တီးသည့်လောကဖြစ်၏။ ပုံတွင် A ဟု ပြထားသည်။ ယင်းကို အခြေခံလောက **Diegesis** ဟု ခေါ်၏။ နောက်. . . (စာကြောင်း/၂) တွင် ဝတ္ထုထဲ၌ ဝတ္ထုထပ်ဖွဲ့ပြထား၏။ တစ်နည်းအားဖြင့် ပြောရလျှင် "ဒုတိယ မောင်မောင်နှင့်မလှ" တို့ ပါဝင်သော လောကအဖြစ် တစ်လွှာထပ်ကူးသွားပြီဖြစ်သည်။ ပုံတွင် B ဟု ပြထား၏။ ယင်းကို ဆင့်ပွားလောက **Hypodiegetic World** ဟု ခေါ်ပါသည်။ နောက်. . . (စာကြောင်း/၃) တွင် ထိုဆင့်ပွားလောကမှ ဇာတ်ကောင်များက ဗီဒီယို ထပ်ကြည့်ခြင်းအားဖြင့် "တတိယမောင်မောင်နှင့် မလှ" ကို ဖြစ်ပေါ်လာစေသည်။ သူတို့ ပါဝင်သော လောကကိုမူ ဆင့်ပွား ဆင့်ပွားလောက **Hpo-hypodiegetic World** ဟု ခေါ်သည်။ နောက်ထပ်လည်း ဆင့်ပွားဆင့်ပွား



www.burmeseclassic.com

www.burmeseclassic.com



လောကများ တည်ဆောက်၍ ရသေးသည်။

**၂(ဆ) ႏ ၂။ ႏ မိုးတုတ်စက်ဝိုင်းပျောက်ဆုံးခြင်း**

ဝတ္ထု၏ စာကြောင်းတိုင်း၊ စာကြောင်းတိုင်းသည် Ontology အလွှာ တစ်ထပ်စီ၊ တစ်ထပ်စီ ပြောင်းသွားကြ၏။ တစ်ခုပေါ် တစ်ခု ထပ်ကာ စုပုံလာသော အလွှာတိုင်းသည်လည်း မူရင်း အခြေခံသော တနင့် အနည်းနှင့်အများဆိုသလို ဆက်နွယ်နေကြ၏။ ဤသို့ပြုလုပ်လိုက်ခြင်းအားဖြင့် ဇာတ်ကြောင်းကို ဖန်တီးသော ဩဇာ တည်မြဲနိုင်ခဲ့မှုအပေါ် သံသယပွားစေသည် (ဝါ) ယုံကြည်ရမှု၊ မယုံကြည်ရမှုကို ဆန်းစစ်သည်။ အသိသဘော၏ စက်ဝိုင်း (အစ. . . အဆုံး အရာမထင်မှု) ကို ဆန်းစစ်ပြသသည်။ ရှိမှု၏ ပဓာဏအတိုင်းအတာ Ontological Diemension ကိုလည်း စံသွေခြင်းဖြစ်၏။

ဆိုလိုသည်မှာ. . . ကျွန်တော်တို့က ဝတ္ထုစာသားထဲမှ အဖြစ်အပျက်တစ်ခုကို မြင်တွေ့ရသည်နှင့် တစ်ပြိုင်နက် ထိုအဖြစ်အပျက်သည် မည်သည့် မိုးကုတ်စက်ဝိုင်းအောက်တွင် ဖြစ်ပျက်နေသနည်း ဆိုသည်ကို အလိုလျောက်စိတ်ဖြင့် စဉ်းစားသည်။ ယင်းသည် ထိုအဖြစ်အပျက်၏ Ontology ပင် ဖြစ်သည်။ အထက်ပါကိစ္စရပ်တွင် ကြည့်လျှင် မောင်မောင်နှင့် မလှတို့သည် မည်သည့် နယ်နိမိတ်/မိုးကုတ်စက်ဝိုင်းအောက်တွင် ရှိနေသည်ဟု ပြောရမည်နည်း? ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



လား? ဝတ္ထုထဲက ဝတ္ထုထဲကလား? ဗီဒီယိုလား? . . . ပြော၍မရ ပျောက်နေသည်။ ယင်းသည် ဝတ္ထုတစ်ပုဒ်လုံး၏ ပိုင်းခြားစည်း (မိုးကုတ်စက်ဝိုင်း) ပျောက်ဆုံးခြင်း Ontological Horizon Lost ပင် ဖြစ်တော့သည်။

ဥပမာအားဖြင့် သရဖူမဂ္ဂဇင်း အမှတ် (၂၈)၊ စာမျက်နှာ (၁၅၁) ပါ ဧည့်ဦး၏ လျှို့ဝှက်တံခါးပေါက် ဝတ္ထုတွင်. . .

*"ကျွန်တော်သည် မနေ့ညက. . . . . . . . . . . . . . . . . .*

*. . . . အိပ်မက်ထဲ၌ အိပ်မက် မက်နေသောကြောင့်ပင် ဖြစ်ပါသည်"*

ဟူသော စာပိုဒ်ဖြင့် စထား၏။ (ဝတ္ထု၊ အိပ်မက်၊ အိပ်မက်) ဟူ၍ အလွှာအထပ်ထပ်ဖြင့် တည်ဆောက်ထားသော ထိုဝတ္ထုတစ်ပုဒ်လုံးကို ဖတ်ကြည့်စေချင်ပါသည်။ ထို့ပြင် ရှေ့ခန်းများတွင် ပြောခဲ့သော "ကိုယ်စားပြုမှု" သဘောကိုလည်း ဤနေရာတွင် ထည့်သွင်းစဉ်းစားကြည့်ပါဦးမည်။ ပထမအလွှာတစ်ခုတွင် စာဖတ်သူက စာသားထဲမှ (မောင်မောင်. . . မလှ စသည်တို့အားဖြင့်) ကိုယ်စားပြုမှုတစ်ခုကို ရလိုက်ပြီဟု ယုံကြည်လိုက်သည်။ သို့သော် ထို (မောင်မောင်. . . မလှ) ကိုယ်စားပြုမှုသည်ပင် နောက်အလွှာတစ်ခုသို့ ရောက်သွားသောအခါ နောက်တစ်မျိုး ပြောင်းသွား၏။ နောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



လွှာ ထပ်ကူးလျှင် နောက်တစ်မျိုး၊ ရောထွေးသွားသည်။ ကိုယ်စားပြုမှုများကို အရောရောအလွဲလွဲ မှတ်မိယောင်ထင်စေခြင်း ဖြစ်သည်။ ယင်းကို Trompe-Loeil ဟု ခေါ်ပါသည်။

၂(ဆ)း၃။ ။ ဝတ်လမ်းတို (Short Circuit)

အထက်က ပြောခဲ့သည်အတိုင်း "ကိုယ်စားပြုမှု" များသည် တစ်လွှာတွင် တစ်မျိုး၊ နောက်တစ်လွှာတွင် နောက်တစ်မျိုးအဖြစ်နှင့် ပထမ ကိုယ်စားပြုမှုအပေါ် စုပုံ၊ နောက်ထပ်စုပုံ--ကာ နောက်ဆုံးတွင် ပတ်လမ်းတို (Short Circuit)အဖြစ်သို့ ရောက်ရှိသွားသည်။ ပတ်လမ်းတိုဆိုသည်မှာ အဆောက်အအုံကြီးတစ်ခု၏ ပုံစံငယ်ပင် ဖြစ်ပါသည်၊ သို့သော် တစ်ခုထူးခြားသည်က ယင်း ပုံစံငယ်သည် ထိုအဆောက်အအုံကြီးနှင့် သီးခြားကင်းလွတ်စွာ တည်ဆောက်ထားသည် မဟုတ်။ (ပြပွဲ ပြခန်းများတွင် အင်ဂျင်နီယာများ ဆောက်လုပ်ပြသထားသည့် စက္ကူပုံစံငယ်လို မူရင်း အဆောက်အဦးနှင့် သီးခြားကင်းလွတ်မနေ) ထိုပုံစံငယ်ကလေးသည်ပင်လျှင် မူရင်း အဆောက်အအုံကြီးကို တည်ဆောက်ရာတွင် အချိုးကျ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် ပါဝင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com






အထက်ပါပုံတွင် C သည် လေးထောင့်ကွက် အကြီး တစ်ခုလုံး A ၏ အချိုးကျ ချုံ့ထားသော ပုံစံငယ်ဖြစ်ပြီး ထို A လေးထောင့်ကွက်ကြီး ဖြစ်ပေါ်စေရန် ပါဝင်ဖွဲ့စည်းပေးထားရသော အစိတ်အပိုင်းတစ်ရပ် ဖြစ်နေသည်ကို သတိပြုပါ။ A သည် ဝတ္ထုတစ်ပုဒ်လုံးဟု ဆိုပါစို့---။ ထိုဝတ္ထုထဲတွင် အလွှာတစ်ခုအဖြစ် ပါဝင်ဖွဲ့စည်းနေသော ပုံစံငယ် C ကို ပို့စ်မော်ဒန်သမားတို့က ထင်ရှားအောင် ပြကြ၏။ ယင်းကို **Mise-en- abyme** ဟု ခေါ်ပါသည်။ (**Mise-en -abyme** ဖြစ်/မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်သည့် မှတ်ကျောက် လက္ခဏာ သုံးချက် ရှိပါသည်။ အလျှင်းသင့်လျှင် သီးခြားဆောင်းပါးရေးပါမည်)

၂(ဆ) း ၄။ ။ အလွှာတစ်ထပ်ချန်ရစ်ခြင်း

ရှေ့အခန်းစဉ်များက တင်ပြခဲ့သကဲ့သို့ပင် ဝတ္ထုကို အလွှာအထပ်ထပ်ဖြင့် ဖွဲ့သည်။ (Diegetic/ Hypo/ Hypo-hypo) နောက်. . ထိုအလွှာတို့ကို ပြန်ဖြေချပြသည်။ သို့သော်. . . အလွှာကုန်အောင်မဖြေချဘဲ. . . Hypodiegetic လောက အထိသာ ဖြေချပြီး နောက်ဆုံးအခြေခံလောက Diegetic World အတွက် ဘာမှ ဖြေချရှင်းပြခြင်း မပြုလုပ်ဘဲ သည်အတိုင်း ထားပစ်ခဲ့ခြင်း ဖြစ်ပါသည်။ ရှေ့က ဥပမာကိုပင် ပြန်ယူပြီးရှင်းရလျှင်. . . စာရေးဆရာက. . . ဗီဇီယိုထဲမှ "တတိယ မောင်မောင်နှင့် မလှ" တို့ ဘာဖြစ်သွားကြသည်ကို ပြောမည်။ နောက်. . . ဝတ္ထုထဲရှိ ဝတ္ထုမှ "ဒုတိယမောင်မောင်နှင့်မလှ" ပေါင်းသည်/ကွဲသည်ကို ပြောမည်။ သို့သော်. . . "ပထမ မောင်မောင်နှင့်မလှ" တို့အကြောင်း ဘာမှမပြောဘဲ ဝတ္ထုအဆုံးသတ်သွားမည်။

ဤသို့ ပြုလုပ်ခြင်းဖြင့်. . . စာဖတ်သူက ဝတ္ထုဆုံးသွားသောအခါ သူ ပကတိလောကသို့ ပြန်ရောက်ပြီဟု ထင်လိုက်ကောင်းထင်မည်။ သို့သော်. . မရောက်သေး။ တစ်ဆင့် ကျန်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤပုံစံကို သရဖူမဂ္ဂဇင်း၊ အမှတ် (၃၀)၊ စာမျက်နှာ (၁၂၃) ပါ ကိုယ်ထိုက်၏ ခံတွင်းဖျက်ညနေ ဝတ္ထုတွင် တွေ့နိုင်သည်။ ထိုဝတ္ထုတွင် စာရေးသူကိုယ်ထိုက်က အလွှာနှစ်လွှာ တည်ဆောက်ပြထားသည်ဟု ထင်ပါသည်။ ပထမအလွှာက အခန်းအမှတ် (၁) နှင့် (၂) ရှိ ကောင်လေးနှင့် ကောင်မလေး ချစ်သူစုံတွဲဖြင့် ခင်းကျင်းထားသည့် (Diegetic World)။ ဒုတိယအလွှာက အခန်းအမှတ် (၃) နှင့် (၄) ရှိ ကောင်လေးနှင့် ကြောင်တစ်ကောင်တို့၏ အဖြစ် အပျက် Hypodiegetic World။ လိုရင်း ပြောရလျှင် ထိုဝတ္ထုသည် 'ကြောင်က ကောင်လေး၏ နှလုံးသားကို စားသောက်ပြီး ထွက်ခွာသွားခြင်း' ဖြင့် အဆုံးသတ်ထား၏။ ပထမအလွှာရှိ ကောင်လေးနှင့် ကောင်မလေးတို့ ဘာဖြစ်ကြသည်ဆိုသည်အထိ မပြောတော့၊ အခြေခံလောကအထိ ရောက်မလာတော့ဘဲ. . . Hypodiegetic လောကဖြင့်ပင် အဆုံးသတ်သွားသည်ဟု ဆိုချင်ပါသည်။

၂(ဆ):၅ ။ ။ မလိုအပ်ဘဲ အသေးစိပ်ဖွဲ့ပြခြင်း

ဤနည်းဗျူဟာ၏ အဓိက အကျိုးသက်ရောက်မှုမှာ လျှင်မြန်စွာ ပြောင်းလဲနေသော လှုပ်ရှားမှုအစဉ် အဆက် တစ်ခုနှင့် တစ်ခုအကြား (မလိုအပ်ဘဲ) အသေးစိတ် ဖွဲ့နွဲ့မှုများကို ထည့်ပြလိုက်သောအခါ စာဖတ်သူ၏ မျက်စိထဲတွင် ထိုလှုပ်ရှားမှုတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ဖျပ်ကနဲ၊ ဖျပ်ကနဲ ပေါ်မလာတော့ဘဲ 'ရုပ်ငြိမ်' ပြကွက် Still အဖြစ်သာ မြင်ရခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ပြောရလျှင် 'လှုပ်ရှားမှုများကို ရုပ်တန့်ပစ်လိုက်ခြင်း' ဖြစ်၏။ ဥပမာ. . . ရေးဖွဲ့ရမည့် လှုပ်ရှားမှုသည်. . .

*မောင်မောင်က ရှုတ်တရက် ခုန်တန်လိုက်သည်။ မောင်ထွန်းက ဝင်လာသော ခြေဖျားကို ဘယ်ဘက်လက်ဖျံဖြင့် ရိုက်ဖယ်ကာ ကိုယ်ကို ယို့၍ ရှောင်၏။*

လျှင်မြန်စွာ လှုပ်ရှားသည့် အဖြစ်အပျက် နှစ်ရပ်ကို ဆက်တိုက်နီးကပ်စွာ ရေးထားခြင်းဖြင့် ဖျပ်ကနဲ ဖျပ်ကနဲ လှုပ်ရှားသွားပုံကို မြင်ရမည် ဖြစ်သည်။ သို့သော်။. . . ဤသို့ ရေးခြင်းကို စံသွေလိုက်ပြီး. . .

*မောင်မောင်က ရှုတ်တရက် ခုန်တန်လိုက်သည်။ ထိုအချိန်တွင် ဖုံမှုန့်များက နေရောင်ခြည်တွင် ဝေ့နေကြ၏။ ခဲသေးသေးတလေးများဖြင့် ရောနှောနေသော မြေသည် ကောင်းစွာ မသိပ်သည်းလှသေး။ ဟိုမှာသည်မှာ အုပ်စုလိုက်ပေါက်နေကြသော တောပန်းတလေးများက လေအဝှေ့တွင် ယိမ်းသွားကြ၏။ အဝါရောင်ဝန်းတစ်ပွင့်ပေါ် နားနေသော လိပ်ပြာတစ်ကောင် လန့်ပျံသွားသည်ကို မြင်ရ၏။ သစ်ကြီးဝါးကြီး သိပ်မရှိလှသော ဒေသ ဖြစ်သော*



www.burmeseclassic.com

www.burmeseclassic.com



*ကြောင့် နေ၏အလင်းသည် မြေပြင်နေရာအနှံ့ ဝင်းပလျက် ဖြန့်ကျနေ၏၊ ပင်စည်ဖြောင့်ဖြောင့် ကျွန်းပင်တစ်ပင်၏ ထိပ်ဖျားမှ ဥဩငှက်တစ်ကောင်၏ အသံကို ကြားရသည်၊*

*မောင်ထွန်းက ဝင်လာသော ခြေဖျားကို ဘယ်ညာက်ဖျံဖြင့် ရိုက်ဖယ်ကာ ကိုယ်ကို ယို့၍ရှောင်၏၊*

ပထမလှုပ်ရှားမှု (မောင်မောင်ခုန်ကန်ခြင်း) ပြီးလျှင် ပြီးချင်း ဒုတိယလှုပ်ရှားမှု (မောင်ထွန်းရှောင်ခြင်း) ဆက်တိုက်ဖြစ်မလာ။ ထိုနှစ်ခုကြားတွင် မလိုအပ်ဘဲ လျှောက်ဖွဲ့ပြထားသောကြောင့် ပထမလှုပ်ရှားမှု အပြီးမှာပင် ဇာတ်ကွက်သည် ရုပ်ငြိမ် ဖြစ်ကာ ရပ်တန့်နေသည်ကို တွေ့ရမည်။ ရုပ်ရှင်ဝေါဟာရအားဖြင့် ပြောရလျှင် Freeze Frame လုပ်ထားခြင်း (မောင်မောင်က ခုန်ကန်နေလျက်သား လေထဲတွင် ခြေထောက် တန်းလန်းကြီးဖြင့် အကြာကြီး ရပ်နေ၏) ဖြစ်သည်။ ပြီးမှ ဒုတိယလှုပ်ရှားမှု ဆက်ဖြစ်၏။ (အထက်က အရေးအသား အဖွဲ့အနွဲ့မှာမူ ပို့စ်မော်ဒန်မှ အရေးအသား မဟုတ်ပါ။ ဥပမာအဖြစ်သာ)

<u>သရဖူမဂ္ဂဇင်း၊ အမှတ် (၂၈) စာမျက်နှာ (၁၃၆)-မာနီးကို ၏ ဒိုင်ယာရီမဲ့ ခြေရာအစအနများ</u> ဝတ္ထုတွင် "အဆင်ပြေရဲ့လားဟင်" ဟု မေးလိုက်သော ဇနီးသည်၏ စကားနှင့် "ဟူး အလုပ်ကလည်းကွာ

www.burmeseclassic.com



ငါ ယောက်ျားဖြစ်နေတာ မှားပြီးလား မသိဘူး”ဟုပြန်ပြောလိုက်သော ခင်ပွန်းဖြစ်သူ၏ စကား (ဆက်တိုက်ဖြစ်ရမည့်) ဖြစ်ရပ်နှစ်ခုကြား တွင် အထက်ပါ Freeze Frame သဘောဆန်ဆန် ဖမ်းထား၊ တန့်ထား သည်ကို တွေ့ရပါလိမ့်မည်။

၂(ဆ) း၆။ ရောယှက်ရှုပ်ထွေးသွားသော အလွှာအထပ်စဉ်များ

**Tangled Hierarchies**

ဤနည်းဗျူဟာ၏ သဘောကို Douglas Hofstadler ၏ စကားဖြင့် တိုက်ရိုက်ဖော်ပြပါမည်။

“လောလောဆယ် မူလအလွှာ တစ်ခုထဲရှိ အဖြစ်အပျက်တစ်ခု ကို ဖော်ပြမည်။ နောက် ထို (ဖော်ပြလက်စ) မူလအလွှာထဲမှ အထက်အလွှာသို့ ဖြစ်စေ၊ အောက်အလွှာသို့ဖြစ်စေ အလွှာ တစ်ခုခုသို့ ပြောင်းလိုက်မည်။ ပြောင်းသွားသော စာသားများ နောက်လိုက်ပါ ခံစားရင်းက မမျှော်လင့်ဘဲ ကိုယ့်ကိုယ်ကို မူလအလွှာထဲ ပြန်ရောက်နေကြောင်း တွေ့ရလေသည်”

ဥပမာ Julio Corta'zer ၏ End of the Game နှင့် အခြား ဝတ္ထုတိုများ (Paul Blackbum ဘာသာပြန်မှု Harper & Row စာအုပ်တိုက်ထုတ် 1978)

“လူတစ်ယောက်က ဝတ္ထုတစ်ပုဒ်ကို ဖတ်နေလေသည်၊ ၎င်း



www.burmeseclassic.com

www.burmeseclassic.com



**ဝတ္ထုထဲတွင် လူသတ်သမားတစ်ယောက်က ပန်းခြံကိုဖြတ်၍ အိမ်ဆီသို့ ချဉ်းကပ်လာနေသည်၊ သူသတ်ရမည့် သူမှာ သူ့ချစ်သူ ကောင်မလေး၏ ခင်ပွန်းဖြစ်၏၊ လူသတ်သမားက အိမ်ထဲသို့ ဝင်လိုက်သည်၊ အသတ်ခံရမည့်သူကို တွေ့လိုက်သည်၊**

**ထိုလူသည် ဝတ္ထုတစ်ပုဒ်ကို ဖတ်နေလေသည်၊"**

ဝတ္ထုအစ (မူလအလွှာ) လူတစ်ယောက် ဝတ္ထုဖတ်နေခြင်း ဖြစ်သည်။ နောက် ထိုသူဖတ်နေသော ဝတ္ထုကို ဖော်ပြသည် (ဝတ္ထုထဲက ဝတ္ထု ဆင့်ပွားအလွှာ)။ ထို့သို့ အလွှာပြောင်းသွားသည်ကို ပြသည်။ နောက် ပြောင်းသွားသော အလွှာအတိုင်း လိုက်သွားရာမှ "ထိုလူသည် ဝတ္ထုတစ်ပုဒ်ကို ဖတ်နေလေသည်"ဟူသော စာကြောင်းတွင် ပြန်းကနဲ မူလအလွှာထဲ ပြန်ဝင်သွားလေသည်။

ဆိုလိုသည်မှာ အလွှာတစ်ခုထဲတွင်ပင် ထိုအလွှာ၏ အကန့်အသတ်အတိုင်း မနေဘဲ စည်းကိုချိုးဖျက်လိုက်ပြီး အလွှာတစ်ခုနှင့် တစ်ခု ရောပစ်လိုက်သည်။ ထို့သို့ အလွှာ၏ စည်း/ထိန်းသိမ်းမှုကို ကျော်လွန်ခြင်း ဖြစ်သောကြောင့် Metalepsics ဟုလည်း ခေါ်သည်။ ထို့ပြင်. . . ရှေးကဖော်ပြခဲ့သည့် "ကွင်းပုံ"



www.burmeseclassic.com

www.burmeseclassic.com






A ⟶ B ⟶ A

A ဖြစ်ပြီးမှ B ဖြစ်၊ နောက် B ဖြစ်ပြီးမှ A ပြန်ဖြစ်သည့် သဘောကို မှတ်မိပေလိမ့်ဦးမည်။ ယခုလည်း (A) လူ ဝတ္ထုဖတ်၊ (B) လူသတ်သမား အိမ်ထဲဝင် (A) မူလအလွှာ/ဝတ္ထုဖတ်ဆိုသည့် ပုံစံမျိုး ဖြစ်နေ၏။ ကွင်းပုံစံဖြင့် ဖြစ်သော်လည်း ယခုကား ဖြစ်စဉ်ပြသက်သက် မဟုတ်တော့။ (A) မူလအလွှာ /ဝတ္ထု (B) ဆင့်ပွားအလွှာ/ ဝတ္ထုထဲက ဝတ္ထုဖြစ်ခြင်းကြောင့် အလွှာတို့၏ စည်းဘောင်များကို ချိုးဖျက်ခြင်း (ဝါ) အလွှာ၏ ရှိမှုကို စံသွေခြင်းသဘောပါ ပါဝင်၏။ ထို့ကြောင့် ဤ ပုံစံကို Strange Loop ဟု ခေါ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၂ (ဈ) စကားလုံးများနှင့် ပို့စ်မော်ဒန်

၂(ဈ)း၁။ ။ အလင်း (သို့မဟုတ်) စကားလုံးများ

ဆိုပါစို့. . . ရုပ်ရှင်ပိတ်ကားထောင်ထားသည်။ ရုပ်ရှင်ပြနေသည်။ သင်က ထိုင်ကြည့်နေသည်။ သင့်ဦးခေါင်းပေါ်မှ ကျော်၍နောက်ဘက်မှ မီးရောင်က ပိတ်ကားပေါ် ထိုးကျနေ၏။ ထို့ကြောင့် ပိတ်ကားပေါ်တွင် အရုပ်များ သက်ဝင်လှုပ်ရှားနေကြသည်။ သင် ဘာကိုမြင်သနည်း? ဘာကို ခံစားသနည်း? ရိုးရိုးကလေးပင် ရုပ်ပုံများကို မြင်သည်။ ရုပ်ပုံ များပေါ်တွင် ခံစားသည်။ ကျွန်တော်က ထိုပိတ်ကားကို ဖယ်ထုတ်လိုက်ပြီ ဆိုပါစို့။ အရုပ်ထင်ဟပ်စရာ ကားချပ် မရှိတော့။ ထိုအခါ သင် ဘာကို သတိပြုမိမည်နည်း?



www.burmeseclassic.com

www.burmeseclassic.com



သင့်ခေါင်းပေါ်မှ ကျော်၍ ထိုးကျနေသော အလင်းတန်းကို သတိပြုမိပေမည်။ (အရုပ်တွေ ရှိနေစဉ်က သတိမပြုမိ) (ပို့စ်မော်ဒန် ရုပ်ရှင်သဘောနှင့်မဆိုင် စကားဥပမာသာ)

ထိုသဘောတရားအတိုင်းပင်။ ပို့စ်မော်ဒန်သမားတို့က အရုပ်များကို ဖယ်ထုတ်ပစ်သည်။ အလင်းတန်းကို သတိပြုမိစေသည်။ ဝတ္ထုတွင် အလင်းတန်းကား စကားလုံးများ ဖြစ်၏။ ထို စကားလုံးများကိုဖတ်ပြီး စာဖတ်သူက ခံစားသိမြင်ရသော ဇာတ်ကောင်၊ ထိုဇာတ်ကောင်တို့ ပါဝင်လှုပ်ရှားသော ဇာတ်လမ်း၊ စကားပြောတို့ကား အရုပ်၊ တစ်နည်းအားဖြင့် ပြောရလျှင် စကားလုံးများကို ဖတ်ပြီး စာဖတ်သူက တည်ဆောက်ရသည့် လောက။ ပို့စ်မော်ဒန်သမားတို့က

၁/ (အရုပ်ထင်မလာအောင် ရုပ်ရှင်ပိတ်ကားကို ဖယ်ထုတ်ပစ်သလို) ထို လောကကို စာဖတ်သူတို့ ဖန်တီး မရအောင် လုပ်ပစ်သည်။

၂/ (အလင်းတန်းကို သတိပြုမိစေလာစေသလို) စကားလုံးများ သက်သက်ကိုသာ သတိပြုမိစေသည်။






www.burmeseclassic.com

www.burmeseclassic.com



သည့်ထက် ပိုရှင်းအောင် ပြောရလျှင် ဝတ္ထုထဲတွင် ပန်းအိုးဟု ရေးထားသည်ဆိုပါစို့။ အက္ခရာဗျည်းသရများ ဖြစ်ကြသည့် (ပ)၊ (န) (ႆ)၊ (း)၊ (အ)၊ (ိ)၊ (ု)၊ (း) တို့၏ အပေါင်းအစုသည် စကားလုံး၊ စာဖတ်သူ၏ စိတ်ထဲတွင် မြင်ယောင်လာသည့် ကြွေအိုးရှည်မျော မျော အဖြူရောင်၊ နှင်းဆီပန်း တစ်ပွင့်စိုက်လျက်သား၊ စားပွဲပေါ် တင်ထားလျက်"စသည့် မြင်ကွင်းသည် လောက။ ထိုသို့ စိတ်ထဲတွင် ပုံဖော်မြင်ယောင် ကြည့်ခြင်းသည် တည်ဆောက်မှု ဖြစ်စဉ်၊ ပို့စ် မော်ဒန်သမားတို့က ထိုသို့ ပုံဖော်ကြည့်၍ မရအောင် လုပ်သည်၊ တည်ဆောက်မှု ဖြစ်စဉ်ကို ဖျက်ပစ်သည်၊

ဆက်စပ်ရည်ညွှန်း။ ။ ပို့စ်မော်ဒန် ??? အခန်း ၁ (င)။

၂(ဓ) ၂။ ။ဝါကျဖျက်စံသွေ့မှုနှင့် **Abstracts** သဘော

အထက်က ဖော်ပြခဲ့သည့်အတိုင်း လောကတည်ဆောက်မှု ဖြစ်စဉ်ကို ဖျက်ပစ်ခြင်းနှင့် ပတ်သက်၍ (၁) ထိုသဘောတရားကို မည်သို့ ခေါ်ဝေါ်သည် (၂) ထိုသို့ ပြုလုပ်ရန် မည်သည့်နည်းကို သုံးသည်ဆိုသည့် အချက်နှစ်ချက်ကို တင်ပြပါမည်။

**(၁)အလျားလိုက်ဆက်စပ်မှုဖြင့် အစားထိုးခြင်း**

စကားလုံးကြောင့် လောကဖြစ်ရသော ပုံမှန်သဘောတရားကို ဒေါင်လိုက်ဆက်စပ်မှုဟု ခေါ်၏။ ယခု ထိုတည်ဆောက်မှုကို ဖျက်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်ပစ်လိုက်ပြီ ဖြစ်ရာ စကားလုံး- စကားလုံးချင်း ဆက်စပ်သော အလျားလိုက်သဘောသာ ကျန်တော့သည်။



ထို့ကြောင့် ဤသို့ ဖြစ်စေရန် ဖန်တီးခြင်းကို ဒေါင်လိုက်ဆက်စပ်မှုအား အလျားလိုက်ဆက်စပ်မှုဖြင့် အစားထိုးခြင်းဟု ခေါ်ပါသည်။ (ဘာသာဗေဒအသုံးအနှုန်း Paradigmatic / Syntagmtic တို့နှင့် မတူပါ)

(၂) စံသွေဖြင်း

ထိုသို့ ပြုလုပ်ရန် ပို့စ်မော်ဒန်သမားတို့က Content- Free Collection of Sentences ဟု ခေါ်သော အကြောင်းအရာ မပါသည့် ဝါကျများ တည်ဆောက်ပြကြ၏။ စကားလုံး တစ်လုံးချင်းစီ အချင်းချင်း ဝိုင်း၍ထောက်ပံ့ထားခြင်းဖြင့် အဓိပ္ပာယ်ပေါ်လာစေသည့် သမားရိုးကျ ဝါကျဖွဲ့ပုံတည်းဟူသော (Syntax)ကို ဖျက်ဝစ်လိုက်၏။ (Disjointed syntax / Disruption of Syntax) များ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာစေ၏။ တစ်နည်းအားဖြင့် ဆိုရသော် ဝါကျဖွဲ့ထုံးကို စံသွေ့ခြင်း (Foregrounding) ဖြတ်ပိုင်း စိတ်ပွားစများအဖြစ် ပြုလုပ်ခြင်း (Fragmentation) ဝင် ဖြစ်လေသည်။

ဆက်စပ်ရည်ညွှန်း။ ။ ပို့စ်မော်ဒန်??? အခန်း ၁(စ) ကြည့်ရန်)

(ဤဝါကျများ၏ ပုံစံကို ဆရာဇော်ဇော်အောင်၏ ဝတ္ထုများတွင် တွေ့နေကျ ဖြစ်သောကြောင့် သီးခြားဥပမာ ထုတ်မပြတော့ပါ)

ဘာကြောင့် ထိုသို့ ဝါကျတည်ဆောက်ပုံကို စံသွေ့ကြသနည်း။ အဖြေမှာ ဝါကျကို ဖတ်ပြီးသည့်တိုင်အောင် စာဖတ်သူ၏ စိတ်ထဲတွင် မည်သည့်လောကကိုမှ စိတ်ကူးပုံဖော် တည်ဆောက်ကြည့်၍ မရစေရန် (ဝါ) အနှစ်ထုတ် Abstracts ပုံ ဖြစ်နေစေရန် ရည်ရွယ်ခြင်း ဖြစ်ပေသည်။

ဥပမာ *'မောင်မောင်ကျောင်းသို့သွားသည်'* ဟု ရေးထားလျှင် ကျောင်းသားအရွယ် လူငယ်လေးတစ်ယောက် လွယ်အိတ်လွယ်ကာ လမ်းလျှောက်သွားသည့်ပုံ (သို့မဟုတ်) ကျောင်းဝင်းတံခါးအတွင်း ဝင်သွားသည့် ပုံကို မြင်ယောင်လာသည်။ သို့သော်

*"ကျောင်းတို့ လှပစွာ ဖူးပွင့်၍ တစိမ့်စိမ့် သောက်ရင်း နှီးဟု အော်တာ လက်ထဲမှ တောင်းတင်မောင်မောင်ဖြင့် ပွင့်သွားသော ရေခွေးအိုးခြေထောက်ကို ကြည်နူးသော ဘီးဖြီးပေးလိုက်သည်"*

———— ငါတို့မှ

www.burmeseclassic.com

www.burmeseclassic.com



ဟုရေးထားလျှင် စာဖတ်သူက မည်သည့်လောကကိုမျှ တည်ဆောက်၍ မရတော့၊ အနှစ်ထုတ် Abstracts သဘောပင်။ သို့သော် တစ်ခုခက် နေသည်က ပန်းချီ၏ Abstracts သဘောလောက်တော့ အဆင်ပြေ ထိရောက်ခြင်း မရှိလှ။ Abstracts ပန်းချီများကို မြင်ဖူးကြပေလိမ့်မည်။ မြင်ရုံနှင့် Abstracts ပန်းချီမှန်း တန်းသိသည်။ ဘာပုံမှ ပေါ်မလာ။ ဘာပြဿနာမှ မရှိ။ ပန်းချီကားများသည် မျဉ်းများ၊ စုတ်ချက်များဖြင့် ဖန်တီးထားသော ပစ္စည်းဖြစ်သောကြောင့်ပင်။

ဝတ္ထုကား စကားလုံးဖြင့် ဖန်တီးရသည်ဖြစ်ရာ တစ်လုံးချင်းစီ၏ အနက်သဘောက ခွာမရအောင် ကပ်ပါနေလေသည်။ (ပန်းချီလောက်) လုံးလုံးကြီး Abstracts မဖြစ်။ အထက်က ဥပမာဝါကျကိုပင် ပြန်ဖတ်ကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် ဖျပ်ခနဲ စကားလုံးတစ်လုံးကို မြင်တိုင်း သူ့နောက်က လောကသည်လည်း ကပ်ပါလာသည်ချင်းပင်။ လောကကို လုံးဝ ဖယ်ထုတ်ရန်ကား မတတ်နိုင်။ လုံးဝ အနှစ်ထုတ်ယူမှု Abstracts ဖြစ်အောင် မလုပ်နိုင်။ သို့သော် ထိုသို့ လောကတည်ဆောက်မှုကို အခက်အခဲမတွေ့အောင်ကား လုပ်နိုင်၏။ လုပ်ကြ၏။ (အထက်က ဇယားတွင် မျက်စိထဲ မြင်ယောင်သော လောက (လေး) ခုစလုံးသည် အစိတ်အပိုင်း အစအနများ **Fragments** ဖြစ်နေသည်ကို သတိပြုပါ။ ထိုလေးခုစလုံးကို စုစည်းပြီး ညီညွတ်သော လောက တစ်ခုအဖြစ်တား တည်ဆောက်၍မရ။ စကားလုံးနှင့် လောကတို့ အကြား တင်းမာမှု **Tension** ဖြစ်ပေါ်နေလေသည်)

၂(ဓ) ၃။ ။ နည်းဗျူဟာများနှင့် ဝတ္ထုများ

အထက်က ဖော်ပြပြီးသော ဝါကျဖွဲ့ စံသွေမှုများ၊ ဖြတ်ပိုင်း စိတ်မှာခြင်းများနှင့် ပတ်သက်၍ ပို့စ်မော်ဒန်သမားတို့က သူတို့၏ ဝတ္ထုများတွင် မည်သို့မည်ပုံ ရေးသားကြသည်ဆိုသည့် နည်းဗျူဟာ များကို ဥပမာများနှင့်တကွ ဆက်လက် တင်ပြသွားပါမည်။

၂ (ဓ) ၃း၁။ ။ ဝေါဟာရ အရေးအသားပေးဖော်ပြခြင်း

**(Lexical Exhibitionism)**

(A) (မူလအားဖြင့်ပင်) ထူးခြားထင်ရှားပြီးသား စကားလုံးများ



www.burmeseclassic.com

www.burmeseclassic.com



(B) မိမိဘာသာစံသွေမှု ဖြစ်ပေါ်နေသော စကားလုံးများ (C) အသုံးရှားသော စကားလုံးများ (D) ထူးခြားဆန်းသစ်သော ယုတ္တိဗေဒဖြင့် ဖွဲ့စည်းထားသည့် စကားလုံးများ (E) ဆေးပညာ/အင်ဂျင်နီယာဆိုင်ရာ စသည့် လူအများစုနှင့် မရင်းနှီးလှသော ပညာရပ်ဆိုင်ရာ ဝေါဟာရများ (F) နိုင်ငံခြား ဘာသာစကားမှ စကားလုံးများကို ပွတ်သိပ်ကြပ်ညှပ် ပေါများစွာ တမင်ထင်ရှားအောင် ပြသခြင်း ဖြစ်သည်။

(တစ်နည်းအားဖြင့် ထိုစကားလုံးတို့ကို စာဖတ်သူက လွယ်လင့်တကူ ကျော်မသွားဘဲ ထပ်ခါထပ်ခါ ပြန်ကြည့်ရအောင် လုပ်ထားခြင်း ဖြစ်သည်) ဥပမာ-

**"ဆွစ်ဇာလန်တွင် တစ်မျိုး၊ ဂင်ဇာလမ်းမကြီးတွင် တစ်မျိုး၊ အီသီယိုးပီးယားတွင်တစ်မျိုး၊ ဆိုက်ဗေးရီးယားတွင် တစ်မျိုး၊ လက္ခဏာပေါ်တွင် တစ်မျိုး၊ ခွဲကြယ်တွင် တစ်မျိုး၊ အင်ဒရိုမီဒါကြယ်စုတွင် တစ်မျိုး ဘလက်ခ်ဟိုးလ်ထဲတွင် တစ်မျိုး၊ ဂီလောင်ဒလာရစ် *(Guillaume de Lorris)* နှင့် ယွန်ဒီမန်း *(Jeande Meaung)* တို့၏ ကြောင်းရေ နှစ်သောင်းကျော်ရှိသော ကွမ်တမ်ရှုပဗေဒ၊ မစ္စဒီအောရေမွှေး. . ."**

ထွန်းဝေမြင့် (လူငယ်တစ်ဦး၏ ဘာသာဗေဒဥယျာဉ်)



www.burmeseclassic.com

www.burmeseclassic.com



၂(ဓ) ၃း၂။ ။ စကားလုံးများကို စီတန်းရေးချပြခြင်း

**(Catalogue / Litany)**

သည်အကြောင်းကို သည်နေရာတွင် ပြောရန် ပြီးခဲ့သည့် ပို့စ်မော်ဒန် ??? အခန်းစဉ်တွင် ၁ (စ) အစဖော်ခဲ့ပြီး ဖြစ်ပါသည်။ ခရေပွင့် အမှတ်အသားဖြင့်လည်း ညွှန်းခဲ့ပြီးဖြစ်၏။ အကျယ်ကို သီးခြားဆောင်းပါး ရေးပါမည်။ ယခု ဥပမာမျှကိုသာ တင်ပြပါမည်။

*"ဂုဏ်သိက္ခာမဲ့တဲ့ မိန်းမ၊ အထက်တန်းကျောင်း အမှတ် (၂)၊ မျက်ဝန်းညိုတစ်စုံ၊ နှစ်နံစပ် ယောပုဆိုး တစ်ထည်၊ လွယ်အိတ်အနီ၊ ၄၈ အမြန်ယာဉ်၊ အမေ့အိမ် Tea House"*

ရှင်ဒေဝီ (ကျွန်မနှင့် အက်ဆစ်နှင်းစက်များ၊ သရဖူအမှတ်(၃၀)

၂(ဓ) ၃း၃။ ။ ရှည်လျားအိတ်ထွဲကျနေသော စာကြောင်းများ

**(Back-broke Sentences)**

သာမန်ဖြစ်ရိုး ဖြစ်စဉ်လိုအပ်ချက်ကြောင့် ဝါကျရှည်လျားရခြင်းမျိုး မဟုတ်။ တမင်ပင်စာရေးသူ / ဇာတ်ကောင်၏ အာရုံသွားရာ တစ်လျှောက် အထိန်းသိမ်း အဖြတ်တောက်မဲ့စွာ လိုက်ပါသွားခြင်းဖြင့် မပြီးနိုင် မစီးနိုင် (သာမန်ထက်ပို၍) ရှည်လျားစွာ၊ ဖတ်ရင်းမောနေရသော ဝါကျမျိုး ဖြစ်သည်။ ဖတ်သွားစဉ်တစ်ခဏ တစ်ခဏချင်းစီတွင် အဓိပ္ပာယ်ကို သိသလို ရှိသော်လည်း တကယ်တမ်း ဝါကျ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသောအခါ ဆုပ်ဆုပ်ကိုင်ကိုင် ပြောပြနိုင်ရန် ခဲယဉ်းသည်။

ဥပမာ-

"ထိုအချိန်တွင် ကဗျာဆရာ၏ စိတ်ကူးထဲ၌ လေထဲ ပျံကြည့်ခဲ့ချင်စိတ်ကော၊ အတောင်ပံများကို လိုချင်ခဲ့သော ဆန္ဒပါ လုံးလုံးလျားလျား မရှိတော့ပြန်သဖြင့် ထိုရုတ်ချည်းပင် ဘာမျှ အသုံးမဝင်တော့သည့် အတောင်ပံများ ချက်ချင်းကြွေကျသွားပြီး အဘိုးအိုးလည်းတရားထိုင်နေရာမှ ထလာကာ သူတို့ အနုပညာသမား သုံးယောက်အတွက် ရေခဲလျှောစီး ဖိနပ်လက်နက် တန်ဆာပလာကိရိယာ အစုံအလင် ထုတ်ပေးခဲ့ရာ သူတို့ သုံးယောက်လည်း ပြည့်စုံဝတ်ဆင်လျက် ထိုပစ္စည်းများနှင့် မြေပြင်ပေါ်တွင် လမ်းလျှောက်ရသည်မှာ ခွတီးခွကျ ဖြစ်နေသဖြင့် စိတ်လည်း ဖျက်မိ ရယ်လည်း ရယ်ချင်သည့်တိုင် စိတ်ချုပ်တည်း၍ ထွက်လာခဲ့ရာ အံ့အားသင့်စရာ ဝင်းအပြင်ဘက်မှာ နှင်းပွင့် နှင်းခဲများကလည်း ထူထပ်သိပ်သည်းစွာ ဖွေးဖွေးဖြူလွှ အဆင်သင့်----"

နိုင်ဇော် (ကဗျာဆရာ၏ ဘဝအမှန်သရုပ်ဖော်ပုံနည်း ဝတ္ထု)

အထက်ပါဝါကျ မဆုံးသေးပါ။ မူရင်းအတိုင်းဆိုလျှင် မဂ္ဂဇင်းစာမျက်နှာ တစ်ဝက်ကျော် ရှိပါသည်။ ပို့စ်မော်ဒန်ဝတ္ထု တချို့ကား ထိုမျှမကရှည်သော ဝါကျများရေးကြ၏။ (ဥပမာ ဆရာမင်းထက်



www.burmeseclassic.com

www.burmeseclassic.com



မောင်၏ "ဟန်သစ်"မဂ္ဂဇင်းပါ "ငါးဖမ်းတဲ့ စက်လှေများ ပင်လယ်ကို ထွက်လို့သွား" ဝတ္ထုဆိုလျှင် တစ်ပုဒ်လုံး အစ-အဆုံး ဝါကျ တစ်ကြောင်းတည်း ရေးထား၏) အဓိပ္ပာယ်လည်း များစွာ ဝေဝါးသွားသည်။ ထိုသို့ Back Broke ဝါကျအဆင့်ကို အစွမ်းကုန် လွန်သွားသော ဝါကျမျိုးကိုကား Invertebrate Sentences ဟု ခေါ်ပါသည်။ သဘောကား Heterotopia နှင့် ဆင်တူပင်။

၂(ဈ)၃း၄။ ဗျည်းထပ်ခြင်း (Abecadarian Text)

စကားလုံး၏ အဓိပ္ပာယ်ကို ရှာဖွေရန်ထက် စကားလုံးတည်းဟူသော အဖြစ်သက်သက်ပေါ်သို့ အာရုံရောက်စေရန် (ထိုစာသားတို့အတွင်း ဖွဲ့စည်းနေသည့်) ဗျည်း/အက္ခရာကို အထူးပြု၍ ပြသည်။ ထပ်တလဲလဲ ပြသည်။ ဥပမာ-

"သီရိပစ္စရာဟိုတယ်တွင် သီဂီရွှေခွက်ဖြင့် သူရာရည်ကို ခံ၍ သောက်ပါမည်။ သီဝရီအသစ်များကို သုံးလျှင် သက်လုံကောင်းကောင်း မွေးထားဖို့ လိုသည်။ အသည်းအသက်နှင့် ရင်းပြီး ချရသည့် သစ္စာဟူသော သန္နိဋ္ဌာန် တစ်ချက်သည် သုဂတိလားရာ အကောင်းဆုံး ဖြစ်၏။ သေမင်းတမန်က သုသာန်ခေါင်မိုးထိပ်မှ သက်ဆင်းလာပေမည်။ သက်သက်သာသာ ရှိသော နေ့ရက်များတွင် သုဝဏ္ဏသာမဇာတ်ကို ကြည့်ချင်သည်။ သေတပန်သက်တဆုံးဟု ပြောခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော သက်ထားသည်. . . "

(ကျော်ထက်အောင်၊ ဝင်ရိုးစွန်းများ၊ သရဖူအမှတ် ၂၉)

အထက်ပါ ဥပမာတွင် စာသား၏ အဓိပ္ပာယ်ကို ပေးရန်ထက် စာသားထဲတွင် ပါဝင်သော "သ" အက္ခရာကို ထပ်တလဲလဲ သုံးထားသည်ကို သတိပြုမိပေလိမ့်မည်။

**၂(၈)၃း၅။ ။စကားလုံးများ၏ အဓိပ္ပာယ်ကို လိမ်ဖယ်ဖွင့်ဆိုခြင်း**

**(Determination from Below by World-Play)**

(A) အသံထွက်ကို လိုက်၍ဖြစ်စေ (B) စကားလုံး အပူးအကပ်ကို လိုက်၍ဖြစ်စေ (C) ဘန်းစကားတို့ကို လိုက်၍ဖြစ်စေ (D) နိုင်ငံခြား ဘာသာစကားကို လိုက်၍ဖြစ်စေ. . . အဓိပ္ပာယ် မူရင်းကို ဖျက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုခြင်း ဖြစ်၏။

ဥပမာ (A) *စမ်းသပ်တယ်ဆိုတာ* ဆန်းဆန်းပြားပြားနည်းနဲ့ သတ်လိုက်တာပေါ့။

ဥပမာ (B) အောင်ကျော်ချမ်းအေး မန္တလေးတဲ့ ချမ်းအေးရဲ့ မချမ်းအေးရဲ့ အောင်ကျော်နဲ့တွေ့မှ မေးကြည့်ပါ။

(လူသစ်ထက် ဘူးသီးငါးပေါင်း မန္တလာရာစုသစ်မြစ်ကျဉ်း)

အောင်ကျော်ချမ်းအေး ဆိုသည်မှာ မန္တလေးရတနာပုံနေပြည်တော်တည်ထောင်သော သက္ကရာဇ် (၁၂၂၁) ကို အမှတ်အသား ပြုထား



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်သည်။ သည်နေရာတွင် စာရေးသူက ထိုစကားလုံးကို နှစ်စု ခွဲလိုက်ရုံသာမက လူအမည်ယောင်ယောင် အဓိပ္ပာယ်လှည့် ဖွင့်လိုက် သည်ကို တွေ့ရ၏။

ဥပမာ (D) ကမ္ဘာပေါ်ရှိသမျှ ဘာသာစကားအားလုံးနဲ့ (အူရဒူ ဘာသာစကားကလွဲလို့) ကျွန်တော့် ဝတ္ထုတွေကို ပြန်ဆိုရိုက်နှိပ် ထုတ် ဝေပြီး ဖြစ်နေလိမ့်မည်။ ချွင်းချက်အဖြစ် အူရဒူဘာသာ စကားကို ချန်လှပ်ခဲ့သည်မှာပ (ကျွန်တော့်ဘက်က ခွင့်မပြုနိုင်တာက ကျွန် တော့်ဝတ္ထုတွေက အူတူတူ ဝတ္ထုတွေမှ မဟုတ်ဘဲလေ)

နေမျိုး (စာရေးဆရာ၊ ဟန်သစ်မဂ္ဂဇင်း )

အထက်ပါ ဥပမာတွင် အူရဒူနှင့် အူတူတူဟူသော စကား အသုံးအနှုန်း နှစ်ရပ်ကို သတိပြုမိပါလိမ့်မည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၂(ဈ) စကားအနက်အဓိပ္ပာယ်နှင့် ပို့စ်မော်ဒန်

### (ဈ) း ၁။ ။စကားလုံးများ၏ ဝက်အူရစ်ပြုန်းခြင်း

ကျွန်တော်တို့ တွေ့မြင်သိနေရသော ပကတိတရားများကို စားပွဲပေါ် ချပြဆွေးနွေးနိုင်ရန် တစ်ဦးကိုတစ်ဦး အသိပေးပြော ကြားနိုင်ရန် "စကားလုံး"များကို အသုံးပြုရသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ပကတိတရားများကို ဘာသာစာ၊ စကား၊ အနက်များဖြင့် တည်ဆောက်ပြရ၏။ ဘာသာစာဟု ဆိုရာတွင် ယခုဝတ္ထုရေးရာ၌ ကျွန်တော်တို့သည် "မြန်မာစာ"ကို သုံးရသည်။ ထိုမြန်မာစာထဲတွင် ကကြီး၊ ခခွေး၊ အစရှိသော ဗျည်းများ နှင့် အာ၊ အား အစရှိသည့် "သရ" များ ပေါင်းစည်းထားသည့် စကားလုံးများ ပါလာသည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



သော် တစ်ခုသတိပြုရန်မှာ စကားလုံးသည် စကားလုံးက ပေးသော မူရင်း အဓိပ္ပာယ်သက်သက် ကျွန်တော်တို့ ရင်ထဲဝင်လာသည် မဟုတ်။ ကျွန်တော်တို့၏ အတွေ့အကြုံပေါင်း၊ အသိပေါင်းက ပေါင်းထည့်ပေးလိုက်သည့် အနက်များ ကပ်ပါလာ၏။ ဆိုပါစို့ "ကျား" ဟူသော ဝေါဟာရ တစ်လုံးတွင် -

မူရင်းအဓိပ္ပာယ် - တောထဲမှ သတ္တဝါ "ကျား" ခန္ဓာကိုယ်တွင် အနက်၊ အဝါအစင်းများရှိ၊ ခြေသည်းလက်သည်း အစွယ်ချွန်ထက်နေသောအကောင်ကို မျက်စိထဲတွင် မြင်ယောင်သည်။

သို့ရာတွင် မူရင်းအဓိပ္ပာယ်ထက်မကသော ဆင့်ပွားအနက်များ ရှိနေသေးသည်။ ထို အနက်သဘာကို သိနိုင်ရန် စကားလုံး၏ အဓိပ္ပာယ်ဖော်ဝက်အူကို တစ်ရစ်ပြီး တစ်ရစ်ဆုံးအောင် ထပ်ထပ် လှည့်ရသည်။

ဥပမာ ၁/ဒီကောင်က မိန်းမဆိုရင် အပျို့အအို မရှောင်တဲ့ လူသားစား 'ကျား'ပဲ။

၂/ဦးလှကား ဖဲကစားရာတွင် တကယ့် 'ကျား'ပင်။

၃/စက်ဘုန်ိုင်ငံသည် အာရှတိုက်၏ 'ကျား'တစ်ကောင်ပင်ဖြစ်သည်။

ဆိုသော ဝါကျများတွင် ကျား၏ အနက်သဘောသည် ဖော်အူ



www.burmeseclassic.com

www.burmeseclassic.com



ရစ်ကို တစ်ရစ်ပြီးတစ်ရစ် လှည့်လိုက်တိုင်း တစ်မျိုးပြီး တစ်မျိုး ထပ်ထပ်ထွက်လာသည်။

ပို့စ်မော်ဒန်သမားတို့က ထိုမျှမကတော့။ အနက်မျိုးစုံပေးပြီး၍ ဝက်အူရစ်ဆုံးနေပြီဖြစ်သော စကားလုံးကို ထပ်၍ ဝက်အူရစ်လှည့်လိုက် သည်။ ထိုအခါ စကားလုံးတွင် ရှိသမျှ ဝက်အူအရစ်များ ပျက်စီးကြေပြုန်းသွားတော့၏။ ထို့ကြောင့် ပို့စ်မော်ဒန် ဝတ္ထုတစ်ပုဒ်တွင် ကျားဆိုသော စကားသည် ဘာကို အနက်အဓိပ္ပာယ် ဆောင်သလဲဟု မေးလာသည် ဆိုပါစို့၊ ဘာအနက်ကိုမှ မဆောင်၊ စင်စစ် 'ကျားဆိုသည်မှာ "ကကြီး"၊ "ယပင့်" ရေးချ၊ "ဝစ္စပေါက်"များဖြင့် ဖွဲ့စည်းထားခြင်းသာ ဖြစ်သည်ဟုပင် ဖြေရပေလိမ့်မည်။

၂(ဈ)း၂။ ။ ပို့စ်မော်ဒန်သမားတို့၏ နည်းဗျူဟာများ

အထက်ပါ ကိစ္စနှင့် ပတ်သက်၍ ပို့စ်မော်ဒန်သမားတို့က သူတို့၏ ဝတ္ထုများတွင် ဘာလုပ်ကြသနည်း"ဟုမေးလာလျှင် ဖြေစရာ စကား တစ်ခွန်းတည်းသာ ရှိ၏။

**Antilanguage ပင်။**

ဘာသာစကားကို လွန်မြောက်ခြင်းဟု ခေါ်ခေါ်၊ ဘာသာစကားကို ဆန့်ကျင်ခြင်းဟု ခေါ်ခေါ်၊ ကြိုက်သလို ခေါ်နိုင်သည်။ သေချာသည်ကတော့ ပို့စ်မော်ဒန်သမားတို့သည် ဘာသာစကား



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုမှုနှင့် ပတ်သက်လာလျှင် ကမ်းကုန်သွားပြီဟု ဆိုနိုင်ခြင်းပင်။

သည်နေရာတွင် ပို့စ်မော်ဒန် သမားတို့၏ ဝတ္ထုဆိုင်ရာ နည်းဗျူ ဟာများကို မတင်ပြမီ Antilanguage နှင့် ပတ်သက်၍ သမားရိုးကျ သိထားရမည့် ဖွင့်ဆိုချက် အနည်းငယ်မျှကို ပြောပါဦးမည်။

"Antilanguage ဆိုသည်မှာ သာမန်အဖြစ်မှ သွေဖည်နေသည့် လူမှုအစုငယ်တစ်ခုအတွင်း (သူတို့ဖာသာ သူတို့)အထူးတလည် စီမံ သတ်မှတ်ထားသည့် စကား"ဟု ဖွင့်ဆိုချက်ပေးကြသည်။ စံသတ်မှတ်ချက်များမှ သွေဖည်နေသူတို့က စီမံတီထွင်ပေးသည့် ဝေါဟာရများ စကားလုံးများဖြစ်ခြင်းကြောင့် ယင်း ဝေါဟာရ ယင်းစကားလုံးတို့၏ အဓိပ္ပာယ်နှင့် အသုံးအနှုန်းတို့သည်လည်း အများနားလည်ပြီးသား သဒ္ဒါစာအုပ်၊ အဘိဓာန်စာအုပ်တို့တွင် ပါရှိပြီးသား အဓိပ္ပာယ် အသုံးအနှုန်းတို့နှင့် မတူဘဲ စံသွေနေမည်၊ လွဲချော်နေမည်သာ ဖြစ်၏။

ဆိုလိုသည်မှာ မြင်းဟု ဆိုလိုက်လျှင် သာမန်အားဖြင့် အပြေးသန်သော လည်ဆံမွေးနှင့် ခြေလေးချောင်းသတ္တဝါ တစ်ကောင်ဟုသာ နားလည်မြင်ယောင်လိုက်ကြမည် ဖြစ်သည်။ သို့ရာတွင် ထိုအဓိပ္ပာယ်ကို ပုံသေယူထားပြီး ပို့စ်မော်ဒန် ဝတ္ထုထဲရှိ မြင်းဟူသော ဝေါဟာရကို သွားရောက်ဖွင့်ဆို၍မရ။ တကယ်တမ်း ပြောနေသည်က

www.burmeseclassic.com



ရေခွက်အကြောင်း ဖြစ်ချင်ဖြစ်နေပေလိမ့်မည်။ ပို့စ်မော်ဒန်သမားက "ရေ၊ ကော်ဖီ၊ အရက်ထည့်၍ရသော ကိုင်စရာလက်ကိုင်ကိုင်းပါသော အရာဝတ္ထု"ကို မြင်းဟု အမည်ပေးချင်ပေးထားပေလိမ့်မည်။ ဤသည်မှာ သူ့စိတ်ကြိုက် ဖန်တီးထားသော Antilanguage သဘောဖြစ်၏။ တစ်နည်းအားဖြင့် ပြောရလျှင် "စကားလုံးသတ်မှတ်စနစ်ပြောင်းခြင်း (Transformation) ဖြစ်၏။

Brian Mchale က ဘာသာစကားလွတ်မြောက်မှု Antilanguage ပုံစံနှစ်မျိုးကို တင်ပြ၏။ ယင်းတို့မှာ-

၁။ Relexicalization

၂။ Overlexicalization တို့ ဖြစ်သည်။

၁။ Relexicalization ဆိုသည်မှာ စံတစ်ခုအားဖြင့် သတ်မှတ်ထားပြီးသော စကားလုံးတစ်ခုကို ထိုစံအတိုင်း မလိုက်နာဘဲ သင့်လျော်သလိုယူ၍ သုံးစွဲခြင်းဖြစ်သည်။

၂။ Overlexicalization ဆိုသည်မှာ အဓိပ္ပာယ်တူ (သို့မဟုတ်) အဓိပ္ပာယ်တူလုနီးပါး စကားရပ်များကို မိမိနှစ်သက်ရာ စိတ်မှတ်သညာအားဖြင့် ပွားယူခြင်း ဖြစ်သည်။

ဤနေရာတွင် တစ်ခုသတိပြုရန်မှာ ပို့စ်မော်ဒန်ဝတ္ထုများတွင် ပါရှိသော စကားလုံးတိုင်း စကားလုံးတိုင်းသည် အာ..ုး Antilangu



www.burmeseclassic.com

www.burmeseclassic.com



age ဖြစ်နေကြသည်တော့မဟုတ်။ သာမန်စကားလုံးများ (ဝါ) Language များကို ရေးရိုးရေးစဉ်အတိုင်း ရေးနေရင်းက သူတို့ဖာသာသူတို့ ဖန်တီးစိတ်ကူးထားသော စကားလုံးများ (ဝါ) Antilanguage များက တစ်ချက်တစ်ချက်တွင် ကြားညှပ်ပါသွားကြခြင်းသာ ဖြစ်သည်။ စာဖတ်သူအဖို့လည်း သာမန်ရေးရိုးရေးစဉ် ရေးနေသော ဝေါဟာရ၊ စကားလုံး၊ အသုံးအနှုန်းများကို နားလည်စွာ ဖတ်ရှုလာရင်း တစ်ချက် တစ်ချက်တွင် သူသိထားသော သူသတ်မှတ်ထားသော စံ၊ အဓိပ္ပာယ်နှင့် မကိုက်ညီသည့် စကားလုံး (ဝါ) Antilanguage ကို တွေ့လိုက်ရသောအခါ နားမလည်ဘဲ ဖြစ်သွားရပြန်သည်။ ဥပမာပြပါမည်။

သရဖူမဂ္ဂဇင်း၊ အမှတ် ၃၂ စာမျက်နှာ (၁၂၈) ပါ ဇော်ဇော်အောင်၏ ကြောင်ရေးတဲ့ ဝတ္ထုကို ကြည့်ပါ။

ကျွန်တော် ငယ်ငယ်ကတည်းက မွေးမြူထားသော ကျားဆိုသည်မှာ ထိုကျား၏ အသက်မဟုတ်ပါ။ ကျွန်တော့် အသက်ငယ်ငယ်တုန်းကဟု ဆိုပါသည်။

(ဤဝါကျများကို ဘာမှ နားမလည်စရာမရှိ။ ရေးရိုးရေးစဉ်အတိုင်း၊ အများနားလည်ပြီးသား အဓိပ္ပာယ်များနှင့် ဖွဲ့စည်းထားသော Language များဖြစ်သောကြောင့်ပင်။ သို့သော် နောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ဆက်ဖတ်ကြည့်လိုက်သောအခါ)

*မောင်ကိုလေး၏ သမီးကို ကျားက ဂဏန်းသင်္ချာ သင်ပေးနေ၏။*

(နားမလည်တော့ပါ။ သတ္တဝါ "ကျား"တစ်ကောင်က လူတစ်ယောက်ကို မည်သို့ သင်္ချာသင်ပေးနိုင်ပါမည်နည်း။ အများသိထားသော စံနှင့်မကိုက်ညီတော့။ ဤနေရာတွင် ပါရှိသော "ကျား"ဟူသည့် ဝေါဟာရသည် အများနားလည်ထားသော အဓိပ္ပာယ်နှင့် မတူသည့် အခြားဝေါဟာရ ဖြစ်သည်။ တစ်နည်းအားဖြင့် ပြောရလျှင် စာရေးသူဇော်ဇော်အောင်၏ စိတ်အလိုအတိုင်း ဖန်တီးထားသည့် စကားလုံး Antilanguage ဖြစ်လေသည်။)

ဤသို့အားဖြင့် ပို့စ်မော်ဒန်ဝတ္ထုတစ်ပုဒ်ကို ဖတ်ရာတွင် language ကို ဖတ်ပြီး နားလည်လိုက်၊ တစ်နေရာရောက်သောအခါ Antilanguage ကို ဖတ်မိပြီး နားမလည်ဖြစ်လိုက်နှင့် ကြုံရပေလိမ့်မည်။ ဤသည်ပင် ပို့စ်မော်ဒန်ဝတ္ထုတို့၏ လက္ခဏာပင် ဖြစ်ပါသည်။

သည်နေရာတွင် တစ်ခု စဉ်းစားကြည့်စေလိုပါသည်။

၁။ Language (ဝါ) အများနားလည်လက်ခံပြီးသား စကားလုံးဆိုသည်မှာ ပြင်ပရှိ ပကတိလောက ဖြစ်ပါသည်။

၂။ Antilanguage (ဝါ) စာရေးသူဖာသာ စိတ်ထဲမှ ဖန်တီး



www.burmeseclassic.com

www.burmeseclassic.com



ထားသော စကားလုံးဆိုသည်မှာ (စာရေးသူ၏ အာရုံကြောင့် ဖြစ်သည်) အာရုံလောက ဖြစ်ပါသည်။ ထို Language နှင့် Antilanguage တို့ကို ရောနှောရေးထားခြင်းကြောင့် တွေ့လာရသည့် "ပကတိလောကထဲမှ ထွက်၍ အာရုံလောကထဲ ရောက်သွားလိုက်၊ အာရုံလောကထဲမှ ထွက်၍ ပကတိလောကထဲ ရောက်သွားလိုက်ဖြင့် လှုပ်ခနဲ လှုပ်ခနဲ ကူးချည်သန်းချည် ဖြစ်နေသောသဘော"ကို Flicker ဟု ခေါ်ပါသည်။

ယင်း Flicker သည် ပို့စ်မော်ဒန်အနုပညာ၏ လက္ခဏာဖြစ်ကြောင်းကို ပို့စ်မော်ဒန် ??? စာတမ်း၏အစတွင် ကျွန်တော် တင်ပြခဲ့ပြီးပါပြီ။ ထို့ပြင် ယင်း Symposium စာတမ်း၏အစ ပို့စ်မော်ဒန်အနုပညာတို့၏ သဘောတရား အနှစ်ချုပ်ကို "အခွဲလောက" "အနှစ်လောက" နှစ်ရပ်၏ စစ်ပွဲကြားတွင် ရှင်သန်နေထိုင်နေကြရကြောင်း ရေးသားခဲ့ပြီး ဖြစ်ပါသည်။ ကျွန်တော့်စာတမ်း၏ သဘောသဘာဝကို ဤသို့ ရှေ့နောက် ချိတ်ဆက်မိအောင် စီစဉ်ထားပါသောကြောင့် ဆက်စပ် ဖတ်ရှုလိုပါလျှင် ပြန်လည်ဖတ်ရှုပါရန်။

ယခု ဆက်လက်၍ ပို့စ်မော်ဒန်သမားတို့၏ Antilanguage ကို သုံးသော နည်းဗျူဟာများကို အမှတ်စဉ်ထိုး၍ ဖော်ပြသွားပါမည်။ ယင်းတို့မှာ-



www.burmeseclassic.com

www.burmeseclassic.com



၁။ စကားပြော လေသံအသုံးအနှုန်း အမျိုးမျိုးပါရှိခြင်း (Heteroglossia)

၂။ ဗျည်းနှင့်သရတို့ကို လွဲဖယ်ပစ်ခြင်း

၃။ စကားအဆက်အစပ်ကိုလွဲဖယ်ပစ်ခြင်း

၄။ စကားလုံးအသိုင်းအဝန်းကို လွှဲဖယ်ပစ်ခြင်း

(Carnival)

၂ (ည) ၂း၁။ ။ စကားပြောလေသံအသုံးအနှုန်းအမျိုးမျိုးပါရှိခြင်း (Heteroglossia)

ဤအချက်နှင့် ပတ်သက်၍ တစ်ခုသတိပြုရန်ရှိသည်မှာ Realism ဝတ္ထုများတွင် တွေ့ရတတ်သော "စကားပြောလေသံ အသုံးအနှုန်း အမျိုးမျိုးပါရှိခြင်း"မျိုးနှင့် သဘောသဘာဝခြင်း မတူညီကြောင်းပင်။

ရှင်းရလျှင် Realism ဝတ္ထုတစ်ပုဒ်တွင် ပါရှိသော ဇာတ်ကောင်များသည် ဘုန်းကြီးတစ်ပါး၊ ငါးစိမ်းသည်တစ်ယောက်၊ ရခိုင်လူမျိုးတစ်ယောက်တို့ ဖြစ်ကြသည် ဆိုပါစို့။ စာရေးဆရာက သူ့ဇာတ်ကောင် တစ်ယောက်ချင်းစီ၏ စကားပြောခန်းတွင် သက်ဆိုင်ရာဇာတ်ကောင်၏ ပင်ကိုယ်လေသံပါအောင် တူအောင် တမင်ကြိုးစား၍ ရေးပေလိမ့်မည်။ ဘုန်းကြီးကလည်း ဘုန်းကြီးလေသံ၊ ငါးစိမ်း



www.burmeseclassic.com

www.burmeseclassic.com



သည်ကလည်း ငါးစိမ်းသည်လေသံ၊ ရခိုင်ကလည်း ရခိုင်လေသံ စသည်ဖြင့် ပါဝင်နေမည်ဖြစ်ပေရာ ယင်းသဘောကကော Heteroglossia မဟုတ်ဘူးလားဟု မေးရာ ပေါ်လာပေလိမ့်မည်။

မဟုတ်ပါ။

Realism သမားတို့၏ ရေးဟန်တွင် အနားသတ်မျဉ်းရှိ၏။ ဘုန်းကြီးလေသံကို ဘုန်းကြီးဇာတ်ကောင်ကသာ ပြောခွင့်ရှိသည်။ အမြန်အလှန်အားဖြင့် ကြည့်လျှင် ဘုန်းကြီးက ငါးစိမ်းသည်လေသံဖြင့် ပြော၍မရ။ ဝတ္ထု၏ ညီညွတ်မှု ပျက်သွားပေလိမ့်မည်။ ဤသို့ မည်သည့်လေသံက မည်သို့သော ဇာတ်ကောင်ပြောရန်ဟု တွဲဖက်သတ်မှတ်ထားခြင်းကို အနားသတ်မျဉ်းရှိသည်ဟု ခေါ်ပါသည်။

Postmodern သမားတို့က ထို အနားသတ်မျဉ်းကို ဖျက်ချလိုက်၏။ မည်သည့် ဇာတ်ကောင်မဆို သူပြောချင်သည့် လေသံ၊ သူပြောချင်သည့် ဘာသာစကားကို ပြောနေပေလိမ့်မည်။ ဇာတ်ကောင် တစ်ယောက်တည်းကလည်း ဘာသာစကားအမျိုးမျိုး ပြောချင် ပြောနေမည်။ ထိုနည်းတူ စာရေးဆရာကလည်း ဘာသာစကားတစ်မျိုးဖြင့် ရေးနေရင်း အခြားဘာသာစကားများကိုလည်း ထည့်သွင်းရေးချင် ရေးပေလိမ့်မည်။ ယင်းကို Heteroglossia ဟု ခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ။ ။ ဤသဘောတရားနှင့် ကိုက်ညီသည့် မြန်မာဝတ္ထုမပေါ်ပေါက်သေးပါ။ ထို့ကြောင့် မြန်မာဝတ္ထုကို ဥပမာအဖြစ် မပြနိုင်ပါ။ သဘောအကျယ်ကို လေ့လာလိုသူ များ James Joyce ၏ Finnegans Wake ဝတ္ထုနှင့် Donald Barthelme ၏ The Viennese Opera Ball ဝတ္ထုတို့ကို ဖတ်ပါ။ (အခြားဝတ္ထုများ များစွာရှိသေးသော်လည်း အရှာရလွယ်ကူစေရန် နာမည်ကြီးသည့် ဝတ္ထုတို့ကို ညွှန်းထားခြင်း ဖြစ်ပါသည်။)

ဤသို့ မတူညီသော ဘာသာစကားတို့ကို ထည့်သွင်းရေးသားရာတွင် စကားအပိုင်းအစတို့၏ အဆုံးအဆုံးချင်း အဖျားခတ်ဆက်သွားသောနည်း (Horizontal နည်းဟု ခေါ်၏) နီးကပ်တည်ရှိသော စကားအပိုင်းအစ နှစ်ခုကြားဖြတ် ထည့်ရေးသောနည်း (Vertical နည်းဟုခေါ်၏) ဟူ၍ ရှိသေးသည်။ အထက်က ဥပမာပေးခဲ့သော ဝတ္ထုနှစ်ပုဒ်အနက် Joyce ၏ ဝတ္ထုသည် Vertical နည်းဖြစ်ပြီး Barthelme ၏ ဝတ္ထုသည် Horizontal နည်းဖြစ်၏။

ဘာကြောင့် ပို့စ်မော်ဒန်သမားတို့က ထိုသို့ လုပ်ကြသနည်း။

ရှင်းပါသည်။ တကယ်တော့ ဝတ္ထုတည်ဆောက်မှုဟန်ဆိုသည်မှာ ဘာသာစကား အသုံးအနှုန်းအမျိုးမျိုး၊ ကွဲပြားခြားနားသော အခြေအနေအမျိုးမျိုးတို့ကို ဆက်စပ်စေခြင်း ဖြစ်သည်။ ထိုအဆက်



www.burmeseclassic.com

www.burmeseclassic.com



အစပ်ဖြင့် စကားအခွဲအမွှာ အဖြာအလက်တို့ကို ပေါင်းဖွဲ့ထားသည့် အစုအစည်းပင်။

ထိုသို့ "တမင်ညီညွတ်အောင် ကြံစည်ထားရသည့် လောက" ကို ပို့စ်မော်ဒန်သမားတို့က ဖြိုခွဲလိုကြသည်။ ဖြိုခွဲရန် သူတို့လျှိုသွင်းလိုက်သော "သပ်" ကား Heteroglossia ပင်။ ဤနည်းအားဖြင့် ညီညွတ်နေသော ဝတ္ထုအဖွဲ့အစည်း လောကသည် Polyphony ဟု ခေါ်သောအသံမျိုးစုံဖြင့် မညီမညွတ် ရောနှောပါဝင်နေသည့် လောကအဖြစ်သို့ ရောက်ရှိသွားလေသည်။

၂(ဈ)၂၂ ဗျည်းနှင့်သရတို့ကို လွဲဖယ်ပစ်ခြင်း

ဤအချက်နှင့် ပတ်သက်၍ ရန့်သစ်မဂ္ဂဇင်း၊ အမှတ် ၄၅ပါ သစ္စာနီ၏ လုံ့ဆော်မှဲ့အာရုံသိခြင်း ဝတ္ထုကို ညွှန်းပါမည်။ အောက်ပါ စာပိုဒ်ကို ဥပမာအဖြစ် ဖတ်ကြည့်ပါ။

*အဲဒီမှာ အဝါရောင်မြစ်ကြီးက လေထဲမှာ ဖြည်းဖြည်းခြင်း လွင့်မျောလို့။ ညင်သာတဲ့ ရေစီးသံတွေကို ကျွန်တော်မြင်နေရတယ်။ (ကျွန်တော့်ဘေးမှာ မြတ်သစ်မရှိတော့ဘူး။ သူကမသွားခင် "ပွနုအဲပါ ညင်အောစ်သ"လို့ ပြောသွားတယ်)*

ယင်းစာပိုဒ်တွင် ပါဝင်သော "ပွနုအဲပါညင်အောစ်သ"ဆိုသည့် စကားကို သတိပြုစေချင်သည်။ ထိုစကားစု၏ ဗျည်းများနှင့်



www.burmeseclassic.com

www.burmeseclassic.com



သရများကို ခွဲထုတ်ကြည့်ပါက အ၊ နု၊ ပ၊ ညာ၊ သ၊ စ၊ အ၊ င၊ ပ ဟူ၍ တစ်ပိုင်း၊ နောက် ု၊ ါ၊ ်၊ ေ၊ ာ၊ ်၊ ွဲ၊ ဟူ၍ တစ်ပိုင်း ရပါသည်။ တစ်ဖန် ထိုဗျည်းနှင့် သရများကို အဓိပ္ပာယ် တစ်စုံ တစ်ရာရှိသော စကားစုအဖြစ်သို့ ရောက်အောင် ပြန်လည်တွဲစပ် လိုက်လျှင်-

"အနုပညာသစ်အောင်ပွဲ"

ဟူသော စကားဖြစ်လာ၏။

သည်နေရာတွင် ပြောစရာတစ်ခု ရှိလာပြန်သည်။

ဤသို့ ကပ်သီးကပ်သတ် ရေးထားသည့် စကားလုံးများ ကို ဗျည်း၊ သရ ခွဲထုတ်ခြင်း၊ ပြန်ဆက်စပ်၍ အဓိပ္ပာယ် ရှာခြင်းတို့ကို လုပ်နေရသည်မှာ ကျွန်တော့်တာဝန်ကိုက ထိုသို့ လေ့လာစူးစမ်းရမည့် တာဝန် ဖြစ်သောကြောင့်ပင်။ တစ်နည်းအားဖြင့် ပြောရလျှင် အနုပညာရှင် တစ်ယောက်က ဖန်တီးလိုက်သည့် အနုပညာပစ္စည်း တစ်ခုသည် အချည်းနှီးကိစ္စများ မဟုတ်ကြောင်း၊ ပေါ်လွင်အောင် တင်ပြရန် တာဝန်ရှိခြင်းကြောင့် ဖြစ်ပါသည်။

သို့ရာတွင် သာမန်စာဖတ်သူ တစ်ယောက်အဖို့မူ ထိုသို့ ခွဲခြမ်းစိတ်ဖြာခြင်း၊ ပြန်ဆက်ခြင်း၊ အဓိပ္ပာယ်ဖော်ခြင်းတို့ကို လိုက်လုပ်နေလိမ့်မည် မဟုတ်ပါ။ လုပ်စရာလည်း မလိုပါ။ အဲဒီမှာ အဝါရောင်



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးမှ မြတ်သစ်မရှိတော့ဘူး၊ သူ မသွားခင်အထိ စာဖတ်သူက နားလည်စွာ ဖတ်လာခဲ့ပါလိမ့်မည်။ ပြဿနာ မရှိပါ။ ထိုစကားများသည် သာမန်အတိုင်းရေးထားသော Language များဖြစ်သောကြောင့်ပင်။

နောက်ဆက်ဖတ်လိုက်၍ ပွနုအဲပါညင်အော်စ်သ ဆိုသောစကားကို တွေ့လိုက်ရသောအခါတွင်ကား စာဖတ်သူက နားမလည်နိုင်တော့။ Antilanguage ဖြစ်ခြင်းကြောင့်ပင် (စောစောက ကျွန်တော်လုပ်သလို ခွဲထုတ်ခြင်း၊ ပြန်ပေါင်းကြည့်ခြင်းတို့ကို လုပ်နေမည်မဟုတ်) ကျော်ဖတ်သွားလိမ့်မည်။ ဒါလည်း ပြဿနာမရှိပါ။ ထိုသို့နားမလည်လိုက်ခြင်းကပင် Anti- language ၏ သဘောဖြစ်ပါသည်။ စာရေးသူ သစ္စာနီ၏ သူ့စိတ်ကြိုက်တီထွင်ဖန်တီးထားသောစကား (Anti- language) နှင့် ရှေ့မှ တောက်လျှောက် ဖတ်လာခဲ့ရသော သာမန်သုံးစကား Language တို့နှစ်ခုအကြား ကူးပြောင်းမှုသည်သာ အဓိကဖြစ်ပြီး ရှေ့က ကျွန်တော်ပြောခဲ့ပြီးသော ပို့စ်မော်ဒန်ဝတ္ထုတို့၏ Flicker သဘောကို ဖော်ဆောင်လေသည်။

၂ (ဈ) ၂၊ ၃။ ။ စကားအဆက်အစပ်တို့ လွဲဖယ်ပစ်ခြင်း။

ဤကိစ္စနှင့် ပတ်သက်၍လည်း သရဖူမဂ္ဂဇင်း အမှတ် (၃၂)ပါ ဇော်ဇော်အောင်၏ ကြောင်ရေးတဲ့ဝတ္ထုတိုပင် ပြန်ညွှန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စာပိုဒ်တစ်ပိုဒ်ကို ဥပမာအဖြစ် ဖတ်ကြည့်ပါ။

မြန်မာစာကျူရှင်၊ ဇီဝဗေဒကျူရှင်တွေလို ကျား ဘာသာရပ်သင်သော ကျူရှင်လည်း မဟုတ်ပါ။ ကျွန်တော့်ကျားက ကျူရှင်သင်ပေးနေခြင်း ဖြစ်ပါသည်။ ပြောစရာရှိတာ မေ့နေသည်။ ကျားကစားသွားခြင်းဆိုသည်မှာ လူနှစ်ယောက် အကွက် ၁၂ ကွက်စီပေါ်မှာ မဆိုလိုပါ။ ကျားက ကျွန်တော့်ဘကြီးကို သူ့ပါးစပ်ကြီးနှင့် ကိုက်ဝါးစားမြိုပစ်လိုက်ခြင်းကို ဆိုလိုပါသည်။ သူ့ပါးစပ်ကြီးသည် ကျွန်တော့်ဘကြီး ပါးစပ်မဟုတ်ပါ။ ကျားပါးစပ် ဖြစ်ပါသည်၊ သူကျူရှင်ပြသောဘာသာရပ်မှာ အခြေခံချက်ပြုတ်နည်း ဖြစ်၏။ စင်ကာပူ အချက်အပြုတ် ကောလိပ်မှ ဘွဲ့ရခဲ့သည်ဟုလည်း ပြော၏။ သူဆိုသည်မှာ ကျွန်တော့် ကျားမဟုတ်။ ကျွန်တော့်သူငယ်ချင်း ကြွက်နီဖြစ်ပါသည်။

ဖော်ဖော်အောင်၊ ကြောင်ရေးတဲ့ ဝတ္ထု သရဖူ (၃၂) စာ (၁၂၉)

ပထမပြောနေသော ကျူရှင်ပြနေသူမှာ 'ကျား'ဖြစ်ပါသည်။ နောက်ရေးသော ဝါကျမှာ "သူကျူရှင်ပြသော ဘာသာရပ်မှာ အခြေခံချက်ပြုတ်နည်းဖြစ်၏"ဟု ဆိုပြီးမှ "သူဆိုသည်မှာ ကျွန်တော့် သူငယ်ချင်း ကြွက်နီဖြစ်ပါသည်"ဟုရေးကာ စကားအဆက်အစပ်ကို လွှဲပစ် လိုက်သည်။ ထို့ကြောင့် သူဆိုသော စကားလုံး၏ အဓိပ္ပာယ်သည် မနိုင်မာတော့။ ရိုးရိုး သာမန်ဝါကျများတွင် သုံးလေ့ရှိသော

ဆုတ်ဝေတယ် ______

www.burmeseclassic.com

www.burmeseclassic.com



နာမ်များ၏ အသုံးအနှုန်းအဆင့်ကို လွန်မြောက်သွားသည်ဟု ဆိုလိုပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် Language အဖြစ်မှ Anti language အဖြစ်သို့ ရောက်နေ၏။

(အထက်ပါ စာပိုဒ်တွင် "ကျား" က "စား"သည်ကို ကျား "ကစား" သည်ဟု ဝေါဟာရအပေါင်းအစပ်ကို မူတည်၍ အဓိပ္ပာယ်လွဲဖွင့်ထားသော စာကြောင်းများပါသည်ကိုလည်း တွေ့ရသည်။ ယင်းသဘောကို Determination from below by Word-play ဟု ခေါ်ပါသည်။ ထိုအကြောင်းကို ပို့စ်မော်ဒန်??? စာတမ်း အခန်းစဉ် ၂(ဈ) ၃း၅တွင် ကျွန်တော် ရှင်းလင်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယင်းသဘောကိုပင် သရဖူမဂ္ဂဇင်း၊ အမှတ် (၃၂) ပါ <u>မြတ်သစ်၏ ဝတ္ထုတွင်ရှိလည်း</u>

သူ၊ မနေခဲ့သောမြို့

သူမ၊ နေခဲ့သောမြို့

သူမနေ၊ ခဲ့သောမြို့

ဟု စာကြောင်းသုံးမျိုးရေးသားထားသည်ကို တွေ့ရပါလိမ့်မည်)။

၂(ဈ) ၂း၄။ စကားလုံး အသိုင်းအဝန်းကို လွှဲဖယ်ဖျက်ပစ်ခြင်း

ဝတ္ထုတစ်ပုဒ်တွင် ပါရှိသော စကားများ၏ "အသိုင်းအဝန်း"ဆို



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ လွန်စွာကျယ်ပြန့်ပေသည်။ ပြောရလျှင် ဤဝတ္ထုတစ်ခုလုံးကို အစမှအဆုံးတိုင် ဖွဲ့စည်းထားသော အရာအားလုံးသည် စကားလုံးနှင့် ယင်း၏ အသိုင်းအဝန်းဖြစ်သည်။ ထိုသို့ဆိုလျှင် ဝတ္ထုတစ်ပုဒ်လုံးတွင် ပါရှိသော စကားလုံးနှင့် ယင်း၏ အသိုင်းအဝန်းတို့သည် စုစုစည်းစည်း၊ ညီညီညွတ်ညွတ်ရှိရန် လိုအပ်လာပြီ ဖြစ်သည်။ ထို့ကြောင့်

(၁) စကားအသိုင်းအဝန်း အားလုံးသည် "စကားပြောလေသံ" ဟန်ဖြင့် တောက်လျှောက် ညီညီညွတ်ညွတ်ရှိကြလျှင် ဝတ္ထုတစ်ပုဒ်လုံးသည် စကားပြောလေသံဖြင့် ဖွဲ့စည်းထားသော ဝတ္ထုဖြစ်လာ၏။ စကားအသိုင်းအဝန်း အားလုံးသည် ပုံပြင်တစ်ပုဒ် ဇာတ်လမ်းကို တင်ပြနေဟန် ဖြစ်လျှင်လည်း ဝတ္ထုတစ်ခုလုံးသည် "ဇာတ်လမ်းပြ" ဟန်၊ ဝတ္ထုအဖြစ် ပုံပေါ်လာမည် ဖြစ်သည်။ ထိုနည်းတူ အက်ဆေးဟန်ဖြစ်လျှင်လည်း တစ်ပုဒ်လုံး အက်ဆေးဟန်။ ပြဇာတ်ဟန် အပြန်အလှန် စကားပြောများဖြင့် အစအဆုံး တစ်ညီအညွတ်တည်း ဖွဲ့စည်းလျှင်လည်း အသိုင်းအဝန်း၏ ညီညွတ်မှုရှိရန် လိုပေသည်။

(၂) စကားလုံးဆိုသည်မှာ စကားလုံးမည်ကာမတ္တ မဟုတ်ဘဲ တစ်စုံတစ်ရာကို ဖော်ပြနေကြသည်ချည်း ဖြစ်၏။ ထိုသို့ ဖော်ပြရာတွင် လူဆိုလျှင်လည်း လူ၏ အသွင်အပြင်၊ လုပ်ကိုင်ဆောင်ရွက်ပုံ



www.burmeseclassic.com

www.burmeseclassic.com



များကိုလည်းကောင်း ပစ္စည်းများ၊ တိရစ္ဆာန်များဆိုလျှင်လည်း ထိုနည်းလည်းကောင်း ဖော်ပြစရာများစွာ ရှိပေသည်။

(၃) စကားလုံး အသိုင်းအဝန်းတစ်ခုလုံး၏ စုစည်းမှုကြောင့် ပေါ်ပေါက်လာမည့် ကိစ္စ (လွယ်လွယ်ပြောရလျှင် ဇာတ်လမ်း) အတွက် "နေရာ" ရှိရမည်။ စကားလုံး အသိုင်းအဝန်းသည် ယင်း "နေရာ" ကို ဖော်ပြရန်လည်း တာဝန်ရှိပေသည်။

ပို့စ်မော်ဒန်သမားတို့က စကားလုံး အသိုင်းအဝန်းများကြောင့် ဖြစ်ပေါ်လာရသော အထက်ပါ အရာအားလုံးကို ချိုးဖျက်လိုက်ကြလေတော့သည်။

ဤနည်းအားဖြင့် တင်ပြသော ပို့စ်မော်ဒန်သမားတို့၏ နည်းဗျူဟာကို "စကားလုံး အသိုင်းအဝန်းကို လွဲဖယ်ပစ်ခြင်း" နည်းဗျူဟာဟု ခေါ်ပါသည်။

ထို့ကြောင့် ပို့စ်မော်ဒန်သမားတို့၏ "အသိုင်းအဝန်းဖျက်"ပုံကို ရှေ့က တင်ပြခဲ့သော နံပါတ်စဉ်အတိုင်း ပြန်ပြောရလျှင်

(၁) ဝတ္ထု၏ အမျိုးအစားသည် စကားပြောဟန်၊ အက်ဆေးဟန်၊ ပေးစာဟန်၊ ပြဇာတ်ဟန်စသဖြင့် တစ်သမတ်တည်း သီးသီးသန့်သန့် မတည်ရှိတော့။ ဝတ္ထုတစ်ပုဒ်ထဲတွင်ပင် စကားပြော၊ ပေးစာ၊ ပြဇာတ်၊ အက်ဆေး စသည်ဖြင့် အားလုံး ရောပါနေပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



(တစ်နည်းအားဖြင့် ပြောရလျှင် ယင်းသည် ကျွန်တော့်စာတမ်း အပိုဒ်ခွဲ ၂(ဈ) ၂၁ ပါ Heteroglossia ပုံစံတစ်မျိုးပင် ဖြစ်၏)။

ဤပုံစံအတွက် ဥပမာအဖြစ် သရဖူမဂ္ဂဇင်း၊ အမှတ် (၃၀) ဇာမျက်နှာ (၁၃၀) မြတ်သစ်၏ သရုပ်ဖော်ပုံမလိုသောဝတ္ထုကို ညွှန်း ပါမည်။ ယင်းဝတ္ထုထဲတွင် တရားကျမ်းစာ၊ ပြဇာတ်၊ ဝတ္ထု၊ ပေးစာ ပုံစံအစုံ ရောပြွမ်းပါနေသည်ကို တွေ့ရပေလိမ့်မည်။

(၂) စကားလုံးများက ဖော်ပြနေသော အသွင်အပြင်၊ လှုပ်ရှား မှု အစီပွာယ်များသည်လည်း အချိုးဖျက်ထားသော ဖော်ပြချက်များ ဖြစ်ကြသည်။ ဥပမာအားဖြင့် လူ၏ အသွင်အပြင်ကို ဖော်ပြရာ တွင် "ဝမ်းဗိုက်" ကို "ခြေဖဝါး" ဟု အမည်ပေးချင်ပေးထားမည်။ "ခုံး"ကို "ဆီးစပ်" ဟု အမည်ပေးချင်ပေးထားမည်။ (သို့မဟုတ် နှူးတွင် ခြေထောက်ပေါက်နေသည်ဟု ဖော်ပြချင် ဖော်ပြမည်)

ထိုနည်းတူ ထမင်းစားခြင်းတည်းဟူသော လုပ်ဆောင်ချက်ကို စကားပြောခြင်း" ဟု အမည်ပေးချင်ပေးထားမည်။ လမ်းလျှောက် ခြင်းဟူသော အပြုအမူကို "ကာမသုခခံစားမှု" ဟု အမည်ပေးချင် ပေးထားလိမ့်မည်။

(၃) နေရာကိုဖော်ပြရာတွင်လည်း အထက်ပါနည်းများအတိုင်း ပင် အချိုးဖျက်၍ ဖော်ပြကြ၏။ ရန်ကုန်မြို့၏ အခင်းအကျင်းများကို

www.burmeseclassic.com



ဖော်ပြပြီးကာမှ လောစ်အိန်ဂျလိစ်မြို့ဟု အမည်ပေးချင်ပေးပေလိမ့်မည်။ ဤနည်းဗျူဟာသည် ပို့စ်မော်ဒန် ??? အခန်းစဉ် ၂(ခ) တွင် ကျွန်တော်တင်ပြခဲ့သော စိမ်ဖန်တီးသောလောက၏နေရာ သဘောတရားအတိုင်းပင် ဖြစ်သည်။

ပို့စ်မော်ဒန်သမားတို့၏ အချိုးဖျက်ဖော်ပြထားသော နေရာသည် တစ်စုံတစ်ရာကို ကိုယ်စားပြုရန်မဟုတ်၊ လက်ရှိအရှိတရား၊ လက်ရှိလောကကို ထိပ်တိုက်မျက်နှာချင်းဆိုင်တိုက်ရန်သာ တာဝန်ရှိပေသည်။

အထက်ပါ ပုံစံ (၂) နှင့် (၃) တို့အတွက် ဥပမာပေးရန် သရုပ်မဂ္ဂဇင်း အမှတ် (၃၂)၊ စာမျက်နှာ (၁၃၀) ပါ မြတ်သစ်၏ သူမနေခဲ့သောမြို့ ဝတ္ထုကို ညွှန်းပါမည်။ ယင်းဝတ္ထုထဲမှ အောက်ပါစာပိုဒ်ကို ဖတ်ကြည့်ပါ။

အမည်- လူမွန်

မွေးသက္ကရာဇ်- ၁-၁-၁၉၉၀

အရပ်- ခြောက်ပေ

အဘအမည်- ဦးရာပြည့်

အမိအမည်- ဒေါ်သက်ရှည်

နေရပ်လိပ်စာ- အာကာသရိပ်သာ၊ အိကွေဒိုနွားတုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသော အမှတ်အသား- မျက်လုံးတစ်ဖက်အနီ၊ တစ်ဖက်အစိမ်း

မြတ်သစ်၊ သူမနေခဲ့သောမြို့၊ သရဖူ အမှတ် (၃၂)

* * *

ထုတ်ဝေတယ် ————————————————

www.burmeseclassic.com

www.burmeseclassic.com

# ၂(ည) [ဝတ္ထုကိုရိုက်နှိပ်ဖော်ပြထားသော] စာရွက်၊ စက္ကူနှင့် ပို့စ်မော်ဒန်

## ၂(ည)၁။ ။ စာရွက်/စက္ကူ၏ အရှိတရား။

ပို့စ်မော်ဒန်ဝတ္ထုတို့၏ ကြီးစိုးရာသည့် အရှိတရားသဘော (Ontology) ဖြစ်ကြောင်း ကျွန်တော်တင်ပြခဲ့ပြီးပါပြီ။

မှန်သည်။

ပို့စ်မော်ဒန်သမားတို့သည် အရှိတရားကို အလေးပေးကြ၏။ ထို့ကြောင့် ဤနေရာတွင် ဝတ္ထုကိုသာမက ယင်းဝတ္ထုကို ရိုက်နှိပ်ဖော်ပြထားသော စက္ကူ/စာရွက်ကိုပါ ပို့စ်မော်ဒန်သမားတို့က အလေးပေး



www.burmeseclassic.com

www.burmeseclassic.com



လာကြပါသည်။ အဘယ်ကြောင့်ဆိုသော် စာရွက်/စက္ကူသည် ရုပ် (Matter) ဖြစ်၏။ ထို့ကြောင့် ယင်းသည် ငြင်းပယ်၍ မရသော ပကတိအရှိတရား ဖြစ်၏။

ယင်းသဘောကို ဆက်မပြောမီ ဤနေရာတွင် စပိန်လူမျိုး ဂျော့ ဆန်တာယာနာ (Geroge Santayana) ၏ ရှိမှုဆိုင်ရာအမြင်ကို အနည်းငယ် တင်ပြရန်လိုမည်ဟု ထင်ပါသည်။

George Santayana က လောကအရှိတရား (၄) ခုရှိသည်ဟု ဆိုပါသည်။ ယင်းတို့မှာ-

(၁) အာရုံပြဌာန်းချက်များ (Essences)

(၂) ရုပ်အခြေခံဝတ္ထု (Matter)

(၃) ဝိညာဉ် (သို့မဟုတ်) စိတ် (Spirit (or) Mind)

(၄) သစ္စာတရား (Truth) ဟူ၍ ဖြစ်ပါသည်။

၂(၄)၁း၁။ ။ အာရုံပြဌာန်းချက်များ (Essences)

Essence ဆိုသည်မှာ ဖြစ်ပေါ်ရုံဖြစ်ပေါ်နေသော ပုံစံတစ်ခုမျှသာ ဖြစ်သည်။ (A bare form) ဤအရာ ဖြစ်သည်။ ထိုအရာ ဖြစ်သည်ဟု ဝင်ရောက်ဆုံးဖြတ်ချက် မချရသေးသော ပုံစံတစ်ခု ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် "အစိမ်းရောင်ရှိသော ကြိုးတစ်ချောင်း" ကို မြင်ရသည်ဆိုပါစို့။ ထိုသို့မြင်လျှင်မြင်ချင်း



www.burmeseclassic.com

www.burmeseclassic.com



လူ၏ စိတ်တွင် "ခံစားမှုသက်သက်" တစ်ခု ဖြစ်ပေါ်သည်။ ထိုခံစားမှုတွင် "အစိမ်းရောင်ဖြစ်သည်" ဟုလည်းကောင်း၊ "ကြိုးဖြစ်သည်" ဟု လည်းကောင်း ဆုံးဖြတ်သည့် စဉ်စားဆုံးဖြတ်ခြင်းလုပ်ငန်း မပါရှိသေးပေ။

ယင်း Essence တစ်ခုကို ခံစားနေရုံမျှ ခံစားနေခြင်းကို Passive Witnessing ဟု ခေါ်သည်။

အထက်ကပေးခဲ့သော ဥပမာအရဆိုလျှင် ကျွန်တော်တို့သည် အရောင်ကို သိမြင်လိုက်ရာ၌ "၎င်းအရောင်သည် အစိမ်းရောင်ဖြစ်သည်" ဟု ဆုံးဖြတ်လိုက်ပါက ခံစားသောအဆင့်ကို လွန်သွားပေပြီ။ ယခင်က ကျွန်တော်တို့ တွေ့ကြုံသိမှတ်ခဲ့ဖူးသော အစိမ်းရောင်များနှင့် အဆင်တူနေသည်ဟု ဝင်ရောက်ဆုံးဖြတ်လိုက်ရာ ရောက်သွားပေလိမ့်မည်။

ထိုနည်းတူပင် "၎င်းအရာသည်ကြိုးဖြစ်သည်"ဟု ဆုံးဖြတ်လိုက်ခြင်းသည်လည်း ကျွန်တော်တို့ ယခင်က တွေ့ကြုံသိမှတ်ခဲ့ဖူးသော ကြိုးဟု ခေါ်ဝေါ်သမုတ်ထားသည့် အရာနှင့်အတူတူ ဖြစ်သည်ဟု ဆုံးဖြတ်လိုက်ရာရောက်ပေသည်။

အမှန်က Essence သည် ထိုသို့ ယခင် အတွေ့အကြုံဟောင်းများနှင့် ယှဉ်သော ဆုံးဖြတ်ချက် (ဝါ) စိတ်လှုပ်ရှားမှုများ မပါပေ။

ဝါတို့မှ

www.burmeseclassic.com

www.burmeseclassic.com



ခံစားရုံသက်သက် ခံစားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် Essence ကို တိုက်ရိုက်သိရှိနေခြင်း ဖြစ်သည်။ ဤသို့ တိုက်ရိုက်သိရှိနေခြင်းကို Intuition ဟု ခေါ်၏။

ထို့ပြင် ယင်း Essence တို့သည် Time & Space အပေါ်တွင် မှီခိုမနေချေ။ ဆိုလိုသည်မှာ "ဒီနေရာတွင်ရှိသည်" ဟုလည်းကောင်း၊ "ဒီအချိန်တွင်ရှိသည်" ဟုလည်းကောင်း ဆုံးဖြတ်ချက်များကို မချမှတ်မီကာလ ခံစားနေရသော ခံစားမှုဖြစ်သည်။

၂(ည)၁း၂။ ၊ ရုပ်အခြေခံဝတ္ထု (Matter)

အချို့သော Essence များသည် ပေါင်းစပ်စုစည်းလျက် ပုံသဏ္ဌာန်ကိုဆောင်ကာ လူ့အသိတွင်းသို့ တိုးဝင်လာခြင်းဖြစ်၏။ ထိုသို့ "ပေါင်းစပ်စုစည်းသည်" ဆိုခြင်းမှာ ပင်ကိုယ်က ယင်းတို့အခြေပြုသော အခြေခံဝတ္ထုတစ်ခုရှိခြင်းကြောင့် ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရလျှင် အာရုံပြဋ္ဌာန်းချက်များသည် ပေါင်းစပ်စုစည်းထားသော အခိုင်အတည်သဘောဖြစ်မှု (Concrete Existing Essences) များဘဝသို့ ရောက်ရှိရန် နဂိုရှိပြီးသား ပစ္စည်းများက အခြေခံအဖြစ်ရှိရသည်။

ယင်း အခြေခံဝတ္ထုသည် ရုပ်အခြေခံ (Matter) ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



၂(ည)၁း၃။ ။ ဝိညာဉ် (သို့မဟုတ်) သိစိတ်

(Spirit or Mind)

ယင်းသည် ရုပ်ဖြစ်ပေါ်နေပုံတစ်မျိုးသာ ဖြစ်သည်။ တစ်နည်း အားဖြင့်ဆိုရလျှင် A new dimension of matter ဖြစ်သည်။ သိစိတ် ကင်းမဲ့နေသော အရာဝတ္ထုမျိုးများနှင့် မဆိုင်။ လူနှင့်တိရစ္ဆာန်သတ္တဝါ များ၏ ပုံဆောင်ထားသော ရုပ်ခန္ဓာကိုယ် Organic Bodies များကို အခြေခံ၍ ဖြစ်ပေါ်လာသော အရာသာဖြစ်၏။

ရှိနေသော ရုပ်အခြေခံဝတ္ထု (Matter) ကို မြင်လျှင်မြင်ချင်း ကြားလျှင်ကြားချင်းတွင် ခံစားလိုက်ရသော အာရုံပြဋ္ဌာန်းချက် (Essence) ဖြစ်ပေါ်လာသည်။ ထိုအာရုံပြဋ္ဌာန်းချက်ကို သိခြင်း အဆုံးအဖြတ်ပေးခြင်းသည် သိစိတ်၏ သဘောဖြစ်၏။ ထို့ကြောင့် "သိစိတ်" သည် အာရုံပြဋ္ဌာန်းချက် (Essence) နှင့် ရုပ်အခြေခံ (Matter) တို့အပေါ်တွင် မှီခိုနေသည်ဟု ဆိုနိုင်သည်။

၂(ည)၁း၄။ ။ သစ္စာတရား၊ (Truth)

အာရုံပြဋ္ဌာန်းချက်များ (Essence) ကိုသိရှိခြင်းသည် တိုက် ရိုက် သိရှိခြင်းဖြစ်သည်။ Intuition ဖြင့်သိသည်ဟု ဆိုခဲ့ပြီးဖြစ် သည်။ ထိုသို့သိရာတွင် မှန်ခြင်း၊ မှားခြင်းတည်းဟူသော သစ္စာတရား ကို မလိုအပ်ပေ။ သို့ရာတွင် လောကတွင်ဖြစ်ပေါ်နေသော ဖြစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



များ (facts) တစ်ခုနှင့်တစ်ခု ဆက်နွယ်နေပုံ (Relations) ကို ဖော်ပြရာတွင်ကား "ယေဘုယျနှုန်းစံ" ကို လိုအပ်လာသည်။

ယင်းယေဘုယျနှုန်းစံသည် သစ္စာတရား (Truth) ပင် ဖြစ်သည်။

၂(ည)၂။ ။ ပို့စ်မော်ဒန်သမားတို့၏ နည်းဗျူဟာများ

ကျွန်တော် အထက်က ပြောခဲ့ပြီးသကဲ့သို့ စာရွက်၊ စက္ကူသည် ရုပ်တရား (Matter) ဖြစ်သည်။ ထို့ကြောင့် ယင်းအရှိတရားကို ပို့စ်မော်ဒန်သမားတို့က အလေးပေးကြ၏။

(က) ထိုစာရွက်၊ စက္ကူသည် လောကတစ်ခုဖြစ်၏။

(ခ) ထိုစာရွက်၊ စက္ကူပေါ်တွင် ရေးထားသော စာသားများကို ဖတ်ခြင်းအားဖြင့် ဖြစ်ပေါ်လာသည့် အာရုံများသည်လည်း လောကတစ်ခုဖြစ်၏။

ယခင်က ကျွန်တော်တို့ သာမန်အားဖြင့် ဝတ္ထုများကို ဖတ်ရှုရာတွင် စာသားများအပေါ်သာ အာရုံစိုက်နေရ၏။ ထိုစာသားများက တည်ဆောက်ပြသော ဖြစ်ရပ်၊ လောကထဲတွင် နစ်ဝင်မျောပါ ခံစားနေရ၏။ တစ်နည်းအားဖြင့်ဆိုရသော် စာရွက်၊ စက္ကူ၏ အရှိတရားကို မေ့လျော့ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ဤကား သာမန် ရေးရိုးရေးစဉ်ဝတ္ထုများတွင် ကျင့်သုံးသော သဘော။

ပို့စ်မော်ဒန်သမားတို့က ယင်းသဘောကို စံသွေလိုက်ကြ၏။

သူတို့က စာရွက်၊ စက္ကူ၏ အရှိတရားကို စာသားများ၏ အရှိတရားများနှင့် ရောထွေးပစ်လိုက်ကြသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် စာသားများကိုချည်းသက်သက် အာရုံစိုက်နေရာမှ စာရွက်၊ စက္ကူ အပေါ်ကိုပါ အာရုံစိုက်စေသည်။

ထို့ကြောင့် စာဖတ်သူအနေဖြင့် ၁။ ဝတ္ထုစာသားများကို ဖတ်ရာမှ ခံစားရသည့် အာရုံလောကနှင့် ၂။ စာရွက်၊ စက္ကူ (ဝါ) ရုပ်အရှိလောကတည်းဟူသော လောကနှစ်ခုကြား ဟိုဘက်အာရုံရောက်လိုက် သည်ဘက်အာရုံရောက်လိုက် ဖြစ်နေရပေသည်။ ယင်းသည်ပင်လျှင် ပို့စ်မော်ဒန်ဝတ္ထုတို့၏ ပင်မသဘောဖြစ်သည့် Ontological Flicker ဖြစ်သည်။

(Flicker အကြောင်း ရှေ့အခန်းစဉ်များတွင် အထပ်ထပ်ဖော်ပြခဲ့ပြီး)

ထိုသို့ စာရွက်၊ စက္ကူအပေါ် အာရုံစိုက်လာစေရန် ပို့စ်မော်ဒန်သမားတို့ အသုံးပြုသော နည်းဗျူဟာများကို ဖော်ပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com



၂(ည)၂း၁။ ။ အရောင်ရှိသော စာရွက်များ အသုံးပြုခြင်း
**(Coloured Pages)**

သာမာန်အားဖြင့် ဝတ္ထုများကို ရိုက်နှိပ်ဖော်ပြကြသည်မှာ စက္ကူ "အဖြူ" ၏ မျက်နှာပြင်ပေါ်တွင်သာဖြစ်သည်။ သို့သော် ပို့စ်မော်ဒန် သမားတို့က ထိုသဘောကို စံသွေလိုက်ကြ၏။ စာအုပ်ထဲတွင် စာမျက်နှာအလွတ်များ၊ အခြားအရောင်ရှိသော စာရွက်များကို ကြား ညှပ်ရိုက်ထည့်ပေးလိုက်ကြသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် (စာဖတ်သူက စာအုပ်ကို ဖတ်လာရင်း စာအုပ်ရှေ့ပိုင်းတစ်လျှောက်လုံးက) အစဉ်အဆက်စွဲလာခြင်း သဘောဆောင်သည့် "စာမျက်နှာအဖြူ" ပေါ်တွင် စာလုံးများ ရိုက်နှိပ်ထားခြင်းဆိုသည့် အာရုံစွဲနစ်မျောနေမှု ကို ဖြတ်တောက်ပစ်လိုက်သည်။ ထို့နောက် စက္ကူ၊ စာရွက်၏ သဘောဆီသို့ အာရုံပြောင်းလဲ ရောက်သွားလေသည်။

(ဤပုံစံအတွက် ဥပမာပေးရန် မြန်မာဝတ္ထု မရှိသေးပါ)

၂(ည) ၂း၂။ ။စာလုံးပုံစံများကို တိုးယိုးတားယား ရိုက်နှိပ်ဖော်ပြခြင်း
**(Distorted typography)**

ဤနည်းဗျူဟာတွင် ရိုက်နှိပ်သော စားလုံး၏ ပုံစံကို အမျိုးမျိုး ပြောင်းခြင်း၊ အရွယ်အစားကို အမျိုးမျိုးပြောင်းခြင်း၊ စာလုံးများကို



www.burmeseclassic.com

www.burmeseclassic.com



ရွှဲစောင်းစေခြင်း၊ ပုံပျက်စေခြင်း၊ စာတန်များကို ကွေ့ကောက်တွန့်လိမ်စေခြင်း စသော နည်းအမျိုးမျိုး ပါရှိပေသည်။ ဥပမာအဖြစ် သရဖူမဂ္ဂဇင်း အမှတ်(၃၀) စာမျက်နှာ(၁၂၀) ရှင်ဒေဝီ၏ ကျွန်မနှင့် အက်ဆစ်နှင်းစက်များ ဝတ္ထု နောက်ဆုံးစာပိုဒ်ကို ညွှန်းပါမည်။

ပုံတွင် ကြည့်ပါ။

| ကောလုံး | မျက်စိထဲ မြင်ယောင်သော လောက |
|---|---|
| ကျောင်း | • စာသင်ကျောင်းတစ်ခု၏ ဆိုင်းဘုတ်နှင့် အဆောက်အဦကြီး၊ အခန်းများ |
| ငှားပွင့် | • ပန်းပွင့်တစ်ပွင့်၏ ပွင့်ချပ်များ အားနေပုံ |
| တံစိမ့်စိမ့်သောက် | • ဖန်ခွက်၊ အရည်တစ်မျိုးမျိုးထည့်ထား၊ ပါးစပ်နား ဆောင်ထားပုံ |
| မှိုးဟု သော်ကာ | • လူတစ်ယောက် ဖဲချပ်များကို ကိုင်ထားပုံ လောင်းကြေးပိုက်ဆံ၊ ဖဲဝိုင်း |

## ၂(ည) ၂း၃။ ။သရုပ်ဖော်ပုံတို့၏ သဘောကို လွန်ဆန်ခြင်း (Anti Illustration)

သမားရိုးကျဝတ္ထုများတွင် အသုံးပြုသော သရုပ်ဖော်ပုံသည် ဝတ္ထုထဲတွင် ပါဝင်သော စာသား၏ ဖော်ပြချက် (လွယ်လွယ်ပြောရလျှင် ဇာတ်လမ်း)နှင့် လိုက်လျောညီထွေ ရှိ၏။ အဆက်အစပ်ပြု၏။



www.burmeseclassic.com

www.burmeseclassic.com



ပံ့ပိုး၏၊ ထိုသို့ ပံ့နှင့်စာ လိုက်လျောညီထွေရှိခြင်း၏ အကျိုးသက်ရောက်မှုသည် မည်သို့ရှိသနည်း။

သရုပ်ဖော်ပုံက စာသား (ဇာတ်လမ်း)၏ ခိုင်မာမှုကို ပို၍ အထောက်အကူ ဖြစ်စေ၏။ တစ်နည်းအားဖြင့် ပြောရလျှင် စာသား (ဇာတ်လမ်း)ကို ဖတ်ပြီး စာဖတ်သူက ရရှိခံစားနေသော အာရုံလောကကို ပိုမိုပီပြင်စေရန် ပံ့ပိုးပေး၏။ ထိုသို့အားဖြင့် စာသား(ဇာတ်လမ်း) ထဲတွင် နစ်မျောနေမှုကို (ပို၍ နစ်မျောစေရန်၊ ထိုအတိုင်း လိုက်ပါ စိတ်ကူးယဉ်ကောင်းစေရန်) အထောက်အကူ ပေးလေသည်။

ပို့စ်မော်ဒန်သမားတို့ကား ထိုသို့ စာသားသက်သက်ပေါ်တွင် အာရုံရောက်၊ နစ်မျောနေစေလိုသူများ မဟုတ်။ ထို့ကြောင့် စာသားများကပေးသော အာရုံလောကတည်ဆောက်မှုကို ပိုမိုခိုင်မာစေမည့် ဆီလျော်သောသရုပ်ဖော်ပုံများကို မသုံး။ စာသားများအပေါ် အာရုံရောက်လိုက်၊ စာရွက်၊ စက္ကူ၏ အရှိတရားအာရုံရောက်လိုက်နှင့် Flicker ဖြစ်နေစေလိုပေရာ ထိုစာသားများက တည်ဆောက်ပေးမည့် အာရုံလောကနှင့် မကိုက်ညီသော (ဝါ) ထိုအာရုံလောကနှင့် မကိုက်ညီသော (ဝါ) ထိုအာရုံလောကကို ဖျက်ပစ်မည့် အဆီအငေါ်မတည့်သော သရုပ်ဖော်ပုံများ (Irrelevant Illustrations) ကိုသာ အသုံးပြုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပြုလုပ်သောနည်းများစွာ ရှိသည်။ ဥပမာအားဖြင့် ဝတ္ထုနှင့် ဘာမျှမဆိုင်သော ဓာတ်ပုံများ ကပ်ထည့်ပေးလိုက်ခြင်း၊ လွန်ခဲ့သော နှစ်ပေါင်းများစွာမှ သရုပ်ဖော်ပန်းချီများ ထည့်သွင်းအသုံးပြုခြင်း၊ စာရွက်၊ စက္ကူ မဟုတ်သည့် အခြားပစ္စည်းများကို collage နည်း ဖြင့် ရောနှောပေါင်းစည်း သရုပ်ဖော်ခြင်း စသည်တို့ ပါဝင်၏။ ယင်းနည်းအားလုံးကို စုပေါင်းပြီး Anti-illustration ဟု ခေါ်လေသည်။

Brian Mchale ၏ စကားကို တိုက်ရိုက်ကိုးကား၍ ရှင်းရလျှင် Anti-Illustration ကြောင့် စကားလုံး၊ စာသားများနှင့် သရုပ်ဖော်ပုံတို့အကြား ဆက်သွယ်ချက် ပျောက်နေသည်။ စကားလုံး၊ စာသားဆိုသည်မှာလည်း မျက်စိဖြင့် မြင်ရသောပစ္စည်း၊ သရုပ်ဖော်ပုံဆိုသည်မှာလည်း မျက်စိဖြင့် မြင်ရသောပစ္စည်းဖြစ်ပေရာ ယင်းတို့နှစ်ခုအကြား ဆက်သွယ်ချက်ပျောက်နေခြင်းအားဖြင့် စာဖတ်သူကို "မြင်ခြင်းသဘောသက်သက်ဖြစ်မှု" ဆီသို့ အာရုံရောက်စေ၏။ တစ်ဆက်တည်းမှာပင် စာအုပ်၏ ပစ္စည်းထည်သဘော (Materiality) နှင့် သုံးဘက်ပမာဏရှိမှုသဘော (Three-Dimensionality) တို့ကို အာရုံပြုမိစေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂(ည)၂၄။ ။ ပုံသဏ္ဌာန်ဖွဲ့စကားလုံးဝါကျအပေါင်းစု (Concrete Prose)

Concrete Prose ဆိုသည်မှာ စာမျက်နှာပေါ်တွင် ချရေးထားသော စကားလုံးတို့ကို ရုပ်ပုံတစ်ခုပေါ်စေရန် အပေါင်းအစု ပြုထားခြင်းပင် ဖြစ်သည်။ ယင်းပုံစံတို့ကို အပိုလင်းနဲ့ (Apollinaire) ၏ Calligrammes များတွင် တွေ့ဖူးကြပြီး ဖြစ်ပေလိမ့်မည်။






www.burmeseclassic.com

www.burmeseclassic.com



## သစ်ပင်

အဲဒါဟာ

သစ်ပင်တစ်ပင် ဖြစ်တယ်

လူတွေလိုပဲ ဘာမှ မထူးဘူး

နေရာတစ်ခုမှာ အခြေတည်ကာ

မျိုးပွား ရှင်သန် ကြီးထွား လာခဲ့ပြီး

ရင့်အို ပျက်စီး သေဆုံး မသွားသေးခင်

အပွင့်တွေ ပွင့်၊ အသီးတွေ သီးဖို့

အသိ စိတ်ခေတ်တွေ အလိုအလျောက် ဝင်

အမြစ်တွေကို ဆန့်ထုတ်လို့

သူ့အနေနဲ့

သစ်

ပင်

တစ်

ပင်

အ

ဖြစ်

ကမ္ဘာမြေကြီးကို ခင်တွယ်စွာ ရုန်းကန်ကြိုးစားနေရှာ။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာကဗျာအနေနှင့် ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်၊ စာပေဂျာနယ်၊ အတွဲ (၃)၊ အမှတ် (၆)မှ မင်းထက်မောင်၏ သစ်ပင်ကဗျာကို ဥပမာပေးလိုက်ပါသည်။

ယင်းတို့သည် စကားလုံးတို့၏ အပေါင်းအစုကို ရုပ်ပုံ ဖြစ်ပေါ်လာစေရန် ဖွဲ့စည်းထားခြင်းများ ဖြစ်ကြသည်။ ထိုသို့ ဖွဲ့စည်းရာတွင် ဖော်ဆောင်ထားသော ရုပ်ပုံ (Icon) နှင့် စာသားတို့အကြား "ဆက်သွယ်ချက်" ရှိသည်။ ယင်း "ဆက်သွယ်ချက်ရှိသည်"ဆိုသော စကားသည် အလွန်အရေးကြီးပါသည်။ အထက်က Apolinaire ၏ ကဗျာတွင်

စာသားသည် "ငါ့နှလုံးသားဟာ ဇောက်ထိုးထားခံရတဲ့ မီးတောက်တစ်ခုနှယ်သာ" ဟု အဓိပ္ပာယ်ရသည်။ (နှလုံးသားအကြောင်းကို ဖွဲ့သည်) ရုပ်ပုံသည် နှလုံးသားတစ်ခု၏ ရုပ်ပုံဖြစ်သည်။ ထိုနည်းတူ ဆရာမင်းထက်မောင်၏ ကဗျာတွင် စာသားသည် သစ်ပင်တစ်ပင်၏ အကြောင်းကို ဖွဲ့သည်။ ရုပ်ပုံသည် သစ်ပင်တစ်ပင်၏ ရုပ်ပုံဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က အောက်ပါအတိုင်း ကောက်ချက်ချပါမည်။

၁။ ရုပ်ပုံသည် တကယ့်ဒြပ်ရှိပစ္စည်း (သစ်ပင်၊ နှလုံးသား စသည် တို့ကို) ပုံစံတူပုံထားသည်။



www.burmeseclassic.com

www.burmeseclassic.com



၂။ ထိုရုပ်ပုံသည် (သစ်ပင်အကြောင်း၊ နလုံးသားအကြောင်း ရေးထားသော) စာသားကို တင်စားမှု ဆန်ဆန် တန်ဆာဆင်ခြင်းဖြင့် အထောက်အပံ့ပေးသည်။

၃။ ယင်းကို စာဖတ်သူက ဖွင့်ဆိုရန် အခက်အခဲမရှိ။

ဤအချက်သုံးချက်ကား မော်ဒန်အရေးအသားဟု ခေါ်ရမည့် Concerate Prose တို့၏ သဘော။

ပို့စ်မော်ဒန်သမားတို့၏ Concerate Prose များကား ထိုမျှ လောက်နှင့် ကျေနပ်ရပ်တန့်မနေတော့။

ယင်းကို အထက်က ဖော်ပြခဲ့သည့် နံပါတ်စဉ်အတိုင်း ပြန် ပြောရမည်ဆိုလျှင်

၁။ မည်သည့် ဖြစ်ရှိပစ္စည်း၏ ပုံသဏ္ဌာန်ကိုမှ ပုံတူကူး တုပပုံ ဖော်ထားခြင်း မဟုတ်။ Free Form များ ဖြစ်ကြသည်။

၂။ ထို့ကြောင့် ထိုရုပ်ပုံသည် ရေးထားသော စာသားကို တိုက် ရိုက်ထပ်တူ တင်စားခြင်း၊ တန်ဆာဆင်ခြင်း မပြုလုပ်နိုင် အထောက် အပံ့မပေးနိုင်။ (စာသားကပါ Abstracts ဖြစ်ချင် ဖြစ်နေနိုင်ပေသေး သည်)။

၃။ စာဖတ်သူက ဖွင့်ဆိုရန် အခက်အခဲရှိသည်။

ယင်းကို့တွင် "ကိုယ်ပိုင်တည်ရှိမှုသက်သက် (Own Existen-



www.burmeseclassic.com

www.burmeseclassic.com



ထ)"မှလွဲ၍ ဘာဆက်သွယ်ချက်ကိုမှ တွေ့ရမည် မဟုတ်ချေ။

ပို့စ်မော်ဒန် Concrete Prose တို့၏ တစ်ခုတည်းသော လုပ်ဆောက်ချက်သည် Ontological cut အပေါ် အာရုံစိုက်မိစေရန်ပင် ဖြစ်သည်။ Ontological cut ဆိုသည်မှာ စာလုံး၊ စာသားများက တည်ဆောက်ပေးသော လောက (အရှိတရား)က သပ်သပ်၊ စာမျက်နှာ၊ စာရွက်ပေါ်ရှိ ခဲတံရာ၊ မင်ရာ၊ ရုပ်ပုံများ၏ ရုပ်ပိုင်းဆိုင်ရာ ပကတိ (အရှိတရား)က သပ်သပ် ခွဲခြမ်းမှုကို ဆိုလိုပါသည်။

ယခု ပို့စ်မော်ဒန်သမားများ၏ Concrete prose အချို့ကို နမူနာ ပြပါမည်။

ပုံ (၁) အညွှန်း

Brooke rose ၏ Thru ဝတ္ထု (Hamish hamilton စာအုပ်ထုတ်ဝေရေး London ၁၉၇၅) တွင် ကြည့်ပါ။

ဤပုံတွင် ၁။ ဘယ်မှညာသို့ အလျားလိုက် ရိုးရိုးဝါကျ ရေးသည့်အတိုင်း ဖွဲ့စည်းမှု

၂။ လှိုင်းဂယက်များ ခွဲဖြာခုံးထနေသလို ဖြစ်နေသည့် ဖွဲ့စည်းမှု။

ဟူ၍ နှစ်ရပ်ပါရှိသည်ကို သတိပြုပါ။ ယင်းဝတ္ထု၏ ရှေ့ပိုင်းစာမျက်နှာများတွင် ဖွဲ့စည်းပုံ (၁) အတိုင်း ဖွဲ့စည်းထားရာမှ နောင်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်း တစ်ဖြည်းဖြည်း ဖွံ့စည်းပုံ (၂)အဖြစ်သို့ ပြောင်းလာခြင်း ဖြစ်သည်။




ပုံ (၂) အညွှန်း

Ronald Sukenick ၏ Long Talking bad Conditions Blues ဝတ္ထု (ဝတ္ထုစုစည်းထုတ်ဝေရေး New York၊ ၁၉၇၉) စာမျက်နှာ (၂၂)မှ

ဤပုံတွင် ကွက်လပ်ဖြစ်နေသော နေရာများသည် "နှင်းမုန်တိုင်း ကျနေခြင်း"ကို ရည်ညွှန်းပြီး စာပိုဒ်အထားအသို တစ်ခုလုံးသည် မြို့တစ်မြို့၏ ဒေသရှုခင်းဖြစ်သည်ဟု ဆိုပါသည်။



ငါတို့မှ

www.burmeseclassic.com

www.burmeseclassic.com



ပုံ (၃) အညွှန်း

Raymond Federman ၏ Take it or leave it ဝတ္ထု (ဝတ္ထုစုစည်းထုတ်ဝေရေး New york၊ ၁၉၇၆) အခန်း XVI

မှတ်ချက် ။ ။ ထိုစာအုပ်တွင် စာမျက်နှာ နံပါတ်တပ်ထားခြင်း မရှိပါ။

ဤပုံ၏ ထူးခြားချက်မှာ မျဉ်းကြောင်းများ စာလုံးများဖြင့် ပုံဖော်ထားခြင်း မဟုတ်။ အစက်များသာ ချထားခြင်း ဖြစ်သည်။ ပါးစပ်က ထုတ်ပြောပြ၍ မရနိုင်သော ခံစားချက် ဖြစ်သည်ဟု ယူရပေမည်။ တစ်နည်းအားဖြင့် ပြောရလျှင် စိတ်ကူးထည် Idea ကို အလေးအနက်ထားသော Conceptual art ဆန်ပေသည်။ ထို့ကြောင့် ဤနေရာတွင် အစက်များဖြင့် ဖော်ထားသည့် ပုံတို့သည် နာဇီတံဆိပ်ပုံ လက်ဝါးကပ်တိုင်ပုံတို့ကို ပီပီပြင်ပြင် မြင်ရစေခြင်းကြောင့် တိုက်ရိုက် ထပ်တူကူးထားသည့် ပုံများဖြစ်ကြသည်ဟု ပြော၍ မရချေ။ စာရေးသူက ဘာကြောင့် စာလုံးများကို ထည့်သွင်းမဖော်ပြထားသလဲ ဟူသည့် Idea ကို အလေးပေးစဉ်းစားရမည် ဖြစ်သည်။

တစ်နည်းအားဖြင့် ပြောရလျှင် ရှေ့က ဖော်ပြခဲ့သော အပိုလင်းနဲ့ (Apollinaire) တို့၊ ဆရာမင်းသက်မောင်တို့၏ ကဗျာများကဲ့သို့ ဖော်ပြခဲ့လိုသော ပုံကို တိုက်ရိုက်ပုံတူ ဖော်ပြထားသည် (ဝါ)



www.burmeseclassic.com

www.burmeseclassic.com



Free form မဖြစ်ဟု ပြော၍ မရပါချေ။ ဤပုံကို ကောက်ချက်ချရလျှင်

ရုပ်ပုံ- ဒေးဗစ်ကြယ်၊ လက်ဝါးကပ်တိုင်၊ နာဇီတံဆိပ်

စာသား- ဘာမှ မဖော်ပြထား

ဟူ၍သာ ရမည်ဖြစ်သည်။ ရုပ်ပုံကို ပံ့ပိုးပေးထားသော စာသားမရှိ။ Idea သာလျှင် ရှိပေမည်။ ထို့ကြောင့် ယင်းကို Free form ဟု သတ်မှတ်ပြီး ပို့စ်မော်ဒန် အမျိုးအစားထဲ ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

ဤနေရာတွင် Idea နှင့် ပတ်သက်၍ အနည်းငယ် ပြောလိုပါသည်။ စာသား၊ စကားလုံးများ မပါပဲ အစက်များသာ ချထားခြင်းသည် "စကားအားဖြင့် ထုတ်ဖော်ပြောဆိုရန် မတတ်သာသော ခံစားမှု"ဟု ကျွန်တော် ရှေ့က ပြောခဲ့ပြီး ဖြစ်သည်။ ရုပ်ပုံများကို ကြည့်လိုက်သောအခါတွင်လည်း နာဇီ၊ ဂျူးလူမျိုး၊ သေခြင်းဟူသော စိတ်ကူးထည်ကို တွေ့ရသည်။ ဤတွင် နာဇီတို့က ဂျူးတို့ကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်းအကြောင်းက ခေါင်းထဲဝင်လာပြီဖြစ်သည်။ ထို အကြောင်းများကို ပြန်ပြောပြနေသူက စာရေးဆရာ။ လူပေါင်းများစွာ အစုလိုက်၊ အပြုံလိုက် အသတ်ခံနေရသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့ကြုံခဲ့ရသူတစ်ယောက်က ထိုအကြောင်းကို ပြန်ပြောပြနေသည်ဟု စိတ်ကူးကြည့်ပါ။ သူက မည်သည့်



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးမျိုးကို သုံးပြီး ပြန်ပြောရမည်နည်း။ သူကိုယ်တိုင်တောင်မှ (ထိုအစုလိုက် အပြုံလိုက် လူသတ်ပွဲမှ) ကံကောင်းထောက်မလွန်းစွာ လွတ်မြောက်လာသူတစ်ယောက်က သူ၏ ခြောက်ချားဖွယ် အတွေ့ အကြုံကို ပြန်လည်ဖော်ပြရန် မည်သည့် စကားလုံးကို သုံးနိုင်ပါ မည်နည်း။

ပုံ (၄) အညွန်း

**Raymond federman ၏ Double or Nothing** ဝတ္ထု

(မျှလွှားစာအုပ်တိုက်ထုတ် **Chicago** ၁၉၇၁) စာမျက်နှာ (၁၃၈)။

အထက်ပါ ပုံ (၄)ကား ဘာပုံကိုမှ သရုပ်ဖော်နေခြင်း မဟုတ် လုံးဝ **Abstract** ဖြစ်သည်။

(လေးထောင့်ပုံ၊ စက်ဝိုင်းပုံ၊ တစ်ခုနှင့်တစ်ခု ဖြတ်ပိုင်းနေသော ပုံ၊ လှာသွားပုံ၊ အထက်ကား အလယ်သိမ် အောက်ကားပုံ၊ အပေါက် ကျဉ်းပုံ စသော ဂျီသြမေတြီဆန်သည့် ပုံများ အကြောင်းကိုမှ စာမျက်နှာ အနေအထားအရ ချန်လှပ်ခဲ့ပါသည်။ နောင် အလျဉ်း သင့်သောအခါ သီးခြားဆောင်းပါးများဖြင့် တင်ပြပါမည်)

ယခု ပုံသည် **Abstract** ဖြစ်သလို "စာသားများကိုလည်း ပုံသေ နေစ်မဲ့စွာ စီစဉ်ထားသည်"ကို တွေ့ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ပုံသေစနစ်မဲ့ခြင်း ဆိုသည်မှာ ထိုစာသားများတွင် ဘယ်မှ ညာသို့ ဖတ်ရသော စာကြောင်းများပါသလို ညာမှဘယ်သို့ ပြန်ဖတ်ရသော စာကြောင်းများလည်းပါသည်။ ထို့ပြင် အလျားလိုက်ဖတ်ရသော စာကြောင်းများအပြင် ဒေါင်းရှိဖတ်ရသော စာကြောင်းများလည်းပါသည်။ အထက်မှအောက်သို့ ဖတ်ရသော စာကြောင်းများအပြင် အောက်မှအထက်သို့ ပြန်ဆန်ဖတ်ရသော စာကြောင်းများလည်းပါပေသည်။

တစ်ခုလုံးကို ခြုံကြည့်လိုက်လျှင်လည်း ထိုစာကြောင်း၊ စာလုံးများကို စုစည်းစီစဉ်ထားပုံသည် တစ်စုံတစ်ရာသော ရုပ်လုံးအဖြစ် အခိုင်အတည်ရှိမနေ။ ဘာပုံဟု အတပ်ပြော၍မရ။ (Abstract ဖြစ်သည်ဟု အထက်ကပြောခဲ့ပြီး) ထိုသို့ဆိုလျှင် ဤပုံနှင့် စာသားများသည် ဘာအကြောင်းကို ပြောနေကြသနည်း။ ဤကိစ္စကို နှုတ်ဖြင့်၊ စာဖြင့် အကျယ်တဝင့် ရှင်းပြနေခြင်းထက် ကိုယ်တိုင်ခံစားကြည့်ခြင်းက ပို၍ ခရီးရောက်မည်ဟု ထင်ပါသည်။ ထို့ကြောင့် (ဘာသာစကား၏ ဝါစကပုဒ်အထားအသိုသဘောကြောင့် မူရင်းပုံစံအတိုင်း အပြည့်အဝ မပေးနိုင်စေကာမူ သဘောကို ခန့်မှန်းသိသာနိုင်ရုံမျှ ကြိုးစားတင်ပြလိုက်ပါသည်။ ခံစားကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com


၂၉၂။ ၅။ ။ စာရွက်အဖြူသား တွက်လပ်ချန်ခြင်း။

ပုံမှန်အားဖြင့် စာရွက်၊ စာမျက်နှာသည် စတုဂံပုံပြင်ညီဖြစ်၏။ ထို့ကြောင့် ထိုစာမျက်နှာပေါ်တွင် (သမားရိုးကျ ရိုက်နှိပ်ဖော်ပြထားသည့်) စကားလုံးတို့၏ အပေါင်းအစုဖွဲ့ပုံသည်လည်း စတုဂံပုံပင် ဖြစ် နေရတော့သည်။

စဉ်းစားကြည့်ပါ။ စာမျက်နှာ လက်ဝဲဖက်မှ စတင်၍ ရေးသား ရိုက်နှိပ်သွားသော စာလုံး၊ စာကြောင်းသည် လက်ယာဘက် စာမျက်နှာအစွန်တွင် အဆုံးသတ်သည်။ နောက်တစ်ကြိမ် လက်ဝဲဘက်မှ ပြန်စ၊ လက်ယာဘက်တွင် ဆုံး။ ဤနည်းအားဖြင့် တောက်လျှောက် ရိုက်နှိပ်ရေးသားဖော်ပြသွားခြင်းကြောင့် (အထက်က စာပိုဒ်အဆုံးသတ်နှင့်အောက်က ပြန်စသော စာပိုဒ်တို့အကြား ကွက်လပ်ဖြစ်ခြင်းမှအပ) စာလုံးစာကြောင်းတို့၏ စာမျက်နှာတစ်ပြင်လုံး ဖွဲ့စည်းပုံသည် စတုဂံပုံဖြစ်နေလေသည်။

ဘာကြောင့် ဖြစ်ရသနည်း။

အဖြေက ရှင်းပါသည်။ စက္ကူစာရွက်၏ သဘောကိုက စတုဂံပုံဖြစ်နေခြင်းကြောင့်ပင်။ ထို့ကြောင့် သမားရိုးကျဖွဲ့စည်းထားသည့် စာလုံး၊ စာကြောင်းတို့၏ စတုဂံပုံဖြစ်ခြင်း သဘာဝသည် (မူရင်း) အောက်ခံ စက္ကူ၊ စာရွက်၏ သဘာဝကို မှီ၍ဖြစ်သည် (ဝါ) စာလုံး



www.burmeseclassic.com

www.burmeseclassic.com



စာကြောင်းတို့၏ စတုဂံဖွဲ့စည်းပုံသည် မွေးစားသဘာဝ (Second Nature) ဖြစ်သည်။

သည်နေရာတွင် ပို့စ်မော်ဒန်သမားတို့၏ ကိစ္စဝင်လာသည်။

(က) ထိုမွေးစားသဘာဝသည် (မူရင်း) အောက်ခံစက္ကူ စာရွက်၏ အရှိအတိုင်း သဘာဝနှင့် မကွဲမပြား၊ မသိမသာရောဝင်နေသည်။

(ခ) ထိုသို့ စီစဉ်ထားခြင်းသည် ရှေးအစဉ်အဆက် သမားရိုးကျ ဝတ္ထုစာသားစီစဉ်ပုံ ဖြစ်နေခြင်းကြောင့် စာဖတ်သူက ကျင့်သားရနေသည်။ ထို့ကြောင့် ထိုအပေါ်တွင် အထူးတလည် အာရုံစိုက်နေရန် မလိုတော့ဘဲ၊ စာသားများက ဘာပြောသလဲဆိုသည့် အချက်ပေါ်တွင် အာရုံစိုက်၍ရသည်။ တစ်နည်းအားဖြင့် ပြောရလျှင် ဝတ္ထုစာသားများက ပေးမည့် အာရုံလောကကို တည်ဆောက်ရန် လွယ်ကူသည်။

ပို့စ်မော်ဒန်သမားတို့က အထက်ပါအချက်နှစ်ချက်စလုံးကို စံသွေလိုကြသည်။

သူတို့ ဘာလုပ်ကြမည်နည်း။

သူတို့က သူတို့ရေးသားသော ဝတ္ထုများအတွင်း (စာသားတောက်လျှောက်၊ စာကြောင်းလိုက်၊ အပိုဒ်လိုက် အပြည့်ရိုက်နှိပ်ရေးသားဖော်ပြခြင်း မပြုတော့ဘဲ) အဖြူသား ကွက်လပ်များ ချန်လှပ်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်နှိပ်ကြလေသည်။

ထိုသို့ အဖြူသားကွက်လပ်များ ချန်လှပ်ရာတွင်လည်း

၁။ စာပိုဒ်၏ အလယ်မှ အပေါက်ဖောက်ထားသလို ကွက်၍ ချန်ခြင်း။

၂။ စာပိုဒ်၏ ထောင့်တစ်ထောင့် (သို့မဟုတ်) အစိတ်အပိုင်း တစ်နေရာကို ကွက်၍ချန်ခြင်း။

၃။ စာပိုဒ်၏ ဘေးဘယ်ညာနှစ်ဖက်ကို (သို့မဟုတ်) တစ်ဘက် ဘက်ကို ကွက်၍ချန်ခြင်း။

(ဤပုံစံ ပြုလုပ်လိုက်ခြင်းအားဖြင့် စာကြောင်းများ အထက် အောက် ထပ်စီထားပုံသည် ကဗျာဖွဲ့စည်းပုံနှင့် မတူသွားဖူးလားဟု မေးစရာရှိလာသည်။ မတူသည်လည်း ရှိသည်၊ ရံဖန်ရံခါ တူသွား သည်လည်း ရှိသည်။ စင်စစ် ကဗျာတည်းဟူသော သတ်မှတ်ချက်၊ စကားပြေတည်းဟူသော သတ်မှတ်ချက်။ သတ်မှတ်ချက် "အသေ" မှန်သမျှကို ဖြိုချရန် အသင့်ဖြစ်နေသော ပို့စ်မော်ဒန်သမားတို့ အတွက် ဤမေးခွန်း မလိုအပ်ပါ)။

၄။ စာပိုဒ်၏ အထက်၊ အောက်နှစ်ခြမ်း (သို့မဟုတ်) တစ်ခြမ်း ခြမ်းကို ကွက်၍ချန်လှပ်ခြင်း။

စသည့် နည်းများအပါအဝင် အမျိုးမျိုးရှိကြသည်။ (ဖခု ဖော်



www.burmeseclassic.com

www.burmeseclassic.com



ပြရာတွင် ချန်လှပ်သည့် အနားသတ်မျဉ်းကို မျဉ်းမတ်ဆွဲ၍ လေးထောင့်ပုံ၊ တြိဂံပုံ စသည်ဖြင့် အလွယ်ပြခဲ့ရသော်လည်း တကယ်တမ်းတွင် စက်ဝိုင်းပုံ ချန်လှပ်ခြင်း၊ စက်ဝိုင်းခြမ်းပုံ ချန်လှပ်ခြင်း၊ ကြယ်ပုံ ချန်လှပ်ခြင်း အနားသတ်မျဉ်းကို ကွေ့ကွေ့ကောက်ကောက် ပြုလုပ်၍ ချန်လှပ်ခြင်း စသဖြင့်လည်း အမျိုးမျိုး ပြုလုပ်ကြပါသေးသည်)။

ဥပမာအဖြစ် ပြောရမည်ဆိုလျှင် သရဖူမဂ္ဂဇင်း အမှတ် (၂၈) စာမျက်နှာ (၁၁၈) ပါ ရှင်ဒေဝီ၏ ပြတင်းပေါက် မရှိတဲ့ ကောင်မလေး ဝတ္ထုကို ညွှန်းလိုပါသည်။ ယင်းဝတ္ထုတွင် စာမျက်နှာအလယ်၌ လေးထောင့်အဖြူကွက် ချန်ရစ်ထားသည်ကို တွေ့နိုင်ပါသည်။ (ယခုပြ ပုံစံ (၁) အတိုင်း)

ရှေ့က ပြောခဲ့ပြီးသော အချက်အလက် (က) နှင့် (ခ) ကိုပင် ပြန်လည်ရည်ညွှန်းပြီး ပြောရလျှင် ပို့စ်မော်ဒန်သမားတို့၏ စာရွက်အဖြူသား ကွက်လပ်ချန်ခြင်း နည်းဗျူဟာသည်. . .

(က) စကားလုံး၊ စာသားဖွဲ့စည်းတည်ဆောက်ပုံနှင့် ရောပြွမ်းထားခြင်း ခံနေရသော စာရွက်၊ စက္ကူ၏ ရုပ်ဖြပ်သဘောနှင့် တည်ရှိပုံကို စံသွေသည်။

(ခ) စကားလုံး စာသားများကို ဖတ်ပြီး အာရုံလောက တည်ဆောက်မှု ဖြစ်စဉ်ကို ဖျက်ပစ်သည်။ အနှောင့်အယှက်ပေးသည်၊

ငါတို့မှ

www.burmeseclassic.com

www.burmeseclassic.com



(စာသား. . . အာရုံလောကဟူသော တည်ဆောက်မှုဖြစ်စဉ်ကို ဖျက်ပစ်ရန် ကြိုးပမ်းသည့် ပို့စ်မော်ဒန်သမားတို့၏ အခြားသော နည်းဗျူဟာမျိုးစုံကိုလည်း ဤစာတမ်း၏ရှေ့ပိုင်းတွင် ကျွန်တော် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ပြန်လည်ဆက်စပ်ဖတ်ရှုပါရန်။)

* * *

င်ဝေတယ် ——————————

www.burmeseclassic.com

www.burmeseclassic.com

## လွန်မြောက်ခြင်းအနုပညာ (ANTI- ART)

ရှေ့က ပို့စ်မော်ဒန်အနုပညာအကြောင်း တွေးရင်း ကျွန်
ဆက်၍ တွေးမိသည်များကို တင်ပြပါမည်။ ပို့စ်မော်ဒန်အနု
တွင် ၁/ကိုယ်စားပြုမှုကို ဆန့်ကျင်ခြင်း၊ ၂/စကားလုံးမှ
တည်ဆောက်မှုကို ဆန့်ကျင်ခြင်း၊ ၃/စဉ်ဆက်ကျမှုကို ဆန့်
ခြင်း ၄/ဆင်ခြင်မှုကို ဆန့်ကျင်ခြင်း ၅/Identification ကို ဆန့်
ခြင်း စသော သဘောတို့ကို တွေ့ခဲ့ရပြီ။ သူတို့ ဘာကြောင့်
ဆန့်ကျင်ကြသနည်း??? အဖြေကား ရှင်းရှင်းလေးပင်။ ယ
ဟောင်း၊ စည်းဘောင်ဟောင်းများကို ရိုက်ချိုး၍ လွင်ပြင်ကျယ်
ဖန်တီးခြင်းပင်။ တစ်နည်းအားဖြင့် ပြောရလျှင် အနုပညာ

www.burmeseclassic.com

www.burmeseclassic.com



နိမိတ်ကို အကန့်အသတ် အစည်းအခြားမရှိ ကျယ်ပြန့်စေခြင်းပင်။

ထပ်၍ စဉ်းစားပါမည်။ ယခု အနုပညာလွင်ပြင်ကျယ်ကြီးကို တပြန့်တပျော မြင်နေကြရပြီ။ သည်အတိုင်း ရပ်နေရမည်လား??? ရပ်မနေနိုင်ပါ။ မိုးကုတ်စက်ဝိုင်းဆီသို့ သွားကြမည်။ အနုပညာတည်းဟူသော 'နာမပညတ်' ဖြင့် ပိုင်းခြားထားခြင်း ခံရသော နောက်ဆုံးစည်းအထိ ရောက်အောင် သွားမည်။ ထို နောက်ဆုံးစည်းကိုပါ ရိုက်ချက် ဖွင့်လှစ်ပစ်လိုက်ကြမည်။ ဟိုးတစ်ဖက်ထိ လွန်၍ သွားကြမည်။ ထိုအခါ အနုပညာသည် နယ်နိမိတ် အကန့်အသတ်(လုံး၀) မရှိစွာ လွတ်လပ်လှပသွားပေလိမ့်မည်။

အနုပညာ မိုးကုတ်စက်ဝိုင်း၏ ဟိုဘက်အလွန်တွင် ဘာရှိသနည်း???

အနုပညာ (Art) ကို လွန်မြောက်ခြင်းတွင် (Anti-Art) ကို တွေ့ပါမည်။ ကျွန်တော်က ယင်းကို လွတ်မြောက်ခြင်း အနုပညာဟု အညွှန်းပေးထားပါသည်။ Anti ဆိုသော စကားလုံးလောက်ကို ကြည့်ပြီး သရဲတစ္ဆေကို မြင်ရသလို ကြောက်ရွံ့တတ်သူများ၊ ဒင်းတို့ကတော့ အနုပညာကို ချိုးဖဲ့ ခြေဖျက်ဆီးကြတော့မှာပဲဟု စိုးရိမ်တကြီး ဟောတ်မဟတ် စကားတင်း ဆိုမည့်သူများ ကျွန်တော်တို့နှင့်အတူ လိုက်လာပါလျှင်လည်း ကိစ္စမရှိပါ။ ကျွန်တော်တို့ ရိုးသားမှု လေ့



www.burmeseclassic.com

www.burmeseclassic.com


တစ်စင်းဖြင့် ကျိုးကျိုးနွံနွံပင် ခရီးဆက်နိုင်ပါမည်။

သံလိုက်တုံး တစ်တုံးတွင် တောင် နှင့် မြောက် ဟူသည့် ဆန့်ကျင်ဘက် ဝင်ရိုးစွန်း နှစ်ခုပါသည်ဟု နားလည်ထားကြသည်။ မှန်လည်း မှန်သည်။ သို့သော် ထိုတောင်ဘက်စွန်းနှင့် မြောက်ဘက်စွန်းတို့ကို တသီးတခြားစီ ဖြစ်စေရန် သံလိုက်တုံး၏ အလယ်မှ ပိုင်းကြည့်ပါ။ ရလာသော အပိုင်းနှစ်ပိုင်းမှ တစ်ပိုင်းစီတိုင်းတွင်ပင် တောင်ဘက်စွန်းနှင့် မြောက်ဘက်စွန်းများ ဆက်လက်ပူးတွဲ ဖြစ်ပေါ်နေလိမ့်ဦးမည်။ မည်သို့မျှ ပိုင်းဖြတ်ဖယ်ထုတ်ပစ်၍ ရမည်မဟုတ်။

အနုပညာရှိနေသရွေ့လည်း ထိုအနုပညာ၏ အနားသတ်စည်းကို ကျော်လွန်ရန် ရွက်လွှင့်မည့်သူများ ထာဝရရှိနေမည်မှာ အလွန်သေချာသော ကိစ္စတစ်ရပ် ဖြစ်ပေသည်။

မင်းခိုက်စိုးစန်
၁၉၉၇၊ သကြန်



www.burmeseclassic.com